www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

" ဟဲ့ ခင်ဖုန်း... ဆွမ်းချိုင့် ပို့ပေးဦးလေ... ခုလောက်သွားမှ အနေတော်ကျမှာ..."

မမခင်း အော်နေပြီမို့ ဆွမ်းချိုင့်ကို ယူပြီး ဘုန်းဘုန်းကျောင်းဘက် ရောက်ခဲ့ပါပြီ...။ ပညာလက်ာရကျောင်းရဲ့ ကျောင်းထိုင် ဘုန်းဘုန်းက ခင်ဖုန်းရဲ့ ယောက်မ မမဝင်းရဲ့ ဘကြီးတော်ပါတယ်...။ ဘုန်းဘုန်းကျောင်းကို မမဝင်းက အစ်ကိုအောင့် မွေးနေ့ တနင်္ဂနွေနေ့နဲ့ သူ့မွေးနေ့ ဗုဒ္ဓဟူးနေ့တွေမှာ ဆွမ်းချိုင့် အမြဲပို့ပါတယ်...။

ကျန်တဲ့နေ့တွေတော့ ကပ္ပိယကြီး ဦးလူလုက ဆွမ်းလာယူပါတယ်။

" ဦးလေး ဦးလူလု... ဦးလေး ဦးလူလု..."

ကျောင်းပေါ်မှာ တစ်ယောက်ဆို တစ်ယောက်မှ မရှိလို့ အသံကျယ်ကျယ်နှင့် ခေါ်မိပါပြီ။

" အော်... ခင်ဖုန်းဆင့်ပါလား... ဆွမ်းချိုင့်လာပို့တာလား... ဘုန်းဘုန်း မရှိဘူး... ကွက်သစ်ထဲက ဆွမ်းစားပင့်လို့ ကြွသွားတယ်... ဆွမ်းချိုင့် လှယ်လိုက်ဦးမယ် စောင့်နေဦး"

ဦးလေး ဦးလူလု ဆွမ်းချိုင့် ယူသွားတဲ့ အချိန်မှာ... ကျောင်းဝရန်တာကနေ ဟိုဒီငေးမိတာ...။ မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းဆီ ခင်ဖုန်းဆင့် အကြည့်တွေ ရောက်သွားခဲ့ပါတယ်…။

ရေတွင်းမှာ လူတစ်ယောက် ရေငင်နေပါလား…။

ဒီဘက်ကို လှည့်နေတာမို့ အဲဒီလူရဲ့ မျက်နှာကို ပီပီပြင်ပြင် မြင်နေရပါတယ်…။

ယောက်ျားလေးသာဆို… အသားဖြူဖြူမှာ မျက်ခုံးနက်နက်တွေက ထင်းနေတာပါလား…။ ဒီလူနှယ် မျက်ခုံးကောင်းကောင်းလေးကြောင့် ပိုကြည့်ကောင်းနေတာ…။ အဲဒီလူက ရေငင်ပြီးတော့ ပုံးထဲကို ရေထည့်လိုက်တဲ့အချိန်မှာ… ရေပုံးကို လာဆွဲယူပါပြီ…။

"ဟယ်…"

ရေပုံးကို ဆွဲပြီး ဦးဇင်းနဲ့ ကိုရင်တွေ ရေချိုးသည့် အုတ်ကန်ဆီ ယူသွားတာကို ကြည့်ပြီး ခင်ဖုန်းဆင့် ပြုံးမိတာပါ…။

"ခင်ဖုန်းဆင့်က မျောက်ညိုလေးကို သဘောကျနေပုံရတယ်"

"ဦးလေး မျောက်ကလေးတစ်ကောင် ရောက်လာပြန်ပြီနော်… သိပ်လိမ္မာတာပဲ…"

"ရေဆွဲနေတာက ဦးလေး အစ်မဝမ်းကွဲက မွေးတဲ့တူလေးလေ… သူက မြို့သာမှာ နေတယ်… မြို့သာဆိုတာကလည်း တောင်ညိုမြိုင်းရဲ့ အခြေမှာဆိုတော့ သားရဲတိရစ္ဆာန်တွေနဲ့ နီးစပ်တာပေါ့… သူက သူများသတ်တော့မယ့် မျောက်ကလေးတွေ ဒေါင်းကလေးတွေ မြင်ရင် ဝယ်လာရော… ခင်ဖုန်းဆင့် မှတ်မိမလား ခင်ဖုန်းဆင့်တို့ ငါးတန်း ခြောက်တန်း



လောက်က မျောက်ကလေး ဖော်ပျံလေ…"

"မှတ်မိပါတယ် ဦးလေး… အဲဒီ ဖော်ပျံဆိုတဲ့ မျောက်ကလေးလည်း ခုလိုပဲ ရေဆွဲ ရေငင်နဲ့ လိမ္မာတယ်နော်… ကျောင်းမှာ နှစ်နှစ်လောက် နေပြီးမှ သေသွားရှာတာ… ခင်ဖုန်း မှတ်မိပါတယ် သူ့အတွက်တောင် ပဲလှော် ယူယူလာပေးဖူးတာ…"

"ဖော်ပျံတုန်းကလည်း မင်းမင်းပဲ ယူလာတာ… ဒီကလေးက အသတ်ခံရမယ့် တိရစ္ဆာန်လေးတွေ မြင်ရင် ဝယ်ခဲ့ရော သူတို့ခြံထဲမှာလည်း အကောင် တော်တော်စုံစုံ ရှိတယ်တဲ့"

"ဟုတ်လား ဦးလေး…"

ဒါဆို ဒီကောင်လေးက လူ့ကလေးလှသလို စိတ်ကလေးလည်း လှတယ်လို့ ဆိုတာပေါ့လေ…။ သူကတော့ ခင်ဖုန်းဆင့်ကို မမြင်ပါပဲ ရေတွေပဲ ကောင်းကောင်း ငင်နေသမျှ မျောက်ကလေးကလည်း ဆွဲသလား မပြောနဲ့။ သူတို့ တက်ညီလက်ညီ ရေဆွဲနေပုံက သဘောကျစရာ ကောင်းလိုက် တာ။

"မင်းမင်း မြို့သာကနေ ငှက်ပျောတစ်ခိုင် ပါလာတယ်… ဆွမ်းကပ်ပြီးပြီ… မောင်အောင်တို့ မဝင်းတို့ အတွက် ငှက်ပျောတစ်ဖီး ယူသွားဦး…"

"သူ့နာမည် မင်းမင်းတဲ့လား…"

မေးသာ မေးရတယ်…။ ရှက်ရွံ့မိ သလိုလို… ကောင်မလေး တစ်ယောက်လည်း ဖြစ်တယ်… ပြီးတော့ ကျောင်းဆရာမလေး တစ်ယောက်လေ…။ ဒီထက်လည်း ပိုပြီး ဘာမှလည်း မမေးရဲတော့ပါဘူး…။ ငှက်ပျောဖီးလေး ယူပြီးသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ရပါတော့တယ်...။

အိမ်ပြန်ရောက်တော့ မမဝင်းကို ဦးလေး ဦးလှုလှု ပေးလိုက်တဲ့ ငှက်ပျောဖီးကို ပေးရင်းမှ ပြောပြလိုက်တာပေါ့...။ ဦးလေး ဦးလှုလှုတူ မင်းမင်းဆိုတာ မြို့သာက ယူလာလို့တဲ့...။

" ဟဲ့... မင်းမင်း ရောက်နေတာလား... မမညီတို့ရော နေကောင်းကြရဲ့လား မသိဘူး... မင်းမင်းအစ်မ မစိုးနွယ်နဲ့ မမဝင်းက သူငယ်ချင်းတွေ သူတို့အမေ ဒေါ်လေးမှုံက နာမည်နဲ့ လိုက်အောင် မှုံနေအောင် လှတာဟဲ့... ဒေါ်လေးမှုံက ချော... ဦးလေးသော်က ခန့်နဲ့ မွေးထားတဲ့ သားသမီး လေးယောက်လုံး အချောအလှချည်း... မင်းမင်းလေးများ ဖြူပြီး ချောနေတာ... ဒေါ်လေးမှုံက အငယ်ဆုံးလည်းဖြစ်... တစ်ဦးတည်းသော သားလေးလည်း ဖြစ်လေတော့ ရန်ကုန် တက္ကသိုလ်ထိ သွားတက်ခိုင်းတာ... ဘွဲ့ရပြီး ပြန်လာတာ ဘာကြာသေးလဲ... မင်းမင်းနဲ့ ခင်ဖုန်း တစ်နှစ်ထဲလောက် အတူအောင်တာ နေမှာ... ကောင်လေး ဘာအလုပ်များ လုပ်နေပါလိမ့် မတွေ့ရတာ ကြာပြီ... မမဝင်းကလည်း နှင့်အစ်ကိုနဲ့ အိမ်ထောင်ကျပြီး ဒီကို ပြောင်းလာကတည်းကဆို လေးငါးနှစ် ရှိရောပေါ့..."

မမဝင်း ပြောမှ ပိုပြီး ပြည့်စုံသလောက် သိရတာပါလား...။ သူတို့က မင်းမင်းလို့ ခေါ်ပေမယ့် ခင်ဖုန်းနဲ့ကတော့ အသက်အတူတူလောက်ပဲ ရှိမယ် ထင်ပါတယ်...။ ဒါဟာ သူနဲ့ ခင်ဖုန်းတို့ရဲ့ ပထမဦးစ တွေ့ဖူးခြင်းပါပဲ...။

◆

" ခင်ဖုန်း... ကျောင်းအဆင်း ငါနဲ့ ဘုရားလိုက်ခဲ့ ပေးပါဦးဟယ်... ကျော့ကျော့ကလည်း သူ့ယောကျ်ားအတွက် ချက်ရ ပြုတ်ရဦးမှာ... နင်တစ်ယောက်ပဲ အပျိုဆိုတော့ လွတ်လွတ်လပ်လပ် မဟုတ်လား..."

မမမြင့်က အဖော်အဖြစ် ဘုရားလိုက်ပေးဖို့ ခေါ်ပါတယ်... ဘုရားက မြို့အထွက်မှာဆိုတော့ ကျောင်းနဲ့ သိပ်မဝေးလှပါဘူး...။ တစ်ယောက်တည်း သွားလည်း ကိုယ့်မြို့ ကိုယ့်ရွာမို့ ဘာအန္တရာယ်မှ မရှိပေမယ့်... မမမြင့်က ကိုယ်ဝန်ကြီးနဲ့ဆိုတော့ မမမြင့် အမျိုးသား ကိုလှမော်ကြီးက တစ်ယောက်တည်း စိတ်မချဘူးလို့ တားထားတယ်လေ...။

" ရပါတယ် မမမြင့်... ခင်ဖုန်း လိုက်ပေးပါမယ်..."

" အဲဒါပေါ့... အဲဒါပေါ့ အပျိုတစ်ယောက်ဆိုတာ လွတ်လပ်တယ်... အိမ်ထောင်ကျသွားရင် ယောကျ်ား ဝတ္တရား အိမ်ထောင့် တာဝန်တွေနဲ့ မလွတ်လပ်တော့ပါဘူး... နင်ရော အပျိုကြီး လုပ်မှာလား... ငါသိသလောက် တစ်ခါမှ ချစ်သူလည်း မရှိ"

" မမမြင့် မြို့သာက ဒီကနေ ရထားစီးရင် ဘယ်လောက်ဝေးလဲ..."

" မြို့သာ... မြို့သာက ဝေးသေးတယ်... ရွာကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရထားကဆွင်း... တောင်ညိုမြို့င်း အစပ်ထိ ကားပြန်စီးနဲ့ အတော်သွားရမှာ... ဘာလို့လဲ..."

" ဘာမှ မဟုတ်ပါဘူး..."

ဘာမှ မဟုတ်ဘူး ဆိုပေမယ့်... မြို့သာဟာ ခရက်ပိုင်း အတွင်း ခင်ဖုန်းဆင့် စိတ်ထဲ ရောက်နေပြန်တာလား...။ မြို့သာမှာ မမဝင်း ဆွေမျိုးတွေ ရှိတယ် ဆိုပေမယ့် ခင်ဖုန်းဆင့်ကတော့ တစ်ခါမှကို မရောက်ဖူးတာပါ...။

" မမမြင့် မီးဖွားခွင့် ဘယ်နေ့ယူမှာလဲ..."

" ဒီလကုန်... ငါလေ မွေးခါနီးလာလေ ကလေးများ တစ်ခုခုဖြစ်မလား စိတ်ပူပြီး... ဘုရားပဲသွား ဘုရားစာပဲ ရွတ်နေမိတယ်... သားသမီးများ ပူပန်ရပါလား... အကြိုးကောင် တုန်းကလည်း အကြိုးကောင်မို့... အလတ်မတုန်းကလည်း အလတ်မမို့... အခုလည်း ဒီတစ်ယောက်ပြီးရင်တော့ မမွေးတော့ဘူးဟယ်... အခုကလေးမှာ ပိုတောင် စိတ်ပူရတာ အိပ်မက်ကလည်း မက်တားတာကို..."

" သိပ်မစွဲလန်းပါနဲ့လား မမမြင့်... မမမြင့်လည်း ဒီလောက် ဘုရားစာတွေ ရွတ်နေတာ... ဘာမှမဖြစ်နိုင်ပါဘူး..."

မမမြင့်က အင်းလေ... ဟုတ်ပါတယ်လို့ ပြောပြီး သက်ပြင်းရှိုက်ရပြန်ပါတယ်...။

" ငါ့ဗိုက်ထဲက ကလေးဟာ တကယ်ပဲ... မောင်သန်းအေးများလား... ငါလေ တကယ်မမေ့နိုင်တဲ့ အိပ်မက်ပါ ခင်ဖုန်းရယ်... အိပ်မက်ထဲမှာ မောင်သန်းအေးက



သွေးတွေရွဲလို့ ငါတို့ အိမ်ရှေ့တံခါးဝကနေ... ဆရာမ ဆရာမ... ဆရာမနဲ့ ကျွန်တော် လာနေပါရစေတဲ့... ငါကလည်း အိပ်မက်ထဲမှာကို တပည့်လေးမို့ သနားစိတ်နဲ့... လာနေ လာနေ မောင်သန်းအေးလို့ ခွင့်ပေးလိုက်မိတာ... ဒါပေမယ့် ငါကြောက် နေမိတယ် ခင်ဖုန်း... မောင်သန်းအေး ဘယ်လိုသေခဲ့တယ် နင်လည်း သိတာပဲ..."

မမအေးဟာ ဒီစကားကို ပြောတာ မရည်တွက် နိုင်တော့ပါဘူး။ ဒီကိုယ်ဝန်မရှိခင် အိပ်မက်ပြီးကာစ အထပ်ထပ် ပြောပြသလို... ကိုယ်ဝန်ရှိလာပြန်တော့လည်း... ဘုရားစာတွေ တွင်တွင်ဖိရွတ်ရင်း.. ပြောနေပြန်တော့တာ...။

မောင်သန်းအေး ဆိုတာကလည်း ခင်ဖုန်းဆင့်တို့ အလယ်တန်းကျောင်းလေးမှာ ရှစ်တန်းတစ်တန်းလုံး အတော်ဆုံး ကလေးပါပဲ။ စာတော်ပေမယ့် ရှစ်တန်းအောင်ပြီး မြို့သာဘက် အထက်တန်း သွားမတက်နိုင်ရှာပါဘူး။ မိဘမဲ့ ဖြစ်သလို အဒေါ်က မွေးထားရတော့ ကားစပယ်ယာလေးဘဝနဲ့ပဲ ရိုးသား စွာ လုပ်ကိုင်စားနေတဲ့ ဖြူစင်သော ကလေး တစ်ယောက်ပါ။

ဒီလိုနေရင်းမှ မောင်သန်းအေး စပယ်ယာလိုက်နေတဲ့ ကားကမှောက်ပြီး.. မောင်သန်းအေး အပါအဝင် ခရီးသည် ဖော်တော်များများ ဆုံးပါးခဲ့ကြပါတယ်...။ ခင်ဖုန်းတို့ မြို့လေးရဲ့ မြို့အဝင်မှာ ဖြစ်ခဲ့တာ အဖြစ်လေးတော့ ကြာခဲ့ပါပြီ...။

" မောင်သန်းအေးမှာ ထိခိုက်ဒဏ်ရာတွေ ဗလပွနဲ့ သေဆုံးခဲ့တာဆိုတော့ ငါ့ကလေးလေး တစ်ခုခုများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေမလား တွေးမိရင် အမေတစ်ယောက်ရဲ့ ရင်ထဲတော့ နာကျင်နေသလိုပါပဲ ခင်ဖုန်းရယ်..."

" မဖြစ်နိုင်ပါဘူး မမမြင့်ရယ်... ဘုရားစာရွတ်... သီလစောင့်နဲ့ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုတာလည်း ကြားဖူးသားနဲ့... မဖြစ်နိုင်ဘူး.. မမမြင့်တင် မဟုတ်ဘူး.. အစ်ကိုကြီးလည်း သီလယူ ဥပုဒ်စောင့် ဘုရားစာရွတ်နေကြတာ ဘာမှမဖြစ်ဘူး..."

သူတို့လင်မယားခမျာလည်း ခုမှ မွေးဖွားလာမည့် သားသမီးဖောနှင့် ရတနာသုံးပါး ပိုပြီး ကိုင်းရှိုင်းကြတာ ခင်ဖုန်းတို့လည်း တွေ့နေရတာပါ...။

" ခင်ဖုန်းကို ပြောရတာ စိတ်ချမ်းသာအောင် အားပေးနိုင်တယ်... ကျော့ကျော့ပြောလိုက်ရင် ပူမနေနဲ့... သတ္တဝါတစ်ခု ကံတစ်ခုပဲ... ဖြစ်သမျှ အကြောင်းအကောင်း ထင်နဲ့ ငါ့မှာ ပိုအားလျှော့သွားရတယ်..."

မမကျော့ကတော့ စကားပြောလိုက်ရင် သိပ်ဖွဲ့နွဲ့ မနေတတ်တော့ မမမြင့်နှင့်က အစေးမကပ်တော့ဘူးပေါ့လေ...။ ခင်ဖုန်းမှာသာ... မူလတန်းပြ ဆရာမ အုပ်စုထဲ အပျိုဆိုလို့ ခင်ဖုန်းပဲရှိတော့ အဲဒီအိမ်ထောင်သည် အစ်မကြီးတွေကြား ဟိုဝင်ပါရ ဒီဝင်ပါရနဲ့...။

အခုလည်း ကျောင်းအဆင်း ဘုရားလိုက်သွားပေးရလျှင် အိမ်အပြန် ယောက်မ မမဝင်းကို တောင်းပန်ရဦးတော့မှာပါ...။

◆

ဒီနေ့ မိုးကရွာလွန်းပါတယ်... မနက်ကျောင်းလာကတည်းက ရွာနေတာ ထမင်းစား ကျောင်းဆင်းကာနီးထိ ရွာနေတုန်း...။ ပြတင်းပေါက်က အပြင်ကို ကြည့်မိတော့ အရှေ့ကွင်းပြင်ကို ကျော်ပြီး အလယ်တန်းတွေထားသည့် ကျောင်းဆောင်ကို မှုန်မှုန်မှိုင်းမှိုင်းသာ မြင်ရပါတယ်...။

ခင်ဖုန်းတို့ကျောင်းက မူလတန်းနှင့် အလယ်တန်းတွေကို... ကျောင်းအားကစားကွင်းနှင့် အလယ်မှ ပိုင်းခြားထားသလို ဖြစ်နေတာပါ...။

" ဆရာမ... ဆရာမ "

လာပြီ...။ မိုးရွာပြီဆို အပြင်ထွက်ချင်ပြီ...

မထွက်နဲ့လို့လည်း ပြောမဖြစ်...။ မိုးတွေ့ထဲ ကစားချင်တဲ့ ကလေးတွေရဲ့ စိတ်ကိုလည်း တားမရ...။

" မြန်မြန်သွား... မြန်မြန်ပြန်... မိုးမိလို့ ဖျားကုန်ကြမယ်... ခက်တဲ့ ကလေးတွေပဲ..."

အခုကတော့ တော်သေး...။

လကုန်လို့ မမမြင့် မီးဖွားခွင့် ယူရင်... သူ့အတန်းကိုပါ ပေါင်းသင် ပေးရတဲ့အခါ... ခုထက် ပိုပင်ပန်းတော့မယ်...။

" ဒေါ်ခင်ဖုန်းဆင့်... ထမင်းစားကျောင်း ဆင်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ဘာတွေ ပေးနေပါလိမ့်... အချစ်ရေး ပူပန်သောကများ ရှိနေလား..."

" ဟယ်... အုန်းအုန်းကလည်းလေ..."

" ထမင်းချိုင့်ပါလား..."

" ပါတာပေါ့... သွားစားကြစို့... ကလေးတွေ ကျောင်းဆင်းနေတယ်ဆို အခန်းထဲမှာပဲ စားကြမယ်..."

ထမင်းစားဆင်းချိန်ဆို မမကျော့အခန်းမှာ မမမြင့်... မမကျော့... အုန်းအုန်းနဲ့ ခင်ဖုန်းတို့ လေးယောက် စုပြီး ထမင်းစားနေကျလေ...။

" မမမြင့်ကြီးနဲ့ စားရတာတော့ ကောင်းပါတယ်... သူ့ကလေး အကြောင်းပဲ ပြောနေတာ... ဘာဖြစ်လဲဟယ် မိဘပဲ... ဗိုက်ထဲ ရောက်လာတဲ့ကလေး ဘာဖြစ်ဖြစ် ချစ်ရမှာ... ခုတော့ တွေးပူပန်ပြီး တဂျီဂျီ ပြောနေတာ... အေးကလူတွေ ဘယ်လောက် စိတ်ရှုပ်ရလဲ... ငါ့လိုဆို အခက်..."

" သူက နဂိုရ်ကတည်းက ညည်းတတ်တာကိုး အုန်းရယ်..."

အုန်းအုန်းသားလေး ကျော်ကျော်ဆို မွေးစကတည်းက မျက်လုံးလေးတစ်ဖက် ကွယ်နေတာ... အုန်းအုန်းနဲ့ သူ့ယောက်ျား ကိုစိန်ဝင်းတို့ ရန်ကုန်ထိ သွားကုကြတာတောင် မရရှာပါဘူး... ကလေးက နှစ်တန်းနဲ့ မျက်မှန်ထူကြီး တပ်လို့...။

" ငါ မနက်က ဆရာမကြီး ရုံးခန်းမှာ စာအုပ်သွား ရှာတာ... အလယ်တန်း အင်္ဂလိပ်စာသင်တဲ့ ဆရာ



ရောက်နေတယ်ဟဲ့... ဆရာလေးက ချောတယ်... အလယ်တန်း ဘက်မှာလည်း ဆရာမ အပျိုနှစ်ယောက် ရှိတယ်... စံပယ်က မလှပေမယ့် သွယ်မာက အချောလေ... ဒါပေမယ့် သူတို့ ဘယ်လောက်ချောချော ငါတို့ မူလတန်းဘက်က ဆရာမ အချောအလှ ခင်ဖုန်းဆင့်တော့ မမီပါဘူး... ဆရာလေးကို ဒီ မူလတန်းဆောင်တွေဘက် ဘယ်လို ခေါ်ရပါ့..."

" တော်ပါ အုန်းအုန်းရယ်... မမမြင့် မမကျော့နဲ့ နင့်ညည်းသံတွေ ကြားထဲမှာ ငါ အိမ်ထောင်ပြုရမှာတောင် ခပ်လန့်လန့်ပါပဲ..."

မမကျော့ အခန်းထဲရောက်တော့... မမမြင့်က ရောက်နှင့်နေပါပြီ... နင်တို့က သိပ်ကြာတာပဲ... ငါ နင်တို့ဖို့ပါ ငါးကြော် ထည့်လာတယ်တဲ့လေ...။ ကောင်းတာပေါ့... ခင်ဖုန်းဆင့် မမဝင်း ဈေးမပြန်သေးလို့ ရှိတဲ့ လက်ဖက် သုပ်လာရတယ်လို့ ဖြေလိုက်တယ်...။

" ကျော့ကျော့... သွယ်မာတော့ စွံတော့မယ် ထင်တယ်... အခု အသစ်ရောက်လာတဲ့ ဆရာလေးနဲ့ သွယ်မာက တစ်မြို့တည်းသားတွေတဲ့... ကျောင်းနေဖက်လို့လည်း ပြောတယ်... သူတို့တွေက မြို့သာ အထကမှာ အတူ သင်ခဲ့တာတဲ့... မနက်က ငါ ခုနစ်တန်းအခန်း ခဏသွားတာ သူတို့နှစ်ယောက် ရပ်စကားပြောနေလိုက်တာ... လိုက်ဖက်ညီမှ ညီပါပဲ..."

" မြို့သာ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းဆင့် လွှတ်ခနဲ ရွတ်မိပါပေါ့...။ မြို့သာတဲ့လား။ ကျန်ခဲ့တဲ့ တစ်ပတ်လောက်က တွေ့ခဲ့တဲ့ မျက်နှာလေးက အစုချက်ချင်း ပြန်ပေါ်လာသလိုပါပဲလေ...။

" နာမည်က ဘယ်သူတဲ့လဲ..."

" မပြောတတ်ဘူး.. ငါမစပ်စုရသေးဘူး..."

"မမကျော့ကတော့လေ.. စပ်စုတာတော့ နံ့ပါတ်တစ်ပဲ"

" စပ်စုတယ် မပြောပါနဲ့ စူးစမ်းလေ့လာတယ် ပြော... စူးစမ်းလေ့လာမှု ရှိမှ အကြောင်းစုံ သိရမှာပေါ့..."

" ဟုတ်ပါပြီ... စူးစမ်းပါ... မမကျော့ စူးစမ်းမှုလည်း ခင်ဖုန်းတို့ အကုန်သိ အကုန်ကြားရတာပါ..."

ခင်ဖုန်းကတော့ အကြောင်းကိစ္စ မရှိရင် အလယ်တန်း အခန်းတွေဘက် မသွားတတ်ပါဘူး..။ ဒါကြောင့်လည်း တစ်ခါတစ်ခါ မမကျော့ စပ်စုလာတာလေးတွေပဲ နားထောင်ရ သိရတာလေ...။

" ယောကျ်ားလေးတွေများဟယ်... အသားဝင်းဝင်း လေးမှာ မျက်ခုံးထူထူ မည်းမည်းနဲ့ဆို ပိုချောလာသလိုပဲ... ငါ့ယောကျ်ားလိုပေါ့..."

မမကျော့ အပြောကြောင့် သူ့ယောကျ်ားကဖြင့် အသားမည်းတာများဆိုတဲ့ အုန်းအုန်းစကားကို ရယ်မိရင်း... ခင်ဖုန်းဆင့်ရဲ့ ခံစားချက်မှာ ထူထူမည်းမည်း မျက်ခုံးလေး တွေနဲ့...။

◆

" ခင်ဖုန်းရေ... မဝင်းရှိလား... နင်တို့ခြံထဲမှာရော မြင်းခွာရွက်ရှိလား..."

ခြံပြင်က အသံကြောင့် အပြင်ထွက်ကြည့်မိတော့ ကပ္ပိယကြီး ဦးလှလှကို တွေ့ရပါတယ်...။ ဦးလေးဦးလှလှက မြင်းခွာရွက်ကိုဆို တို့စား... သုတ်စား အားမရနိုင်... မြင်းခွာရွက်နဲ့ ပျားရည်ဆေးကလည်း ဖော်တော့... လိုချင်ရင် ခင်ဖုန်းတို့ ခြံတွေဘက် လာခူးတတ်ပါတယ်...။

" ရှိတယ် ဦးလေး... ခူးပေးရမလား..."

" အေး.. ခူးပေးပါဟာ... များများခူးပေး "

" ဦးလေးကလည်း အားနာစရာ... ကိုယ့်ဘာသာ ခူးပါလား "

ရုတ်တရက် ဇီဇဝါခြံတန်းဘောင် အကွယ်မှ ကြားလိုက်ရတဲ့ အသံလေးကြောင့် ကြည့်မိပါပြီ...။ ဟင်... သူပါလား... အဲ့ဒီ အသံရှင်ကို ဒီမှ အနီးကပ်တွေ့ရတဲ့အခါ...။

" ဒါဆို မင်းမင်း ဝင်ခူးလိုက်... ခင်ဖုန်းရေ မင်းမင်းကို မြင်းခွာရွက်ရှိတဲ့ နေရာသာ ပြပေးလိုက်... မင်းခူးခဲ့တော့... ဦးလေး တစ်ခြံကျော်က ဦးဘပွါးတို့အိမ်မှာ ဆွမ်းအလှူညှိမို့ ဝင်ယူဦးမယ်..."

www.burmeseclassic.com

www.burmeseclassic.com



" မြင်းခွာရွက်ခင်းက ဘယ်မှာလဲဟင် "

" ဩော်... ဟိုဘက်ခြံအစပ်မှာပါ "

ခင်ဖုန်း အစ်ကို ကိုကိုအောင်က မီးရထားဝန်းထမ်းမို့ အရင်ကတော့ ဒီမြို့မှာ တာဝန်ကျပါတယ်... ဒီခြံလေးကို အမေရှိတည်းက ဝယ်ပြီး အတူနေခဲ့ကြတာ...။ အခုတော့ အမေလည်းမရှိ အစ်ကိုကလည်း သာယာအေးဘက် ပြောင်းနေရတော့ ခွင့်ရမှ ပြန်လာတာပါ...။ အစ်ကိုက ခြံစိုက်ဝါသနာပါလို့ ခြံလေးထဲ သစ်ပင် ပန်းပင် အစုံပျိုးခဲ့တာ အခုတော့ တကယ် ကျေးဇူးတင်ပါတယ် အစ်ကို...။

" ခင်ဖုန်း ကူခူးပေးမယ် "

" အိမ်အလုပ်ရှိရင် လုပ်ပါ... ကျွန်တော့်ဘာသာပဲ ခူးပါမယ်... အားနာစရာ "

" ရပါတယ်... "

" နာမည်က ခင်ဖုန်းလားဟင် "

" ခင်ဖုန်းဆင့်ပါ... မင်းမင်းအကြောင်း မမဝင်းက ပြောပြတယ်... "

" မမဝင်းက ကျွန်တော့် အစ်မ... မမစိုးရဲ့ သူငယ်ချင်းပါ... ခင်ဖုန်းလို့ပဲ ခေါ်မယ်... ကျွန်တော့်လည်း မင်းမင်းပဲ ခေါ်ပါ... ဟိုနားက နှင်းဆီပန်းက အရောင်လည်း လှလိုက်တာ... မနက်ဖြန် မနက် စောစောကျရင် သုံးလေး ပွင့်လောက် ခူးပေးလို့ရမလား... ကျွန်တော် မနက်ကျတော့ ခြံအေး လမ်းကလေးကနေ လှမ်းခေါ်မယ်လေ... "



" လိုချင်ရင် ခူးလို့ရပါတယ်... "

မြင်းခွာရွက် ခူးနေတဲ့ သူ့လက်ကလေးတွေကလည်း သန့်ပြန့် ဖြူဖွေးနေတာပါလား။

" ဘုန်းဘုန်းကျောင်းက မျောက်ညိုလေးကို မင်းမင်း ခေါ်လာတာဆို "

" ကျွန်တော်တို့ မြို့သာဈေးမှာက... အကောင်လေးတွေ လာလာရောင်းတယ် ခင်ဖုန်းရဲ့... သနားစရာလေးတွေ... အသတ်ခံရမှာ ကြောက်ပြီး မျက်နှာငယ်လေးတွေနဲ့... ဖော်ပျံလေးတုန်းကဆို ထူးဆန်းတာ... ကျွန်တော့် ပုဆိုးကို ဆွဲထားတာ... လွှတ်ကို မလွှတ်လို့... အဲဒီအချိန်ကစ အကောင်လေးတွေဝယ်ဖို့ မုန့်ဖိုးကို စုရတာပေါ့... မြို့သာက ခြံထဲမှာ သမင်လေး တစ်ကောင်လည်း ရှိတယ်... ငှက်တွေ ဆိုဘာကတော့ အများကြီး... "

မင်းမင်းနဲ့ စကားပြောရတာ ပျော်ရွှင်ချမ်းမြေ့ ရသလိုပါလား။ မြင်းခွာရွက်တွေ ခူးပေးပြီးတော့ မနက်ကျရင်ကော် ပန်းလာခူးပေါ့လို့ ပြောလိုက်ပါတယ်။

" လာရင် ဘယ်အချိန် လာမလဲ... ခင်ဖုန်း ကျောင်းတက်ရဦးမှာ... "

" ကျောင်းမတက်ခင်ပေါ့... ဘယ်အချိန် အိမ်က ကျောင်းကို သွားမလဲ... အမီလာမှာပေါ့ "

မင်းမင်း ပြန်တော့မှ မမဝင်း ပြန်ရောက်လာပါတယ်...။ ဒါကြောင့်မို့ ဦးလေးဦးလူလှ မြင်းခွာရွက် လာခူးတယ်ဆို့

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာ…။ မင်းမင်းပါလာတယ်လို့ မပြောရဲပြန်ပါလား။

အမှန်ဆို ဘာမပြောရဲစရာရှိလဲ…။

ဒါကြောင့်မို့ ဦးလေးဦးလူလှနဲ့ မင်းမင်း ပါလာတယ်လို့ ပြောလိုက်တာ…။

" ဟုတ်လား… ငါမတွေ့လိုက်ဘူး… စိုးနွယ်အကြောင်းတောင် မမေးရသေးဘူး ပြောသာပြောတာပါ… စိုးနွယ်က အဆော့သိပ်မကောင်းပါဘူး… ရုပ်ကလေးလှသလောက် မာနကြီးတယ်… မြို့သာမှာ သူတို့က ခြံတော်တော်များများလည်း ပိုင်တာကိုး… ချမ်းသာတဲ့ စာရင်းထဲလည်း ပါတယ်…"

" မမဝင်းနဲ့ ဘယ်လိုခင်လဲ "

" ငါက ဆယ်တန်းကို မြို့သာ အထက သွားနေတာ… နင်ကသာ ကျောက်ပုံ အထက သွားတက်လို့ မတွေ့တာပေါ့…"

ခင်ဖုန်းတို့ မြို့ကလေးက ကျောက်ပုံနဲ့ ပိုနီးတော့… အလယ်တန်းအောင်ရင် ကျောက်ပုံသွားတက်ကြတာကိုး…။

" ဘာချက်လဲ… ငါထမင်းဆာနေပြီ… ကျောင်းပိတ်ရက်လေးပဲ နင်ချက်ရတာ… ငါလည်း ဒီတစ်ရက်ပဲ အပြင်ထွက်ရတာပါ…"

မမဝင်းအတွက် ထမင်းနူးပေးရသေးတယ်…။ ဒီနေ့တော့ မိုးမရွာပါဘူး…။ ပြတင်းကကြည့်ရင် အပင်မှာ ပွင့်နေသည့် နှင်းဆီဖူးတွေက မနက်ဖြန်အတွက် ကြိုတင်ရင်ခုန်စေဖို့များ… ပွင့်ဖူးနေကြသလားကွယ်…။

◆

မမဝင်းက အစ်ကိုအောင်ဆီ လူကြုံနဲ့ ပစ္စည်းပို့ချင်လို့ဆိုဘူတာကို အစောကြီး ထွက်သွားပါတယ်…။ ခင်ဖုန်းလည်း အစောကြီး ရေချိုးအလှပြင် ထားမိပါရော… အလှပြင်တယ်သာဆို ကျောင်းဝတ်စုံလေး ဝတ်တာပါ…။ ဆံထုံးကလည်း သိပ်လှလှပပ မထုံးတတ်လို့ ကြည့်ကောင်းရုံလေး ထုံးရတာ…။

ဆွဲခြင်းလေး ကိုင်ပြီး နှင်းဆီပင်တွေနားက စောင့်နေမိတာ…။ မင်းမင်း စောစောမှ လာပါ့မလား…။ တော်ကြာကျောင်းနောက်ကျရင် အခက်…။ နာရီကြည့်မိတော့ လိုပါသေးတယ်လေ…။ ဆယ်မိနစ်လောက်လည်း စောင့်ရော ခြံစည်းရိုးအပြင်ကနေပြီး…။

" ခင်ဖုန်း… ခင်ဖုန်း "

" ခြံထဲ ဝင်မလာပဲ ဘာလို့ ခြံစည်းရိုးဆောက အော်ခေါ်နေတာလဲ…"

" ခင်ဖုန်း ခူးပြီး ထွက်ခဲ့ပါတော့…"

အဲလိုမျိုး ပြန်ပြောနေတာ ကျောင်းနောက်ကျမှာလည်း စိုးရိမ်တော့… ပန်းဆယ်ပွင့်လောက် ခူးယူပြီး ခြံပြင် ထွက်လာခဲ့ရတယ်။ ခြံစည်းရိုးဘေး ရပ်နေတဲ့ သူ့ကို မြင်ရပါပြီ…။

အကျီအဖြူ လက်ရှည်လေးက သူ့ကို ပိုပြီး ဖြူစင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းသန့် စေတာပါလား... ဒါပေမယ့် သူက ကျောင်းစိမ်း လုံချည်လေး ဝတ်ထားတာ...။

" ပန်းလေးတွေကို ရောင်စုံ ခူးလာတာပါလား... လှလိုက်တာ... ဒီအရောင်လေးက အရမ်းလှတယ်... လိမ္မော်ရောင်လေး လိုလို... ပန်းရောင်လေး လိုလိုနဲ့ ခင်ဖုန်း ဆံထုံးမှာဆို သိပ်လိုက်မှာပဲ... ဒါပေမယ့် ပန်းကလေးက မျက်နှာငယ်မှာပါ... ခင်ဖုန်းအလှကို မီမှ မမီတာ..."

အံမယ်...

ကိုရွှေမင်းမင်းတို့က ဒီလိုလည်း ပြောတတ်ပါရော...၊ ဒါပေါ့လေ ကောင်မလေးတွေကို ခုလိုမျိုးများ ပြောလာခဲ့လေ သလား။

" ခင်ဖုန်း သွားမယ်..."

ပန်းပွင့်လေးကို ဆံထုံးမှာ ထိုးစိုက် ထည့်လိုက်ပြ ပြောလိုက်တဲ့အခါ...။

" ဘယ်လဲ..."

" ဟင်... ကျောင်းသွားတော့မယ်လေ..."

" ကျောင်း... ကျွန်တော်လည်း လိုက်ခဲ့မှာ..."

" ကျောင်းကို ဘာလို့ လိုက်မှာလဲ..."

" ကျောင်းအုပ်ကြီးနဲ့ တွေ့စရာ ရှိလို့ပါ... ဖေ သူငယ်ချင်းလေ..."

" ဟုတ်လား... ဒါဆို လိုက်ခဲ့လေ..."

သူနဲ့ အတူ လျှောက်ရတာလည်း... ရင်ထဲ ကြည်နူး



သလိုပါလား...။ သူ တစ်ယောက်ကလွဲပြီး ကမ္ဘာလောကကြီး ပျောက်ကွယ် သွားသလိုလည်း ခံစားရပါတယ်...။

" ခင်ဖုန်း အိမ်နဲ့ ကျောင်းက အတော်နီးတာပဲ..."

" ဟုတ်တယ်... မင်းမင်း နေတဲ့ ဘုန်းဘုန်းကျောင်း နဲ့ကတော့ အတော်လှမ်းတာပေါ့... မြို့သာကို ဘယ်တော့ ပြန်မှာလဲ..."

" မြို့သာကို... မြို့သာကို မပြန်သေးပါဘူး... ဒီမှာ ကြာကြာနေဦးမှာ..."

" ဟုတ်လား..."

သူ မပြန်သေးဘူး ဆိုလို့ စိတ်ထဲ ဝမ်းသာ သွားပါတယ်။ ဒါပေမယ့် အမြဲတော့ ဘယ်တွေ့ဖို့ လွယ်ပါ့ မလဲလေ...။ ဒါကြောင့်မို့ စိတ်ထဲ သူ့ကို သိပ်ထည့်ထားလို့ မဖြစ်နိုင်ပါဘူး...။ သံယောဇဉ် တစ်ခုနဲ့လည်း မတွယ်ငြိချင်...။

" ခင်ဖုန်းက မူလတန်းပြဆိုတော့ နေခဲ့တော့မယ်... ဒါက မူလတန်း အဆောင်တွေလေ... ကျောင်းအုပ်ကြီးနဲ့ တွေ့မှာဆို... ဆရာကြီး ရုံးခန်းက ဟိုး မြင်နေရတဲ့ အလံတိုင် ရှေ့က အခန်းမှာပါ... မင်းမင်း သွားလိုက်တော့..."

" ကောင်းပါပြီဗျာ... မနက်ဖြန်ကျလည်း ခုလိုပဲ... ပန်းပွင့် လှလှလေး လေးငါးပွင့် ခူးပေးလို့ရမလား..."

" မနက်ဖြန်..."

" ဝယ်ဆို ဝယ်ပါမယ်..."

"မဟုတ်ပါဘူး... မဝယ်ရပါဘူး... ကျောင်းမသွားခင်

www.burmeseclassic.com

www.burmeseclassic.com



လာယူပါ..."

" ကျေးဇူးပဲ ခင်ဖုန်း သွားပြီ..."

သူ လျှောက်သွားတဲ့ဆီ လိုက်ကြည့်မိလိုက်သေးတယ်...။ မြင့်မားတဲ့ အရပ်နဲ့ သူ့ပုံစံက ခန့်ညားလွန်းသလိုပါလား...။ ဘာလို့များ ခုလောက် ခင်ဖုန်းစိတ်ထဲ ဝင်လာရတာပါလိမ့်...။

" ခင်ဖုန်း... ခင်ဖုန်း..."

" မမကျော့... မမမြင့်က ခွင့် ကြိုယူသွားတယ်ဆို..."

" သူ့ စိတ္တဇပေါ့ပါ ဟယ်... ပြောမရ ဆိုမရနဲ့ ခွင့်ပိုယူပြီး ဘုရားပို ရှိခိုးမလို့တဲ့လေ... စိတ်ချမ်းသာသလိုသာ လုပ်လို့ ပြောလိုက်တယ်... သူ့အတန်းက နဂိုရ်ကမှ လူဆိုးလေးတွေချည်း များတယ်... နင်တော့ နာပြီသာမှတ်..."

" ဘယ် တတ်နိုင်ပါ့မလဲ... ကိုယ့် အချင်းချင်းတွေပဲ မမကျော့ရယ်..."

ဒါဆို ဒီနေ့တော့ အတန်း နှစ်တန်းနဲ့ ဗျာများ ရဦးတော့မှာ...။ အုန်းအုန်းကို ကူခိုင်းရင်တော့ ရပါတယ်...။ ဒီလိုပေါ့လေ... မိတ်ဆွေတွေဆိုတာ... အနစ်နာ ခံရတဲ့ အခါလည်း ရှိမှာပါ...။ စိတ်ထဲမှာ ကြည်လင် ချမ်းမြေ့သလို ခံစားရတာက ဘာကြောင့်ပါလိမ့်...။

ဆံထုံးက ပန်းပွင့်လေးကို သာသာဖွဖွ စမ်းကြည့် မိတယ်။ ပန်းပွင့်ကလေးက ခင်ဖုန်းအလှကို မမီဘူး ဆိုပါလား...။ ကြည်နူးစွာ ပီတိတွေနဲ့ ပြုံးမိပါရော...။

မဟုတ်သေးပါဘူး... ပဝါပါးနဲ့ ကြက်သား



မထုပ်သင့်ဘူးလေ ခင်ဖုန်းဆင့်...။

◆

www.burmeseclassic.com

www.burmeseclassic.com

" **အနှိုန်း**ရေ... ခင်ဖုန်းအတန်း ခဏကြည့်ထားပါ... စာရေးခိုင်းခဲ့တယ်... သိပ်ဆူရင် နည်းနည်း ဝင်ဆော်လိုက်... ခင်ဖုန်း မမမြင့် အခန်း သွားသင်ဦးမယ်..."

မမမြင့် အတန်းက နဂိုရ်ကမှ ဆူညံလွန်း ဆိုးလွန်းတဲ့ အတန်းလို့ ပြောကြတာ...။ မမမြင့်က ကလေးတွေကို အလိုလိုက်လွန်း အားကြီးတာလည်း ပါပါတယ်...။ မမမြင့်ရဲ့ ကြိမ်လုံးက စားပွဲပေါ်မှာပဲ ရှိနေပြီး... တစ်ချက် မရိုက်တတ်ဘူးကိုး...။

အခန်းထဲ မဝင်ခင် အဝကနေ ကြည့်မိတယ်...

ကြည့်စမ်း... ကောင်းကောင်းကို လွတ်လပ် နေကြတာပါလား...။ စုပြုံ ဝိုင်းကြည့်နေကြရအောင် ဘာလုပ်နေသလဲ မှတ်တယ်... ကျောင်းသားလေး တစ်ယောက်က မမမြင့်ရဲ့ ကြိမ်လုံးကို သေချာ ပခုံးပေါ်ထမ်းလို့ ကနေတာပါလား...။

" ဟဲ့... သွားကြစမ်း ကိုယ့်နေရာ ကိုယ်ထိုင်... ဘယ့်နှယ် တစ်ယောက်က က အကုန်ဝိုင်းကြည့်နဲ့ နင်တို့ဟယ် မျောက်ပွဲကျနေတာပါလား..."

" ဟုတ်တယ်လေ... ဆရာမရဲ့ မျောက်ပွဲ ကြည့်နေတာ... ထွန်းသာက မျောက်လေ... သူက မျောက်



ဘဝက လာတာ..."

" အံမယ်ပွါယ်မရှိ... သွားကြ ဝင်ထိုင်... ဝင်ထိုင် ကိုယ့်နေရာ ကိုယ်ထိုင် စာသင်ရမယ်... ဒါပဲနော်... ဆရာမကတော့ မင်းတို့ ဆရာမ ဒေါ်မြင့်မြင့်လို အလိုမလိုက်ဘူး... စာမရရင် ရိုက်မှာ..."

အားလုံး ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြပါပြီ...။ အကကောင်းတဲ့ ကောင်လေးကတော့ ကြိမ်လုံးကို စားပွဲပေါ် လာတင်ပြီး ခင်ဖုန်းကို မော့ကြည့်နေပါတယ်။

" နေရာမှာ သွားထိုင်လေ..."

" ဆရာမကို ကျွန်တော် သိတယ် "

" အံမယ်... တစ်ကျောင်းတည်းလေ... ပြီးတော့ မောင်ရင်လေးက သုံးတန်း... ဆရာမက လေးတန်း တွေ့နေကြတာ မသိပဲနေမလား..."

" မဟုတ်ဘူး... ဆရာမက ဘုန်းဘုန်းကျောင်း ဆွမ်းချိုင့်လာလာပို့တယ်... ပြန်ခါနီးကျရင် ရေတွင်းက ရေငင်ပြီး သောက်ရေအိုး ဖြည့်တယ်..."

ဟုတ်တော့ ဟုတ်ပါတယ်... ဒါကလည်း ဒီကလေးက ဘုန်းဘုန်းကျောင်းနား နေလို့ ဖြစ်မှာပေါ့...။

" မင်းက ဘုန်းဘုန်း ကျောင်းနားမှာ နေတာလား... သွားထိုင်လေ..."

" ကျွန်တော်က ဘုန်းဘုန်းကျောင်းမှာ နေခဲ့ဖူးတဲ့ ဖော်ပျံပါ... ဆရာမ လာတိုင်း ကျွန်တော့်ဖို့ ပဲလှော်

www.burmeseclassic.com

www.burmeseclassic.com



ယူယူလာတာ... ဆရာမက အဲဒီတုန်းက ဂါဝန်လေးနဲ့..."

" ဘာ..."

ဖော်ပျံ... ဘုန်းဘုန်းကျောင်းမှာ နေခဲ့ဖူးတဲ့ ဖော်ပျံ...။ ခင်ဖုန်းက ကျောင်းကို ဆွမ်းချိုင့် ပို့သွားတိုင်း ဖော်ပျံဆိုတဲ့ မျောက်ကလေးအတွက် ပဲလှော် အမြဲယူသွားပေးလေ့ရှိတာ။

နေရာမှာ သွားထိုင်လို့တောင် မပြောနိုင်ပါပဲ ကလေးကို ငေးကြည့်နေမိပါပြီ...။ မျက်လုံးပြူးလေးနဲ့ ချစ်စရာလေး...။ မမြင့်နဲ့ ဒီလောက် ခင်မင်နေတာ... ဖော်ပျံအကြောင်း ဘာလို့ မကြားဖူးရတာပါလိမ့်...။ တကယ်မှ ဟုတ်ရဲ့လား...။

" မင်းနာမည်... ဘယ်သူလဲ..."

" မောင်ထွန်းသာ..."

" အေး... ဟုတ်ပါပြီ... သား နေရာမှာ သွားထိုင်ချေ..."

စာသင်မလို့တောင်... ဘယ်ရောက်သွားပါလိမ့်...။ မောင်ထွန်းသာက ထောင့်ခုံလေးမှာ သွားထိုင်နေပြီ...။ ဆရာမက အဲဒီတုန်းက ဂါဝန်လေးနဲ့တဲ့...။ ငါးတန်း ခြောက်တန်း အရွယ်မှာ ခင်ဖုန်းက ဂါဝန်ဝတ်တာ... ဟုတ်တော့ ဟုတ်ပါတယ်...။ ကလေးတွေကို သင်္ချာရှင်းပြပြီးတော့... တွက်ခိုင်းထားလိုက်ပါတယ်...။ ပြီးတော့မှ... ငြိမ်ငြိမ်လေး နေကြ ဆရာမ အခန်းခဏပြန်မယ်... ပြန်လာလို့ ခုဏက ပုံစံ ပြန်တွေ့ရင် တွေ့လား ကြိမ်လုံးဆို စားပွဲကို လေးငါးချက် ရိုက်ပြလိုက်ပါတယ်...။

မမြင့်ကတော့ သားကြီးနဲ့ သမီးလတ်ကို အလိုလိုက်



လွန်းသလို တပည့်တွေလည်း အလိုလိုက်လွန်းတာကတော့ နာမည်ကျော်ပဲလေ...။ အခန်းဆီ ပြန်လာခဲ့ပေမယ့်... မောင်ထွန်းသာက ခင်ဖုန်းရဲ့ စိတ်မှာ စွဲပြီး ပါလာခဲ့ပါပြီ...။ ဒါကြောင့် မမကျော့ အခန်းကို ဝင်ခဲ့တယ်...။

" မမကျော့..."

" ဘာလဲ... မမြင့် အတန်းနဲ့ နင် စိတ်ရှုပ်လာတာလား..."

" မမြင့် အတန်းက မောင်ထွန်းသာ သိလား..."

" မောင်ထွန်းသာ... ဩော် ဟို မျောက်ဝင်စားတယ်ဆိုတဲ့ ကောင်လေးလား... သိသားပဲ "

" မမြင့် သိလျက်... မမကျော့ သိလျက်နဲ့ ခင်ဖုန်း ဘာလို့ မသိရပါလိမ့်..."

" ကောင်လေးက သူ့ကိုယ်သူ မျောက်ဝင်စားတယ် ပြောတာ ဘာဆန်းလဲ... ငါကတော့ ငါ့အတန်းက ကောင်လေးတွေလည်း မျောက်လောက်နီးနီးဆော့တာ အထူးအဆန်း မထင်ပါဘူး... တွေ့လား ဟိုမှာကြည့် အဲဒါ ငါ့အတန်းက ကိုမျောက်ရှုံးလေ... ငါ့အတန်းမှာလည်း မျောက်ရှုံးတို့ မျောက်မူးလဲတို့မှ အများကြီး... နင့် အခန်းက ဖော်ထင်လည်း မျောက်ပါပဲဟယ်..."

မမကျော့ အပြောကြောင့် ပြုံးရပါတယ်...။ အတန်းထဲမှာ ယောကျ်ားလေး တော်တော်များများက ဆော့ကြတာကတော့ မဆန်းလှပါဘူး...။ ခင်ဖုန်းအတန်းက

www.burmeseclassic.com

www.burmeseclassic.com



ဇော်ထင်ဆိုလည်း တကယ် ဆော့လွန်းတဲ့ ကလေးပါ… ပြောနေရတာ…။

" သူက ဇော်ပျံ ဝင်စားတာတဲ့…"

" ဇော်ပျံ… ဇော်ပျံဆိုတာက ဘာလဲ… ကြိမ်လုံး တစ်ချောင်းနဲ့ ဇော်က ကနေလို့ ခေါ်တာလား…"

ဟုတ်တာပေါ့… မမမြင့်တို့ မမကျော့တို့က ဘုန်းဘုန်းကျောင်းမှ မရောက်ဖူးသလို နှစ်အတော်ကြာက မရှိတော့တဲ့ ဇော်ပျံ့ကို ဘယ်သိကြပါ့မလဲ… ခင်ဖုန်းကသာ သိနေလေတော့ ပိုခံစားရတာများလား…။

◆

၆

ထမင်းစားချိန်ရောက်မှ အုန်းအုန်းက အထူးအဆန်း စကားကို ဆိုဖော့တာပါလား…။ ဒီနေ့အတွက် မမကျော့ ယူလာတဲ့ ဝက်ပဲငပိချက်ကို ခင်ဖုန်းက ကြိုက်လေတော့ စားဖို့ပဲ မဲနေမိတာပါ…။

" ခင်ဖုန်း "

" ဟင်…"

" ဘယ်လိုဖြစ်လို့ ထမင်းချိုင့်ထဲ ခေါင်းဝင်နေတာလဲ… အစုတ်ပလုပ်က ခင်ဖုန်းဆင့် နင့်ကို စစ်စရာရှိတယ်…"

" ဘာဖြစ်ရပြန်တာလဲ အုန်းအုန်းရယ်… မမကျော့ ဟင်းက ခင်ဖုန်း အကြိုက်မို့ စားလို့ အရမ်းကောင်းနေတာကို…"

" ပြောစမ်း… ငါတို့ကို ဘာလို့ ဖျော့ထားတာလဲ…"

" ဘာလျှိုလို့လဲ…"

" ဆရာ ကိုမင်းထွန်းနဲ့ နင် ဘယ်တုန်းက သိသွားတာလဲ…"

" ဆရာ ကိုမင်းထွန်း… ဘယ်က ဆရာကိုမင်းထွန်းလဲ… မမကျော့ ဒီဟင်းမျိုးကို ကျောင်းပိတ်ရက် မချက်ပဲ အမြဲ ကျောင်းဖွင့်ရက် ချက်ပါ… ခင်ဖုန်း သိပ်ကြိုက်…"

www.burmeseclassic.com

www.burmeseclassic.com



"...ဟင်းဆီ စကားမလွှဲနဲ့... နင်တို့ နှစ်ယောက် စကားတပြောပြော ကျောင်းလာတယ်လေ... အတူတူလေး မင်းသားနဲ့ မင်းသမီးပုံစံလေး လျှောက်လို့... မင်းသားက လက်ထဲမှာ နှင်းဆီပန်းလေးတွေ ကိုင်ပြီး... ပြုံးလို့ ကြည်နူးနေလိုက်ကြတာ... ငါမမြင်ဘူးလေ... ငါ ကျောင်းရောက် ရောက်ချင်း ချက်ချင်း လာပြောမယ် လုပ်တုန်း ဆရာကြီးက... ဆရာမ ဒေါ်အုန်းအုန်း ခဏဆိုပြီး စာရင်းတွေ ပေါင်းနိုင်း နေတာ... ခုမှပြီးလို့..."

မင်းသား မင်းသမီးလို အတူယှဉ်လျှောက်လာပြီး ကြည်နူးလို့ ပြုံးလို့နဲ့ မင်းသားလက်ထဲမှာ ပန်းကလေး ကိုင်လို့တဲ့လေ...။

သြော်... သိပြီ သိပြီ...

မင်းမင်းနဲ့ မနက်က အတူလာခဲ့တာ...။

" ဘာများလဲလို့ အုန်းအုန်းရယ် အလန့်တကြား မပြောပါနဲ့... မင်းမင်းက ဆရာကြီးဆီ လာလည်တာပါ... အဲဒါ မင်းမင်းလေ..."

" မမကျော့ ကြားတယ်နော်... ခေါ်ပုံလေးကိုက မင်းမင်းတဲ့..."

" ဟုတ်ပါ့... ဟုတ်ပါ့... မရွှေခင်ဖုန်းက တယ်ဟုတ် နေတယ်... ခေါ်ပုံလေးက မင်းမင်းတဲ့ ပြော... ဘယ်တုန်းက ကြိုက်သွားလို့ မင်းမင်း ဖြစ်ရတာလဲ..."

" မမကျော့ ဘာတွေ လျှောက်ပြောနေလဲ...



ဘယ်သူက ဘယ်သူနဲ့ ကြိုက်ရမှာလဲ..."

" ဆရာ ကိုမင်းထွန်းနဲ့ နင်နဲ့ ချစ်နေကြလို့သာ... မင်းမင်း ဖြစ်နေတာ..."

" ဆရာ ကိုမင်းထွန်း... မင်းမင်းက ဆရာ ကိုမင်းထွန်းလား..."

" အေး... ရှစ်တန်းမှာ အင်္ဂလိပ်စာ ပြတဲ့ ဆရာချောချောလေးဆိုတာ... အဲဒီဆရာ ကိုမင်းထွန်းပေါ့..."

" ဟင်..."

ခင်ဖုန်းအတွက်တော့ မယုံနိုင်စရာပါလား...။ တကယ့် အံ့သြဖွယ်ရာပါ...။ မင်းမင်းကို မင်းမင်းလို့ပဲ သိခဲ့တယ်...။ မင်းမင်းဟာ ခင်ဖုန်းတို့ ကျောင်းကို ပြောင်းလာတယ် ဆိုတဲ့ ဆရာဦးမင်းထွန်း ဆိုတာမှန်း ခင်ဖုန်းမှ မသိတာ...။

" နေနှင့်ဦး... တွေ့မယ် အတော်နေနိုင်တဲ့ မင်းမင်း... ကျွန်တော်ဟာ ခင်ဖုန်းတို့ ကျောင်းကို ပြောင်းလာတဲ့ ဆရာမင်းထွန်းပါလို့ ပြောရမှာကို... အခုတော့..."

" နင် မသိဘူးလား..."

" မသိပါဘူး... သူ့ကို မင်းမင်းလို့သိတာ သူ့ဦးလေး ဦးလှလှနဲ့လည်း ခင်မင်သလို... သူ့အစ်မက မမဝင်း သူငယ်ချင်းတဲ့... အဲလိုမျိုးသိတာ... သူ့ဦးလေးနဲ့ မမဝင်း ခေါ်သလို မင်းမင်းလို့ ခေါ်တာ... ဆရာမှန်း မသိဘူး... ချစ်သူလည်း မဟုတ်ရပါဘူး... မိတ်ဆွေပါ..."

" အဲလိုမျိုးလား... ဒါပေမယ့် နင်တို့ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သိပ်လိုက်တာပဲ ငါဖြင့် သဘောကို ကျနေတာ..."

အုန်းအုန်း အပြောကြောင့် ရင်ထဲ ကြည်နူးသွားရပေမယ့် ခင်ဖုန်းကို မပြောတဲ့ မင်းမင်းကို ဘယ်လို စိတ်ဆိုးပြရမည်မသိ...။

" ခင်ဖုန်း နင်သဘောကျနေရင်... အဆင်ပြေအောင်နေ... သွယ်မာနဲ့ကလည်း ကျောင်းနေဖက်တွေ လိုလိုဆိုတော့ တော်ကြာ နင်ကျန်နေခဲ့မယ်..."

" ဘာလို့ သဘောကျရမှာလဲ... မကျပါဘူး..."

" ရှက်မနေနဲ့ ခင်ဖုန်း... နင်တို့ သိပ်လိုက်တယ်..."

" တော်ပါတော့... အတန်းပြန်တော့မယ်..."

ထမင်းချိုင့်တွေ အမြန်ဆင့်ပြီး အတန်းဘက်ပြန်ခဲ့ပါပြီ...။ မင်းမင်း... ကိုမင်းထွန်းတဲ့လား... မနက်က အတူလာတုန်း ပြောပါလား... ကျွန်တော်က ဘယ်သူပါဆို ရလျှက်နဲ့...။

မနက်ဖြန်လည်း ပန်းနုချင့်လို့ အခုအချိန်ပဲ စောင့်နေပါတဲ့။ ကြည့်ကြသေးတာပေါ့...။ အတန်းပြန်လာခိုက်မှာ နောက်မှနေ ခင်ဖုန်းလက်ကို ဆွဲပြီး ရှေ့နောက် လှုပ်ကိုင်ခါယမ်းနေလို့ ကြည့်မိတယ်...။

" ဟယ်... မောင်ထွန်းသာ..."

" ဆရာမ..."

ခင်ဖုန်းလက်ကို ခါယမ်းနေတော့ဘာ... ကြာရင် လက်မောင်းပြုတ် နိုင်တယ်လေ။ ဒါကြောင့် ဘာလဲဆိုတော့...။



" တနင်္ဂနွေ ကျောင်းပိတ်ရင် ဆရာမ ဘုန်းဘုန်းကျောင်း လာတဲ့အခါ... ဟိုးတုန်းကလို ရေအတူ ဆွဲရအောင်နော်တဲ့..."

ဘယ်လိုဖြစ်လို့ ဒီလောက် မှတ်မိ နေရတာလဲ... တကယ့် ဇော်ပုံများလား...။

◆

www.burmeseclassic.com

www.burmeseclassic.com

မမဝင်းကိုတော့ အစည်းအဝေး ရှိတယ်ဆို အစောကြီး ကတည်းက ထွက်လိုက်တယ်...။ ကိုမင်းမင်း ရှင်လာရင် လွှဲပြီး... ပန်းခူးပေးမယ့်သူလည်း မရှိဘူး... ကောင်းတယ်... အဲလိုမျိုးမှ...။ ပြီးတော့ ကျောင်း အစောကြီးလည်း ရောက်တာမို့ မမမြင့် အခန်းမှာ ထိုင်နေလိုက်တယ်လေ...။ ကလေးတွေရဲ့ အိမ်စာတွေကို အမှတ်ခြစ် နေလိုက်တာပေါ့...။

" အစည်းဝေး ဟုတ်လား... စာအုပ်နဲ့လူ အစည်းဝေး လုပ်နေတာ... ဒီတစ်ခါပဲ တွေ့ဖူးတယ်..."

အသံကြောင့် ကြည့်မိတယ်...

မင်းမင်းကို တွေ့တဲ့အခါ... မနေ့ကလည်း ကျောင်းဝတ်စုံ ဝတ်ထားတာတော့ တွေ့သား... ပုဆိုး အစိမ်းဆိုတာ အခြားလူလည်း ဝတ်ရတာပဲဆို... ခင်ဖုန်း ကိုယ်တိုင်က သတိမပြုမိလိုက်တာပါ...။

" ရော့... ဒီနေ့တော့ နှင်းဆီပန်း ခူးပေးမယ့်သူ မရှိတော့ ကိုယ့်ဖာသာပဲ ခြံစည်းရိုးက ယုဇနပန်း ခူးလာခဲ့တယ်... ပန်းက မျက်နှာငယ်လှပါတယ်..."

စားပွဲဘေး ရပ်ရင်း ပြောနေရာက ပန်းကလေးက



ခင်ဖုန်းရှေ့ စာအုပ်ပေါ် တင်လိုက်တယ်...။

" ပန်နော်... မပန်ရင် ပန်ပေးလိုက်မှာ..."

အဲလိုပြောတော့ လန့်ပြီး ပတ်ဝန်းကျင် ကြည့်မိတာ...။

ကလေးတွေတောင် တချို့တလေ ရောက်နေပြီ...။ ဒါကြောင့် ပန်းကို မြန်မြန်ပဲ ယူလိုက်ပြီး မပန်သေးပါပဲ ပြောမိပေါ့...။

" ဘာလို့ ကျောင်းမှာ အလုပ်ဝင်နေတာ မပြောတာလဲ... စိတ်ဆိုးလို့..."

" စိတ်ဆိုးတာလား... မဆိုးပါနဲ့ ခင်ဖုန်းဆင့်ကို ခင်မင်လို့ တမင်စတာပဲ... ကျွန်တော် ကျောင်းဝတ်စုံ ဝတ်ထားတာတောင် မသိဘူးလား..."

" သူငယ်ချင်းတွေက ဦးမင်းထွန်း ဆိုလို့..."

" ဦးမင်းထွန်း ဆိုတာ... တစ်ခြားလူတွေ အတွက်လေ... ခင်ဖုန်းအတွက်က မင်းမင်းလေ..."

" စိတ်ဆိုးတာ..."

" မဆိုးပါနဲ့တော့လား... နောက်ဆို အမြဲတွေ့ရမှာကို... ကျောင်းအတူတူသွား... အတူပြန်မယ်..."

" ဘုန်းဘုန်းကျောင်းမှာပဲ နေတာလား..."

" မဟုတ်ပါဘူး... ကျောင်းဘေးက ဦးခင်မောင်ဦး ခြံမှာနေတာ... အဖေ့ညီလေ..."

" ဦးလေး ဦးလူလုကရော..."

" အဖေ့ညီ ဝမ်းကွဲ..."

www.burmeseclassic.com

www.burmeseclassic.com



ယုဇန ပန်းခက်လေးကို ဆံထုံးအရင်းမှာ ခုမှ ပန်ဆင်လိုက်တာ မွှေးပျံ့နေပါလား…။ သူက ခင်ဖုန်းကို ပြုံးကြည့်နေတဲ့ အခါ ရင်တွေ ခုန်နေသလိုပါလား…။

ဒီအချိန်မှာ အတန်းထဲကို ပြေးဝင်လာတဲ့ မောင်ထွန်းသာကို မြင်ရပါပြီ။ ပြေးဝင်လာပြီး ကလေးရဲ့ အကြည့်တွေက မင်းမင်းဆီမှာ။ မင်းမင်းကို သေချာ မော့ကြည့်ပြီးတော့မှ အတင်းကို ဖက်ထားတော့တာပါ…။ မင်းမင်းကလည်း ရုတ်တရက် ဆိုသလို သူ့ကို ဖက်လာတဲ့ မောင်ထွန်းသာကို နားမလည်စွာ ငုံ့ကြည့်နေပါတယ်…။

“ ကျွန်တော်က ဖော်ပျံ့ပါ…”

“ ဘာ…”

မင်းမင်းက နားမလည်ပေမယ့် ခင်ဖုန်း နားလည် လိုက်ပါပြီ…။

မင်းမင်းကို မောင်ထွန်းသာ မှတ်မိနေတာပါလား… အံ့သြစရာပဲ… ဒါပေါ့လေ တစ်ခါတစ်ရံ ဂါဝန်လေးနဲ့ ရောက်လာတတ်ပြီး ပဲလှော်ပေးတဲ့ ကောင်မလေး တစ်ယောက် ကိုတောင် မှတ်မိနေသေးတဲ့ မောင်ထွန်းသာ…။ အမှန်ပဲ ဖော်ပျံ့ဆိုတဲ့ မျောက်ကလေး တစ်ကောင် ဝင်စားတာဆိုရင် သူ့ကို ဝယ်လာခဲ့ပြီး အမြဲ ချစ်ခင်ခဲ့တဲ့ မင်းမင်းကို မမှတ်မိစရာ မရှိဘူးပေါ့…။

“ ဟော… ကျောင်းတက်ပြီ… မင်းမင်းလည်း ပြန်တော့… မောင်ထွန်းသာလည်း ကိုယ့်နေရာ ကိုယ်သွားထိုင်…”



ပြောပေမယ့် မရ… မောင်ထွန်းသာက မင်းမင်းကို ဖက်ထားဆဲပါ…။

“ မောင်ထွန်းသာ… ဆရာက ဒီကျောင်းမှာပဲ စာသင်နေတာ… နောက်ရက်တွေလည်း တွေ့လို့ရတယ်… အခု ကျောင်းတက်နေပြီ ဆရာမပြောတာ ကြားလား…”

ဒီတော့မှ မျက်နှာလေးမဲ့ပြီး ထွက်သွားတာ…။ ဒါတောင် မင်းမင်းကို လှည့်ကြည့် လှည့်ကြည့်နဲ့ပါ…။ မင်းမင်းကလည်း အံ့သြပြီး ကြည့်နေဆဲ…။

“ ကျောင်းတက်နေပြီလေ… မင်းမင်းသွားတော့…”

“ ညနေ အတူပြန်မယ်…”

“ စောင့်နေမယ်…”

အဲလိုပြောတော့မှ မင်းမင်းထွက်သွားတော့တာ…။ မောင်ထွန်းသာကို ကြည့်လိုက်တော့ မင်းမင်းကို လိုက်ကြည့် နေဆဲ…။

“ ကဲ… စာသင်ကြမယ်… ဆရာမက မင်းတို့ကို အခုစာကို သေချာရှင်းပြပေးခဲ့ပြီး… လေးတန်းအခန်းကို သွားရဦးမှာ… စာသေချာရေးထား… ပြန်လာလို့ ကြည့်မယ်… တစ်မျက်နှာ အပြည့်ရေးထားတာ မတွေ့ရင် အရိုက်ခံရမယ်… ကြိမ်လုံးဆိုတာ မောင်ထွန်းသာ ကဖို့မဟုတ်ဘူး… စာမကြိုးစားတဲ့ ကလေးတွေရိုက်ဖို့ ကြားလား ”

ဟိုအတန်းပြေး ဒီအတန်းပြေးနဲ့… မောလည်း မောပါတယ်…။ ဒါပေမယ့် ကျောင်းဆရာမ အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဝါသနာပါလို့ ရွေးခဲ့တာပဲ... မောလည်းမော ပျော်ပါတယ်...။

◆

**ကျောင်း**ဆင်းလို့ ပြန်တော့မယ်ဆို ခြင်းကလေး ဆွဲထွက်လာတာ...။ မမကျော့နဲ့ အုန်းအုန်းက သွားပြီဆို လက်ပြသွားတာ...။ သူတို့နဲ့က တစ်လမ်းစီပဲလေ...။ ကျောင်းဝင်းတံခါးမှာ မင်းမင်း ရပ်စောင့်နေတာပါလား...။ အတူတူလျှောက်ခဲ့ကြတာ...။

" တစ်ရက်လောက် ဘုရားသွားရအောင် "

" နှစ်ယောက်တည်း "

" ဟယ်... မဖြစ်ပါဘူး "

မင်းမင်းနဲ့ ခင်ဖုန်းနှစ်ယောက်တည်းအတူ ဘုရားသွားလို့က သိတဲ့လူတွေ ပြောကြမှာပေါ့...။ ခုတောင် တစ်လမ်းထဲ အတူပြန်လို့ရပေမယ့် နေ့တိုင်း အတူသွား အတူပြန် မဖြစ်သင့်ဘူး ထင်တယ်...။

" ဟိုကလေး အကြောင်း ပြောပြမယ်ဆို "

" မောင်ထွန်းသာလား "

" အင်း "

" သူက မင်းမင်းရဲ့ မျောက်ကလေး ဇော်ပျံဝင်စားတာလို့ ပြောတာပဲ "

" ဇော်ပျံ... ဇော်ပျံ... ဇော်ပျံက အဲဒီကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာတဲ့လား..."

အခုတစ်ခါတော့ မင်းမင်း အံ့သြတဲ့ အလှည့်ပါပဲလေ...။ ဟိုးရက်တွေက ခင်ဖုန်း အံ့သြခဲ့ပြီးပါပြီ။

" ခင်ဖုန်း ဘယ်လိုသိသလဲ "

" ခင်ဖုန်းသိတာ မကြာသေးပါဘူး... သူက လာခေါ်တယ်လေ... ဆရာမက အမြဲလို ပဲလှော်ပေးတတ်တယ်... ပြီးတော့ ဂါဝန်လေးနဲ့တဲ့... အဲဒီတုန်းက ခင်ဖုန်း ငါးတန်းလောက်ပဲ ရှိဦးမှာ... ဘုန်းဘုန်းကျောင်းရောက်ရင်... ဇော်ပျံ့နဲ့ ရေဆွဲတယ်... သူ့ဖို့ ပဲလှော်ယူသွားတယ်... မှန်နေတာမို့ အံ့သြရလွန်းတာ "

" အဲဒီအချိန်လောက်က ကိုယ်လည်း ငါးတန်းပဲ ထင်တယ်... ဇော်ပျံ့ကို ဒီကျောင်းလာပို့ခဲ့သလို ခဏခဏလည်း ရောက်ပါလျက် ဘာလို့များ ခင်ဖုန်းနဲ့ မဆုံရပါလိမ့်... အဲဒီတည်းက ဆုံခဲ့ရင်..."

" ဆုံခဲ့ရင် ဘာဖြစ်လဲ..."

" ဆုံခဲ့ရင် အဲဒီကတည်းက ခင်မင်ရမှာ... မနက်ဖြန်ကျရင် အဲဒီ မောင်ထွန်းသာနဲ့ တွေ့ကြည့်ချင်တယ်... ကိုယ့်ကို ဘာတွေပြောမလဲ သိချင်ပါရဲ့... ဝမ်းသာစရာပဲ "

" ဘာကို ဝမ်းသာတာလဲ..."

" သူက ဇော်ပျံ့သာ သေချာခဲ့ရင် ဝမ်းသာစရာပေါ့... မျောက်ကလေး ဘဝကနေ လူကလေး ဖြစ်ရတာ... ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ..."



မင်းမင်း ပြောမှ ခင်ဖုန်းလည်း စဉ်းစားမိပါတယ်... ဟုတ်တာပါရော...

မျောက်ကလေး တစ်ကောင်ဖြစ်ရတာ ဘယ်ကောင်းပါ့မလဲ...။ အခုလို လူကလေးတစ်ယောက် ဖြစ်ရတော့ ပြောချင်ရာတွေလည်း ပြောလို့ရတာပေါ့လေ...။ ဘယ်လောက်တောင် ကံကောင်းသွားလိုက်သလဲ...။

" မင်းမင်းပြောမှ ခင်ဖုန်းလည်း ခံစားလို့ ရသွားတယ်... ဟုတ်တာပဲ... ပဲလှော်ပေးတာကို သူကျေးဇူးတင် နေပုံရတယ်... အခုမှပဲ ပြောခွင့်ရရှာတာပါ... ဒါနဲ့ သူ့ကို ဘာလို့ ဇော်ပျံ့လို့ ခေါ်တာလဲဟင်..."

" သူ့ကို စတွေ့တော့ ဈေးထဲက မျက်ရောင်းတဲ့ လူဆီမှာလေ... တိရစ္ဆာန်လေးတွေ တွေ့ရတာ သူက ကိုယ့်ပုဆိုးကို အတင်းဆွဲတာ... ငါးတန်းကျောင်းသားဘဝ ပုဆိုးကလည်း မဝတ်ဝတ်တတ်နဲ့... ကိုယ့်ပုဆိုး မကျွတ်အောင် အတင်းပြန်ဆွဲ ဇော်ပျံ့ကလည်း ဆွဲပေါ့... သနားတာနဲ့ ဝယ်လိုက်တာ... ဇော်ပျံ့ကို ဝယ်တာဟာ စုထားတဲ့ ပိုက်ဆံအားလုံးကုန်ရော... ဇော်ပျံ့ကို ဝယ်တာဟာ ပထမဦးဆုံး တိရစ္ဆာန်လေးတွေကို ဝယ်တာ... ဇော်ပျံ့က အိမ်ရောက်လာတည်းက ဒုတ်ကလေးတွေ တွေ့ရင် ပခုံးပေါ် ထမ်းထမ်းကတယ်... ဒါကြောင့် ဇော်ပျံ့လို့ ကိုယ်နာမည် ပေးလိုက်တာ..."

" တုတ်ကလေးတွေ တွေ့ရင် ပခုံးပေါ် ထမ်းကတယ် ဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



" အင်း…"

အဲဒီအကျင့်က အခုအချိန်ထိ မောင်ထွန်းသာမှာ ရှိနေဆဲပါလား.. စာသင်ခန်းထဲမှာ ဆရာမရဲ့ ကြိမ်လုံးကို ပခုံးပေါ်ထမ်းပြီး ကတတ်တဲ့ မောင်ထွန်းသာကို ခင်ဖုန်း မျက်ဝန်းတွေနဲ့ကို တွေ့ခဲ့ဖူးခဲ့ပါပြီ….။

" မမဝင်းနဲ့ မနက်က တွေ့ခဲ့တယ်… ကိုယ့်ကို အရမ်းထွားလာလို့ မမှတ်မိချင်တော့ဘူးတဲ့… ခင်ဖုန်းရော… မြို့သာ မရောက်ဖူးဘူးလား…"

" ဟင့်အင်း.. မရောက်ဖူးပါဘူး…"

" ကိစ္စမရှိပါဘူး… နောက်ရောက်ဖူးမှာပေါ့…"

" နောက်ကို…"

" အင်း… ကိုယ် ဒီလမ်းကပဲ သွားလိုက်တော့မယ်… ခင်ဖုန်းတို့ ခြံလည်း လှမ်းမြင်နေရပြီပဲ… သွားမယ်… မနက်ကျ တွေ့မယ်… အရင်အချိန် အရောက်လာမယ်…"

ခြံမရောက်ခင် လမ်းချိုးအကွေ့မှာ သူနှင့်လမ်းခွဲခဲ့ပါတယ်…။ ဒါပေမယ့် သူ့အရိပ်တွေက ခင်ဖုန်းနဲ့ ကပ်ပါလာသလိုပါလား…။ ခုနကပဲ တွေ့ခဲ့တယ်…။ အခု ဘာလို့များ ထပ်တွေ့ချင် ပြန်တာလဲ…။

ဒါဟာ အချစ်လား…။

အချစ်က ခင်ဖုန်းဆီကို ခုလိုရောက်ရှိ လာတာလား ဟင်…။

◆

" မမြင့် မွေးပြီတဲ့ ခင်ဖုန်း.. အဲဒါ နင့်ကို ဆေးရုံလာခဲ့ပါလို့… မမြင့် ယောက်မလေး လာပြောတယ်… သွားလိုက်ဦးလေ…"

အိမ်ပြန်ရောက်ရောက်ချင်း မမဝင်းက ပြောပါတယ်…။ ဒါကြောင့် ဟုတ်လား… ဒါဆိုရင် ခဏအမော ဖြေပြီး ရေချိုးလိုက်ဦးမယ်… ပြီးရင် ဆေးရုံသွား ကြည့်လိုက်ပါမယ်လို့ ပြောမိပါပြီ…။

" ခင်ဖုန်း… မနက်က မင်းမင်းလာတယ်… သူလည်း နင်တို့ကျောင်းမှာ အင်္ဂလိပ်စာပြတဲ့ ဆရာဖြစ်နေပြီဆို… ဒေါ်လေးမှုကတော့ သူ့သားလေး ခွဲနေရတာ လွမ်းနေတော့မှာပဲ… ကောင်လေးက ကြီးလာတော့ ပိုခန့်ပိုချော လာပါလား… တစ်ခုတော့ ရှိတယ် ခင်ဖုန်း… နင် အဲဒီ မင်းမင်းကို ကြိုက်လို့ကတော့ အစ်မတွေလည်း ချစ်… အဖေနဲ့ အမေကလည်း ချစ်နဲ့… အထွေးဆုံးလေးနော်… လွယ်မှာ မဟုတ်ဘူး "

" မမဝင်းကလည်း သူငယ်ချင်းတွေပါ…"

ဒီလိုပြောပြီး စကားပြတ်ချင်တာမို့… ရေချိုးလိုက်တယ်… ရေချိုး အလှပြင်ပြီးတော့ ဆေးရုံဘက် တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ရပြန်ပေါ့...။ ဆေးရုံက အိမ်နဲ့ သိပ်မဝေးလို့ တော်တော့တယ်...။

" ဟယ်... ခင်ဖုန်း "

မမမြင့်ကဖြင့် သူ့ကလေး နို့တိုက်နေပါပြီ။

" ခင်ဖုန်း... ငါ့သားလေးကို ကြည့်ပါဦးဟယ်... ကြည့်ပါဦးဆိုတော့ ဘာများ ဖြစ်နေပါလိမ့်ဆို ရင်တထိတ်ထိတ်နဲ့ ကြည့်ရပြန်ပါတယ်...။ ကလေးလေးက ဆံပင်ကောင်းကောင်း မျက်နှာမည်းမည်းလေးနဲ့ ဘာမှလည်း မဖြစ်ပါဘူး...။

" ဘာဖြစ်လို့လဲ မမမြင့်..."

" ဒီမှာလေ... ဒီလက်ကလေး နှစ်ချောင်းတော့ မကောင်းရှာပါဘူး... ကျန်တာ ဘာမှမဖြစ်ဘူး "

" လက်ကလေး နှစ်ချောင်း "

မမမြင့် ပြလို့ ကြည့်မိတော့ ဘယ်ဘက် လက်သူကြွယ်နဲ့ လက်သန်းလေးတွေက ကောက်ကောက် ကွေးကွေးနဲ့ ပုံမကျ ပန်းမကျလေးတွေ ဖြစ်နေပါတယ်...။

" ကားတစ်စီးလုံး မှောက်ပြီး သွေးသံရဲရဲနဲ့... ရောက်လာရတဲ့ ငါ့သားလေး ခုလောက်လေး ထိခိုက်မှု ပါလာတာ ငါ... ကျေနပ်ပါပြီ ခင်ဖုန်းရယ်..."

" ဘယ်ဘက်လက်ပဲ ဖြစ်တာပဲ... ဘာမှမဖြစ်ပါဘူး မမမြင့်ရယ်..."

" ဟုတ်ပါတယ်... ငါစိတ်အေးပါပြီ..."

တော်ပါသေးရဲ့...။ ခုလောက်ဆို ဘာမှ အပန်းအကြီး



တော့ပါဘူး။ ကလေးအကြောင်း ပြောပြီးတော့မှ မမမြင့်လည်း သူ့အတန်းကို သတိရသွားပုံပါ...။

" ငါ့အတန်းက ဆိုးပေတေလေးတွေရော နင်နဲ့ အဆင်ပြေရဲ့လား ခင်ဖုန်း..."

" ပြေပါတယ် မမမြင့်... ဘာမပြေစရာရှိလဲ... ဒါနဲ့ မမမြင့်တပည့် မောင်ထွန်းသာအကြောင်း ခင်ဖုန်း ခုမှ သိရတယ် "

" ထွန်းသာလေးလား... အဲဒီကလေးက လိမ္မာပါတယ်... ကြိမ်လုံးတော့ အလွတ်မပေးပဲ... တွေ့တာနဲ့ကရော မဟုတ်လား"

" သူဟာ ဇော်ပျံဆိုတဲ့ မျောက်ကလေး ဘဝက လာတာတဲ့ မမမြင့်... အဲဒီမျောက်လေးက ခင်ဖုန်းကို သိနေတယ်..."

" ဟုတ်လား... သူပြောပြလို့ မျောက်ကနေ ဝင်စားတာ ဆိုတာ ကြားဖူးတယ်... ကောင်လေးက ဟုတ်နိုင်တယ်လို့ မမမြင့် ထင်တာက သစ်ပင် မြင်ရင် တက်သွားတာ... ကျောင်းနောက်က အပင်မှန်သမျှ သူတက်တာ... ဘယ်လောက် မြင့်မြင့် တက်ရဲထယ်ဟယ်... ငါ့မှာသာ လိမ့်ကျမှာစိုးလို့ တွေ့ရင် အော်ရတော့တာ..."

" မမမြင့်... ပြီးတော့လေ... ကျောင်းမှာ ဆရာအသစ် တစ်ယောက်ရောက်တယ်... စိုးမင်းထွန်းတဲ့ "

" မမမြင့်က မီးဖွားခွင့် ယူထားတော့ မသိလောက် ဘူးဆို ပြောပြတာ... ဒါပေမယ့် သိနေပြန်တာပါရော...။

www.burmeseclassic.com

www.burmeseclassic.com



" မောင်မင်းလေးက ရောက်နေပြီလား.. သူ့အစ်မ မညိုနဲ့ မမမြင့်က သူငယ်ချင်းတွေ... မညိုကတော့ ပြောပါတယ်... သူ့မောင်လေးလည်း မမမြင့်တို့ ကျောင်းမှာ ရောက်လာလို့ ဂရုစိုက်ပေးပါတဲ့လေ... သူ့မောင် လူပျိုအချော လေးကို သိပ်စိတ်ပူနေကြတယ်... ငါကလည်း ပြောလိုက်ပါထယ်... ငါတို့ကျောင်းမှာ အပျိုချောတွေ တစ်ပုံကြီး... မညိုအောင် စွဲသွားစေရမယ်လို့... ဘယ်လိုလဲ ခင်ဖုန်းကရော ရင်ခုန်ပြီလား "

" မမမြင့်ကလည်း "

ဒီလိုမေးလိုက်တဲ့ အခါမှာတော့ ရင်ခုန်မခုန် ခင်ဖုန်း ဘာသာ အသိဆုံးဆိုတော့ ရှက်သွားတာပေါ့...။

" ရှက်နေတဲ့ ရုပ်ကလေး ကြည့်ရတာကတော့... ရင်ခုန်စ ပြုပြီထင်တယ် "

" မဟုတ်တာ... မမမြင့်ရယ်... မင်းမင်းနဲ့က သူငယ်ချင်းပါ "

" မင်းမင်း.. အမယ် ခေါ်တာလေးကိုက မင်းမင်း တဲ့လား.. ဒါဆို တစ်ဝက်သေချာနေပြီ... သူငယ်ချင်းကနေ... အမြန်ဆုံး ကူးပြောင်းမှာပါ... "

" မမမြင့်တို့များ အခုကျမှ အသံလေး ရွှန်းရွှန်း ဝေနေတယ်... ခင်ဖုန်းကို စနိုင်နေပြီပေါ့လေ... သိပ်စချင်ရင် ကျောင်းအမြန် ပြန်တက်တော့... "

" မောင်မင်းလေးကိုပါ ငါ့အိမ်ခေါ်ပြီး လာလည်လှည့်...



မနက်ဖြန် ငါဆေးရုံက ဆင်းပြီး နင်တို့နှစ်ယောက် အတူလာလည်... ငါသေချာကြည့်လိုက်မယ်... ငါက ကောင်လေးနဲ့ ကောင်မလေးကို ကြည့်လိုက်တာနဲ့ မျက်လုံးတွေ မညာနိုင်တာ သိနေတယ်... "

" ဒါဆို မလာဘူး "

" မလာရဲဘူး ဆိုပါတော့... သဘောပေါက်ပါတယ် "

" လာရဲပါတယ်... လာခဲ့မယ်... "

မမမြင့်ကတော့ သူ့သားလေး ပွေ့ဖက်ရင်း ပျော်သွားပြီပဲလေ...။ ခင်ဖုန်းတို့ အနာဂတ်မှာရော ခုလိုပဲ သားသမီးတွေနဲ့ ပျော်ရွှင်ချမ်းမြေ့ ကြရမည်လား...။ တွေးရင်ကို ရင်ခုန်တတ်နေပါရော...။

" နင်တို့နှစ်ယောက် ဘယ်တော့လာမလဲ "

" သုံးလေးရက်နေ... အင်း... တနင်္ဂနွေနေ့ လာမယ် "

" ပိတ်ရက်လာမှာလား.. ဒါဆို ထမင်းစား "

" မစားပါဘူး မမမြင့်ရယ်... အိမ်က လူတွေ ချက်ရပြုတ်ရ ပင်ပန်းအောင် "

အပြန်တော့ အတော်ကြီး မှောင်နေပါရော...။ ခင်ဖုန်းက ကြောက်တတ်သူမို့ မှောင်လာပြီဆို... သုတ်ခြေတင် လမ်းလျှောက်တော့တာ... အမှန်ဝန်ခံရရင် သရဲဆို အတွေးနဲ့တင် ကြောက်တော့တာ...။ ဒါကြောင့် မှောင်ရင် သရဲကြောက်တတ် တယ်လေ...။

◆

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲမှာ ပွင့်နေတဲ့ နှင်းဆီပန်းလေးငါးပွင့် ခူးလိုက်တယ် မင်းမင်းတို့ အတန်းက ဘုရားပန်းအိုး အတွက်မှန်း ခုမှ သိတယ်လေ...။ ပန်းခူးပြီး ခြံဘေး လျှောက်လမ်းကလေးမှာ စောင့်နေမိတာ...။ ဟင်... ခြံစည်း ရိုးဘေးမှာ ဘာပင်လေးတွေ ပါလိမ့်... အပင်လေးတွေ လေးငါး ခြောက်ပင် စီတန်းပေါက်နေ တာပါလား..။

အပင်လေးတွေကို သေချာထိုင်ကြည့် နေမိပါတယ်...။

" ဘာတွေကြည့်နေလဲ..."

နောက်မှ အသံကြောင့် သူရောက်ပြီဆိုတာ သိပါလျှက်

" ဘာပင်တွေလည်း မသိဘူး မင်းမင်း..."

" တကယ်မသိဘူးလား "

" တကယ်ပေါ့ "

" စွယ်တော်ပင်လေးတွေပါ "

" စွယ်တော်ပင် "

မင်းမင်းပြောမှ အရွက်ကလေးတွေ နှစ်မြွာဖြစ်နေတာ ကြည့်လို့ ဟုတ်တာပါလားလို့ သိရတယ်...။

" သွားစို့လေ... ကျောင်းမ[illegible] နေမယ်... ပြီးတော့ ကျောင်းအပေါက်ဝမှာ... ဇော်ပျံစောင့်နေမယ်..."



" မောင်ထွန်းသာကို ဇော်ပျံလို့ မင်းမင်းက ခေါ်တုန်းပဲလား... မင်းမင်းကိုများဆို သိပ်ချစ်ပဲ... တစ်ခုတော့ ကောင်းတယ်... အရင်ဆို အတန်းထဲမှာ ကြိမ်လုံးထမ်းကလိုက... သစ်ပင်ပေါ်တက်လိုတက်... ခုံတွေပေါ် ပြေးဆော့လိုဆော့ သိပ်ပြောရတဲ့ မောင်ထွန်းသာ တစ်ယောက်... ခုတော့ မင်းမင်းအတန်းလိုက်သွားပြီး ဘေးနား ထိုင်နေတော့... ထိမ်းရသက်သာလိုက်တာ..."

" သူပြောတာလေးတွေ ကြားရရင် တစ်ခါတစ်ခါ စိတ်တောင် မကောင်းဘူး.. ဘုန်းဘုန်းကျောင်းမှာ ရေဆွဲသင် နေတုန်းက ရေမဆွဲရင် ကိုယ်က ရိုက်တာတွေ ပြန်ပြော ပြတယ်... ဆရာရိုက်တာ သိပ်နာတာပဲတဲ့ "

မင်းမင်းနဲ့ နှစ်ယောက်အတူ လျှောက်လာရင်း ပြောမိတာ မောင်ထွန်းသာ အကြောင်းများပါတယ်...။ တနင်္ဂနွေနေ့ကျရင် မမမြင့်သားလေး သွားကြည့်ကြရအောင်လို့ ပြောလိုက်တာ...။

" မမညိုသူငယ်ချင်း မမမြင့်တောင် ကလေးသုံးယောက် ရနေပြီ... မမညိုကတော့ ခုထိ အပျိုကြီး... ကိုယ့်အစ်မတွေက အပျိုကြီးတွေ ဖြစ်ကုန်ကြပြီ... မမစိုးဆိုလည်း ကြည့်... ခင်ဖုန်းယောက်မ မမဝင်းတို့တွေ အိမ်ထောင်ကျကုန်ပြီ... ကိုယ်ကတော့ ကြွေးကြော်ထားတယ်... အစ်မတွေ အရင် အိမ်ထောင်ပြုမယ်လို့..."

" အတော်လိမ္မာတဲ့ မောင်လေးပါလား "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်လေ… သူတို့စောင့်နေရရင် တစ်သက် ယူရတော့မှာ မဟုတ်ဘူး… လူပျိုကြီး ဖြစ်သွားမှာပေါ့"

" ကောင်းတာပေါ့…"

" မကောင်းပါဘူး… ကိုယ်အခု တွေ့နေပြီ…"

" ဟင် "

" ကိုယ်ချစ်တဲ့သူ တွေ့နေပြီ ခင်ဖုန်းရဲ့… သိပ်မကြာခင် ခင်ဖုန်းနဲ့ မိတ်ဆက်ပေးမယ်… ကိုယ်ချစ်တဲ့ ကောင်မလေးကို ဓာတ်ပုံတောင်းထားတယ်… ဓာတ်ပုံရပြီ… ခင်ဖုန်းကို ပြမယ်…"

ဓာတ်ပုံတောင်းထားတယ်…။ ဓာတ်ပုံရရင် ပြမယ်တဲ့…။ ဒါဆို ဘယ်သူလဲ…။ ဘယ်သူပါလိမ့်…။ ခင်ဖုန်းဆီကမှ ဓာတ်ပုံ မတောင်းလေတော့… သူချစ်တဲ့ သူဟာ ခင်ဖုန်း မဟုတ်တော့ ပါလား…။ ရင်ထဲ ထိခိုက်ကြေကွဲ သွားရသလိုပါပဲ…။

" မကြည့်ချင်ပါဘူး…"

" တကယ်လား… ကိုယ့်ချစ်သူက ချောချောလေး မကြည့်ချင်ဘူးလား "

" မကြည့်ချင်ဘူး…"

စိတ်ထဲ မကြည်လင်လေတော့ စကားလည်း များများ မပြောချင်တော့ပါဘူး…။ ခင်ဖုန်းမှားတာပါ…။

ဘာလို့များ တွေ့ရတာ မကြာသေးတဲ့ လူတစ်ယောက် အပေါ် ဒီမျှ ခံစားသွားမိပါလိမ့်…။ ပြီးတော့ တကယ့်ကို အဝေးကြီးက လူလေ…။ ခဏတာလေး ဆုံကြရတာကို…။ မြို့သာမှာလည်း ချစ်သူရှိနိုင်တာပဲ…။ ပျော့မ ဘပင် ချစ်ခဲ့မိတာ



တကယ့်အမှားပါလား။

" ခင်ဖုန်း "

" ဟင်…"

" ညနေ ကျောင်းအဆင်းကျရင် ဓာတ်ပုံရလာမှာ… ပြမယ်… စောင့်နေဦး… ဟုတ်လား ကိုယ်သွားတော့မယ်…"

အုန်းအုန်းက တွေ့တာနှင့် လှမ်းပြုံးပြတယ်လေ…။ မင်းမင်းထွက်သွားပြီ ဆိုတာနှင့်… အုန်းအုန်းက ပြောပါ လေရော…။ နင်တို့နှစ်ယောက် သိပ်ကို လိုက်ဖက်ညီတယ် တဲ့လား။

" လိုက်ဖက်ညီမနေနဲ့… သူ့မှာ ချစ်သူရှိတယ်…"

" ဟင် ချစ်သူရှိတယ်… ဟုတ်လို့လား… သွယ်မာနဲ့ တွေ့လို့ ငါကပြောတာတောင်… ကိုမင်းထွန်းက မချစ်တတ် ပါဘူး… ဒါကြောင့်မို့ ခုထိ ချစ်သူမရှိတာတဲ့ "

" အခုရှိတယ်… နောက်ဆို ခင်ဖုန်းနဲ့ မစနဲ့…"

အုန်းအုန်းကို ပြောခဲ့ပြီး… အမြန် အခန်းဆီ ထွက်လာခဲ့ပြီ…။ စိတ်ထဲ ကြေကွဲထိခိုက်ရသလိုပါ…။ သူ့ကိုမှ ဘာလို့ ချစ်မိပါလိမ့်…။

◆

www.burmeseclassic.com

www.burmeseclassic.com

ညနေမှာ သူ့ကို မစောင့်ဘူး...။ အမြန်ပြန်မယ်လို့ ရည်စူးပြီးသား...။ သူချစ်သူ ဓာတ်ပုံလာပြမှာ ကြည့်စရာလား...။ ဒါကြောင့် အမြန်ဆုံး ထွက်လာခဲ့တာပါ...။ အချစ်ဆိုတာ ခင်ဖုန်းအတွက် ခံစားစရာ ဖြစ်လိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့တာ...။

" ဆရာမ... ဆရာမ "

" မောင်ထွန်းသာပါလား... တစ်ယောက်တည်းလား... အိမ်အပြန် အဖော်မပါဘူးလား... တစ်ယောက်တည်း အရမ်းမဆော့နဲ့နော်... မင်းဆရာမ ဒေါ်မြင့်မြင့်နဲ့ တိုင်မှာ... မင်းဆရာမက ပြောတယ်... မင်းက သစ်ပင်ပေါ်တွေလည်း လျှောက်တက်တယ်ဆို... လမ်းမှာ ဂရုစိုက်ပြန်..."

" ဟုတ်ကဲ့ ဆရာမ... ဆရာမ... ဆရာက ဆရာမကို သွားရှာနေတယ် "

" အေး... အေး "

မောင်ထွန်းသာက... လမ်းအကွေ့လေးမှာတော့ ချိုးကွေ့ပြီး အားပါးတရ ပြေးနေတော့တာပါလား...။ ဒီကလေးဟာလေ။ မင်းမင်းပြောသလိုဆို လူကလေး ဘဝရောက် လာရတာ ဝမ်းသာပျော်ရွှင် စရာတဲ့လား...။ ခင်ဖုန်းလည်းလေ...



ဘယ်နှယ် မင်းမင်းဆီ စိတ်ရောက်သွား ရပြန်ပါလိမ့်...။

တော်ပါပြီ...။ သူ့ကို သတိမရမှ ဖြစ်မယ်။

ခင်ဖုန်းနှင့် ဘာဆိုင်တာလိုက်လို့...။

" ခင်ဖုန်း ဘယ်လိုဖြစ်လို့ နောက်ကျနေလဲ... ဒီမှာ မင်းမင်းက... မမြင့်ကလေးသွား မေးမလို့ဆို... ပစ္စည်းတောင် ဝယ်ပြီး လာစောင့်နေတာ "

မမဝင်းပြောမှ ကြည့်မိတာ...။ ညှော်ခန်းမှာ အကျအန ထိုင်နေတာပါလား။ ခင်ဖုန်းစောပြန်လာတာ သူနှင့် လွဲအောင်ပါ။ အခုတော့ သူက အရင်ရောက်နှင့်လို့ပါလား...။ ခင်ဖုန်းကိုလည်း ပြုံးရင်း ကြည့်နေပြန်ပါတယ်...။

" မမမြင့်ဆီ တနင်္ဂနွေမှ သွားမှာ..."

" အခုသွားလိုက်ရအောင်ပါ ခင်ဖုန်း... တနင်္ဂနွေမှာ အဖေနဲ့ အမေ လာမယ်ဆိုလို့ပါ..."

ပြောလို့မရလည်း သွားလိုက်ရုံပေါ့...။ မမဝင်းရှေ့မှာ အချေအတင်လည်း သိပ်ပြောမနေချင်တော့ပါဘူး...။ ဒါကြောင့် ထွက်လာခဲ့ရတယ်...။

" ခင်ဖုန်း စိတ်ဆိုးပြီး စောပြန်သွားတာလား "

" စိတ်ဆိုးတယ်... စိတ်ဆိုးစရာ ဘာရှိလဲ "

" ကိုယ်ချစ်သူ ဓာတ်ပုံပြမယ်ဆိုလို့... စိတ်ဆိုးသွားတာ လားလို့ပါ..."

" ဘာဆိုင်လို့ စိတ်ဆိုးရမှာလဲ... မဆိုးပါဘူး... ရှင့်ဘာသာ ရှင့်ချစ်သူရှင်ချစ်တာ... ခင်ဖုန်းနဲ့ ဘာဆိုင်လဲ..."

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါပြီဗျာ..! ကိုယ်ကလည်း ကိုယ့်ချစ်သူ ကိုယ်ချစ်ရတာ... သိပ်ကို ချစ်ရပါတယ်..."

မမမြင့်တို့ အိမ်ကိုရောက်တော့ မမမြင့်ကတောင် အံ့ဩလို့...။ ကျောင်းပိတ်ရက်ကျမှ လာမယ် ထင်နေတာ တဲ့လေ...။ သူက မမမြင့်သားလေးကို ကလေးသေးသေး လေးပေမယ့် ချီတတ်တာပါလား...။ မမမြင့်ကတော့လေ... မောင်မင်းလေးနဲ့ မတွေ့ရတာ ကြာပြီ... မင်းပိုချောလာ တယ်တဲ့...။

" ဟုတ်လား... မမမြင့်... ပိုသာချောလာတာ... ချစ်သူမှ ရပ့်မလား "

" ဘယ်နှယ် မရရမှာလဲ... ကျောင်းမှာ အချောအလှ တွေ အများကြီးကို..."

" ကျွန်တော်က တစ်ယောက်ဆို တစ်ယောက်ဆိုတော့ အချောအလှတွေ ဘယ်လောက်များများ ကျွန်တော့်ရဲ့ တစ်ယောက်သော သူကိုပဲ..."

သူက အဲလိုပြောနေတာကိုများ မမမြင့်က ဘာထင် တယ် မသိပါဘူး... ဟုတ်ပါပြီ ဟုတ်ပါပြီ... မောင်မင်းလေးရဲ့ တစ်ယောက်သူတဲ့လား...။ သိပါပြီတဲ့...။ အပြန်လမ်းမှာတော့ အတော်ကြီး မှောင်နေပြီ မဟုတ်လား...။

ဖြစ်ချင်တော့ မမမြင့်တို့ အိမ်ကအပြန် ဘူတာသံလမ်း တွေကို ဖြတ်ပြန်ရတာ...။

" ဘယ်လိုဖြစ်ပြီး ဒီလောက်မြန်အောင် လျှောက်နေ



ရတာလဲ... ဘာလဲ... သရဲကြောက်လို့လား "

" ဘာတွေလျှောက်ပြောနေလဲ "

ကြောက်တော့ ကြောက်တာပေါ့...။ ဒါပေမယ့် သရဲကြောက်တယ်လို့လည်း ဝန်မခံချင်...။

" တကယ်မကြောက်ဘူးလား... ဒါဆို ကိုယ်ဒီနားမှာ သရဲရှိမရှိ ခေါ်ကြည့်လိုက်မယ်... ဟောဒီမှာ "

" မင်းမင်း ဘယ်လိုဖြစ်နေတာလဲ..."

" ကြောက်လား..."

" မကြောက်ဘူး "

မကြောက်ဘူးလို့သာ မာန်တင်းပြောရတာ...။ အသံက တုန်ချင်လာပြီလေ။ နဂိုရ်ကမှ မှောင်လာရင်ကို ကြောက်တတ်တဲ့ လူမဟုတ်လား။

" သရဲက မကြောက်ဘူးလို့ ညာပြောတဲ့လူကို ပိုခြောက်တာ... ဟောဒီမှာ... ခင်ဖုန်းက မကြောက်ဘူးတဲ့ "

" မင်းမင်း ဘယ်လိုဖြစ်နေလဲ..."

" ခင်ဖုန်း... ခင်ဖုန်း ရှေ့က ဓာတ်တိုင်အလင်းရောင်မှာ ခဏရပ်ပါ..."

" ပြန်မယ်... မှောင်နေပြီ... မမဝင်းလည်း မျှော်နေ လိမ့်မယ်... ဘာရပ်လုပ်မှာလဲ..."

" ခဏလေး ခဏလေး... ဒီမှာကြည့်..."

" ဘာလဲ..."

" ဒီမှာပါဆို..."

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းကို လွယ်အိတ်ထဲက ပစ္စည်းတစ်ခုကို ယူပေးပါတယ်… ပြီးတော့ သေချာကြည့်တဲ့။ ဘာများလဲလို့ ကြည့်လိုက်တဲ့ အခါမှာတော့ မှန်တစ်ချပ်ပါပဲ…။ ခတ်တိုင်က မီးလုံးအလင်းရောင်နဲ့ ဆိုတော့ မှန်ထဲမှ ခင်ဖုန်းရဲ့ ပုံရိပ်ကို မပီဝိုးတဝါးလို မြင်ရပါတယ်…။

" အဲဒါ ကိုယ့်ချစ်သူ ဓာတ်ပုံလေ…"

" ဘာ…"

" ကိုယ့်ချစ်သူ ဓာတ်ပုံပါဆိုမှ…"

ရုတ်တရက် သဘောမပေါက်ပေမယ့်… ချက်ချင်းဆိုသလို သဘောပေါက် သွားပါပြီ။ ဒါကြောင့်မို့ ခြေလှမ်းတွေ အမြန်မြင့်လို့ ထွက်လာခဲ့ပါပြီ…။ ခင်ဖုန်းကို တမင် စိတ်ဒုက္ခရောက်အောင် လုပ်တာ…။ တစ်နေ့လုံး စိတ်ထဲ ထိခိုက်ပြီး စိတ်မကောင်း ဖြစ်ရတယ်…။ နေနှင့်ဦးပေါ့ ခင်ဖုန်းကို စိတ်ဒုက္ခရောက်အောင် လုပ်တဲ့ အပြစ်အနေနဲ့ အဖြေမပေးဘူး…။ ချစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက် ရပါလျှက်…။

" ခင်ဖုန်း… ချစ်တယ်…"

" မချစ်ပါဘူး… သွားပြီ…"

ခြံရှေ့နား ရောက်နေပြီမို့ အမြန်ဆုံး ပြေးဝင်လာခဲ့တယ်…။ တစ်နေ့လုံး စိတ်မကောင်း ဖြစ်ရသမျှ ရှင့်ကို… ညှဉ်းထားလိုက်ဦးမယ်…။ ဒါပေမယ့် ရင်ထဲမှာတော့ ကြည်နူးချမ်းမြေ့ ရပါပေါ့…။

ခင်ဖုန်း… ချစ်တယ်တဲ့လား…။



မင်းမင်းကိုလည်း ခင်ဖုန်း ချစ်ပါတယ်…။

ဒါပေမယ့် ချက်ချင်းကြီးတော့ မဖြေသေးဘူး…။ ရှင့်ကို ညှဉ်းထားရမယ်…။

◆

www.burmeseclassic.com

www.burmeseclassic.com

မမြင့် ကျောင်းပြန်တက် နေပါပြီ...။ ခင်ဖုန်းကို မြင်တာနဲ့ ဘယ်လိုလဲ... အဆင့် တက်သွားပြီလားတဲ့။ ဘာ အဆင့်တက်ရမှာလဲ ဆိုတော့... မင်းမင်းနဲ့ ခင်ဖုန်း ချစ်သူတွေ ဖြစ်သွားကြ ပြီလားတဲ့လေ...။ ဒါကြောင့်မို့ ကြံကြံဖန်ဖန် ဘာကိစ္စ ချစ်သူတွေ ဖြစ်ရမှာလဲ...။ ချစ်စရာလားလို့ ဖြေလိုက်တာပေါ့...။

" မောင်မင်းလေးကို ခင်ဖုန်း ချစ်မချစ်တော့ မသိဘူး... မောင်ထွန်းသာကို သုံးတန်းကနေ ရှစ်တန်း ပြောင်းပေးရမလို ဖြစ်နေပြီ... သူ့ဆရာဆီပဲ သွားနေတယ်... ဟိုနေ့ကလည်း မနက်ပိုင်း ကျောင်းတက်တယ်... နေ့ခင်း ထမင်းစားပြီးတော့... ပျောက်နေရော... ငါ့မှာဖြင့် ဘယ်သွားပါလိမ့် လိုက်ရှာရတာ... သူ့ဆရာ စာသင်တာ ကြည့်ချင်လို့ဆို မောင်မင်းလေး အတန်းဘေးက သရက်ပင်ပေါ်မှာ အကျအနထိုင်လို့... ဟိုကလည်း အတန်းပြန်ပြီ ထင်တာပေါ့..."

သံယောဇဉ် ဆိုတာ... တကယ် ကြောက်စရာ ကောင်းတာပါလား...။ ဘဝတစ်ခု ပြောင်းပြီးတာတောင် တွယ်ငြိနေဆဲ...။ မမြင့် ကျောင်းပြန်တက်တော့ ခင်ဖုန်းလည်း မောင်ထွန်းသာနဲ့ မတွေ့ရတော့ဘူးလေ...။ မောင်ထွန်းသာဆိုတဲ့



ကောင်ကလေးက အခုဆို ခင်ဖုန်းရဲ့ အတန်းနီးနီးလေးကိုတောင် မလာပါပဲ... သူ့ဆရာရဲ့ ရှစ်တန်းအခန်းထဲမျှား ကွင်းပြင်ကြီးကို ဖြတ်ပြီး သွားနေလလေရဲ့...။

" ခင်ဖုန်း ငါ့သားလေးကို ကြက်ဥ ဘဲဥ မကျွေးဘူး သိလား... လူဝင်စားတဲ့ ကလေးတွေက ကြက်ဥ ဘဲဥမစားရင် သူတို့ရဲ့ ဘဝဟောင်းကို ပြန်ပြောတတ်တယ်တဲ့..."

" ပြောလည်း မောင်သန်းအေး အကြောင်း ပြောမှာ... မောင်သန်းအေး အကြောင်းက ခင်ဖုန်းတို့ သိခဲ့ပြီးသားပါ..."

" ငါ့သားလေး ဘာပြောမလဲ... ငါနားထောင် ကြည့်ချင်တယ်..."

မမြင့်က မေးပြီးပြန်တော့လည်း တစ်မျိုးဖြစ် လာပြန်ပါရော...။ မမကျော့ကတော့ မြင့်မြင့် နင် ရှုပ်ကို ရှုပ်ကိုရှုပ်တယ်... ထားလိုက် အတိတ်ဘဝက ဘာဖြစ်ဖြစ်... အခု နင့်သားမဟုတ်လား... ပြီးရောပေါ့တဲ့လေ...။

" ခင်ဖုန်းရေ... လာနေပါပြီ... မနက်အတူလာ... ညနေအတူပြန် နင်တို့ ဘယ်လိုညာညာ... ငါတို့က ချစ်ခဲ့ ဖူးပါပြီ... ဒီလောက်ဆို သိနေပြီပေါ့..."

" မဟုတ်ပါဘူး... ခင်ဖုန်းတို့က ရိုးရိုးသားသားပါ..."

" အစကတော့ ရိုးရိုးပေါ့ဟယ်..."

ပြန်တော့မယ်ဆို မင်းမင်းက အတန်းထဲထိ လာခေါ် တာကို...။ မမြင့်တို့ကတော့ သူ့ကို စနောက်နေ ပြန်တော့တာ။

" မောင်မင်းလေး... ဘယ်တော့ စားရမလဲ..."

www.burmeseclassic.com

www.burmeseclassic.com



" စားရမှာပေါ့… မမမြင့်ရဲ့… ကျွန်တော် ဖိတ်စာ တစ်ခြမ်း ရိုက်ထားပါပြီ… တစ်ခြမ်းလိုနေသေးလို့ပါ… သိပ်မကြာပါဘူး…"

" သဘောပေါက်ပါပြီ… ကျန်တဲ့ ဖိတ်စာ တစ်ခြမ်း အမြန်ရိုက်ပါ…" တဲ့လေ…။

အတူပြန်လို့ လမ်းရောက်ပြီဆို မေးပါလေရော…။ မဖြေသေးဘူးလားလို့…။

" ခင်ဖုန်း ဖြေဖို့ သင့်နေပြီ…"

" ဖြေရအောင်… ခင်ဖုန်းတို့ သိကြတာ ဘယ်လောက်များကြာသေးလို့လဲ… တစ်ရွာသားကို ရည်းစား လုပ်ရင် လွမ်းတတ်သတဲ့ ရှင် မကြားဖူးဘူးလား…"

" လွမ်းစရာလား… အတူ အနားမှာ ရှိနေတာကို…"

" မြို့သာ ပြန်သွားရင်ကော…"

" ဘာကိစ္စပြန်ရမှာလဲ… အတူ အမြဲရှိနေမှာ… အမြန်ခေါင်းညိတ် အမြန် လက်ထပ်ကြမှ… ဒါဆို ကိုယ်သွားလေရာ ခင်ဖုန်းကို ခေါ်သွားမှာ…"

" လိုက်ပါဘူး…"

" တကယ် မလိုက်ဘူးလား…"

" မလိုက်ဘူး…"

" ကောင်းပြီလေ… ဒါဆိုလည်း လိုက်တဲ့လူပဲ ခေါ်သွားရတော့မှာပေါ့…"

" ခေါ်သွား ရှင်ခေါ်တဲ့ဆီ လိုက်ချင်တဲ့ လူတွေပေါမှန်း



သိပါတယ်… သိပ်မကြွားပါနဲ့ လိုက်ချင်တဲ့ သူတွေပဲ ခေါ်သွားပါ…"

ခင်ဖုန်း စိတ်ကောက်တတ်နေပြီလား…။ သူ့ကို ချစ်မိခြင်းဖြင့် သူ့ရဲ့ ကြင်နာမှုတွေကိုရော လိုချင်နေမိတာလား…။

" ကြည့်စမ်းပါဦး ခင်ဖုန်း… ကိုယ်စိုက်ထားတဲ့ စွယ်တော်ပင် ပေါက်လေးတွေတောင် အတော်ကြီးလာပြီ "

" ဟင်… အဲဒါ မင်းမင်းစိုက်ထားတာ ဟုတ်လား "

" ဟုတ်တယ်… ဒီခြံထဲမှာ ရှိနေတဲ့ ခင်ဖုန်းဆင့်ဆိုတဲ့ ကောင်မလေးကို ချစ်မိပြီလို့ နှလုံးသားက ခံစားရတဲ့ အထိမ်းအမှတ်အနေနဲ့ ကိုယ်လာစိုက်ထားခဲ့တာ… ခင်ဖုန်းကတော့ အလေ့ကျပေါက်လာတယ် မှတ်ပြီး ကြည့်နေသေးတယ်… အလေ့ကျပေါက်ရင် ခုလို တညီတညာ အကွာအဝေး ရှိပါ့မလား…"

ဟုတ်သားလား။

စွယ်တော်ပင်လေးတွေဟာ ခြံစည်းရိုးဘေးမှာ တစ်ပင်နှင့်တစ်ပင် အကွာအဝေး ညီညီညာညာနဲ့ အပြိုင်အရိုင်း ကြီးထွားလာခဲ့ပါပြီကော…။

" စွယ်တော်ပင်လေးတွေကို သေချာရေလောင်းပေါင်းသင်နော် ခင်ဖုန်း… ဒါ ကိုယ့်အချစ်သင်္ကေတပဲ… သေမသွားအောင် ဂရုစိုက်ပါ ခင်ဖုန်းရယ်… ခင်ဖုန်းကို ကိုယ်သိပ်ချစ်တယ်…"

အချစ်သင်္ကေတတဲ့…။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကလည်း ယဉ်ပါ့… ကိုမင်းမင်းရယ်… ခင်ဖုန်းတောင်မှ သူ့လောက် စိတ်ကူးမယဉ်မိပါဘူး…။

“ ဘယ်တော့ အဖြေပေးမှာလဲ…”

“ အင်း… ခင်ဖုန်း မွေးနေ့ကျတော့ ပေးမယ် ”

“ မွေးနေ့… မွေးနေ့က ဘယ်တော့လဲ ”

“ ရှေ့လကုန် ”

“ ဒါဆို တစ်လခွဲလောက် ကြာမှာပေါ့… ရပါတယ်လေ… ခုလောက် အတိအကျ သိရရင်ကို တော်ပါပြီ… တစ်ဘဝလုံးအရေးပဲ တစ်ခဏလေးတော့ စောင့်ရမှာပေါ့…”

ခင်ဖုန်း ဒီလိုပဲ တွေးလိုက်တာ…။ မွေးနေ့ကျရင် အတူ ဘုရားသွားမယ်… ကုသိုလ်ကောင်းမှုတွေ ပြုမယ်… ပြီးရင် ဘဝခရီးဖော် အဖြစ် ခေါင်းညိတ်လိုက်မယ်…။ ခင်ဖုန်းအတွက် တစ်သက်တစ်ချစ်ပဲ…။ သိပ်အကြာကြီး မစောင့်ရတော့ပါဘူး…။

“ ကိုယ်တို့ လက်ထပ်ပြီးရင်…”

“ အမယ်… ဘယ်သူက ရှင့်ကို ချစ်တယ်လို့ ဖြေလို့ လက်ထပ်ရမှာလဲ… မချစ်ဘူးလို့လည်း ဖြေချင်ဖြေနိုင်တယ် မဟုတ်လား…”

“ ဟာကွာ… အဲလိုမျိုး ရက်စက်မှာလား…”

“ ရက်စက်မှာ…”

ရှင်းလည်းသိမှာပါ…။ ရက်စက်မယ့်လူရဲ့ မျက်လုံးထဲမှာ ချစ်တဲ့ နွေးထွေးမှုတွေ ရှိနေမတဲ့လား…။ မင်းမင်းကို



ခင်ဖုန်းချစ်ပါတယ်။ ဘယ်လိုပဲ မဖြေရသေးပါဘူး ဆိုဆို… ခင်ဖုန်းချစ်တယ်ဆိုတာ မင်းလည်း သိနေနှင့်မှာပါလေ…။

ချစ်ပါတယ်… မင်းမင်းကို ခင်ဖုန်းချစ်တယ်… အဲလိုပဲ ဖြေမှာပေါ့ ခဏတော့ စောင့်ဦး။

◆

www.burmeseclassic.com

www.burmeseclassic.com

" ဘာဟင်းချက်လဲ မမကျော့ "

" ဘာလဲ... ဝက်သား ပဲငါးပိချက်ခိုင်းမလို့လား "

" မဟုတ်ပါဘူး... ဘာဟင်းလဲလို့ပါ... ခင်ဖုန်း ဒီနေ့ ဘဲဥပဲ ချက်ခဲ့တယ်... မမဝင်းက ဈေးသွားနောက်ကျလို့... "

ထမင်းစားချိန် လေးယောက်စုပြီးတော့ စားဖို့ ပြင်ဆင်နေပါပြီ...။ မမမြင့်က ငါးသလောက်ပေါင်းတဲ့... စားလို့တော့ ကောင်းပါရဲ့ စာသင်ရင် ငိုက်နေမယ်လို့ အုန်းအုန်းက ပြောတယ်...။

" ထမင်းတစ်နပ်လောက် လာကပ်စားလို့ ရမလား

အံ့ဩစရာပါလား...။ ထမင်းစားချိန်မှာ အတူ ထမင်းလာစားလေ့မရှိတာ...။ သူက ထမင်းချိုင့်လည်း ယူလာလေ့ မရှိပါဘူး...။ မနက်က စားလာခဲ့ပြီ... ထမင်းချိုင့် ရှုပ်လို့ မကိုင်ချင်ဘူးတဲ့လေ...။

" မောင်မင်းလေး... လာပါ စား... "

မမမြင့်ကတော့ အတော်လောကွတ် ကောင်း လေရဲ့...။

" ခင်ဖုန်း ထမင်းစားချင်တာ... "



" အဲလိုလား ဒီနေ့ ခင်ဖုန်းက ဘဲဥမို့ စိတ်ပျက်နေတာ "

" ရပါတယ်... ဘဲဥလည်းစားပါမယ် "

တကယ့်ကို ခင်ဖုန်းချိုင့်ကို ယူစားတယ်လေ...။ မမမြင့် မမကျော့နဲ့ အုန်းအုန်းတို့က အခြေအနေ ကြည့်နေပါတယ် ဆိုမှ သူဘာဖြစ်လို့ ခုလိုရောက်လာတာပါလိမ့်...။

" ခင်ဖုန်း "

" ဟင် "

" စားလို့အရမ်း ကောင်းတာပါပဲ... ပြီးတော့ ပြောစရာရှိလို့ ထမင်းအတူ လာစားတာ... "

" ပြောစရာ "

ဟယ်... ဘာတွေပြောမှာလဲ...။ မမမြင့်တို့ သုံးယောက်လုံး ရှိနေတာကို ဘာပြောမှာပါလိမ့်...။ သူတို့ကို ခင်ဖုန်းက ဘာမှဖွင့်မပြောဘူးဆိုပေမယ့် သူတို့ကို ခင်ဖုန်းက ဘာမှဖွင့်မပြောဘူးဆိုပေမယ့် သူတို့က ရိပ်မိနေတာနော်...။

" ပြောစရာ... ငါတို့ရှေ့မှာ ရည်းစားစကားတော့ ပြောမှာ... မဟုတ်ပါဘူး "

" ရည်စား စကားက ပြောပြီးနေပြီ... ခင်ဖုန်းကို ချစ်တယ်လို့လေ... သူက မဖြေသေးတာ "

" ကြည့်စမ်း... ကြည့်စမ်း... ခင်ဖုန်း အစုတ်ပလုတ်က ဖွက်ထားတာကို... ခုမှပေါ်တော့တယ် "

မင်းမင်း တစ်ယောက် ဘယ်နှယ် ဒါတွေလာပြော နေတာပါလိမ့်...။ အတူနှစ်ယောက်တည်း ရှိမှ ပြောပါလား။

www.burmeseclassic.com

www.burmeseclassic.com



" မင်းမင်း ဘယ်လိုဖြစ်နေလဲ "

" ကိုယ်လား... ကိုယ်... အိမ်ခဏပြန်မလို့ ခွင့်ယူထားတယ်... အမေ လေဖြတ်လို့တဲ့... အဲဒါ မြို့သာပြန်ရမယ်... လောလောဆယ် ဟိုကအခြေအနေ ကြည့်ပြီး နေရမှာ... ခွင့်က နည်းနည်းရက်ရှည်ချင် ရှည်သွားလိမ့်မယ်... ညနေ ကျောင်းအဆင်းထိ မနေနိုင်ဘူး... သုံးနာရီ ရထားနဲ့ မြို့သာလိုက်သွားတော့မှာမို့ အတူထမင်းလာစားတာ... ကိုယ်... ခင်ဖုန်းရဲ့ မွေးနေ့အမီတော့ ပြန်လာခဲ့မယ်..."

ဒါကြောင့်လား။

ဒါကြောင့် အတူထမင်းလာစားတာကိုး...။ အမေ လေဖြတ်တယ် ဆိုတာကို မင်းမင်း မပြန်ရဘူးလို့ ဘယ်လို ပြောရပါ့မလဲ...။ မခွဲချင်ဘူးဆိုတဲ့ ခံစားချက်ကြောင့် ရင်ထဲမှာ ထိခိုက်ကြေကွဲ နေသလိုပါ...။

" စိတ်ချပါ... မွေးနေ့အမီ ဆက်ဆက် ပြန်လာပါ့မယ်..."

" အမေက ဘယ်လိုဖြစ်လဲ... ဘယ်ဆေးရုံမှာလဲ "

" မြို့သာဆေးရုံတင်ထားတယ် ပြောတာပဲ... အမေက ကျွန်တော့်ကို အချစ်ဆုံးလေ... ဒီတော့ ပြန်မှ... ပြီးတော့ အမေ့နား ခဏတော့ နေရမယ်... ဆရာကြီးကတော့ ခွင့်တွေလည်း ရှိနေတာ ပြန်ပါတဲ့... ခင်ဖုန်းကိုတော့ လွမ်းနေတော့မှာ..."

ဟန်ဆောင်ရတာ ပင်ပန်းလိုက်တာ...။



ခင်ဖုန်းရင်ထဲလည်း ထိခိုက်ကြေကွဲ နေပါလျက် ဟန်ဆောင်နေရတယ်... ဒါကြောင့် ပြောပါရော... မလွမ်းချင်ဘူးလို့...။

" အမေ့ အခြေအနေကြည့်လို့ သက်သာတာနဲ့ ပြန်လာခဲ့မယ်... သုံးနာရီ ရထားဆိုတော့ ကျောင်းမဆင်းသေးဘူး... အပြန်ကျ အတူ မပြန်နိုင်တော့ဘူး... နောက်ရက်တွေလည်း ကောင်းကောင်းပြန်... ကိုယ်စိတ်ပူနေအောင် မလုပ်ဘူး မဟုတ်လား... ဂရုစိုက်..."

မမမြင့်တို့ရေ... ငိုချင်တယ် ... ဒါပေမယ့် ပြုံးနေရတယ်...။

သူက တကယ် ပူပန်စွာ မှာနေလိုက်တာ...။ အဲလိုမျိုးကို မခွဲချင်တာပါလား။ သူပြောသလို အမြန်ခေါင်းညိတ် အမြန်လက်ထပ်ခဲ့ရင် သူသွားလေရာ လိုက်နိုင်တယ်ဆိုတဲ့ စကားလေး သတိရမိပါပြီ...။

" နင် ဘူတာ လိုက်ပို့ချင်ရင် ပို့ပါလား... နင့်အတန်း ငါကြည့်ပေးမယ်လေ..."

ကျေးဇူးတင်ပါတယ် မမအုန်း...။ အဲလိုလည်း မလုပ်နိုင်ပါဘူး...။ ဘူတာလိုက်ပို့ နှုတ်ဆက်ရတဲ့ ခံစားမှုကို ခင်ဖုန်း ပိုလို့တောင် ကြောက်ပါသေးတယ်...။ ရင်တနင့်နင့်နဲ့ ကြည့်ရင်း ကျန်နေခဲ့ရမှာ...။

" မဟုတ်တာ... လိုက်မပို့ရဘူး... ခင်ဖုန်းက လက်ပြ ကျန်နေရစ်ရော... အဲဒီအချိန် ကျွန်တော်က ရထားပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ တက်သွားနိုင်လိမ့်မယ် မထင်ဘူး… လိုက်ပို့ဖို့ကို ကျွန်တော် သဘောမကျလို့ပါ… အမြန်ဆုံး ပြန်လာမှာပဲ…"

ဟုတ်ပါတယ်… ခင်ဖုန်းလည်း ဒီလိုပဲ သဘောကျပါတယ်…။ သူကလည်း မသွားချင်ပဲ သွားရ… ခင်ဖုန်းကလည်း မလွှတ်ချင်ပဲ လွှတ်ရနဲ့…။ ထမင်းစားပြီး သွားတော့မယ်လို့ နှုတ်ဆက်ရင်းက… ခင်ဖုန်းကို သေချာကြည့်ပြီးတော့ ဘယ်တော့မှ မေ့မသွားနိုင်မယ့် လက်ဆောင်မျိုး ပြန်ပို့လိုက်မယ်တဲ့လား…။ မငိုမိအောင် မနည်းကြိုးစား နေရတာ…။

◆

" **စိတ်**မဆိုးပါနဲ့ ခင်ဖုန်းလည်း သူက ချစ်လာလိမ့်မယ်လို့ မထင်ခဲ့သလို… တစ်ရွာသားကို ရည်းစားလုပ်ရင် လွမ်းတတ်တယ်ဆိုလို့ သိပ်စဉ်းစား ကြည့်ခဲ့ရတယ်… "အခုပဲကြည့်လေ… သူ ခွင့်ယူသွားပြီ… ခင်ဖုန်း သတိရနေရုံကလွဲပြီး…"

အုန်းအုန်းတို့ကိုတော့ မညာချင်တော့ပါဘူး…။ အခုဆို ခင်ဖုန်း အရမ်းလွမ်းရတယ် မဟုတ်လား…။ မွေးနေ့အမီ ပြန်လာခဲ့မယ်တဲ့… ခင်ဖုန်း မွေးနေ့ရောက်ဖို့ ဆယ့်လေးငါးရက်မက လိုပါသေးတယ်…။ သူ့အမေ ရောဂါသည်းနေတယ်ဆို ဘယ်လို ပြန်လာပါ့မလဲ… မွေးနေ့လည်း ဘယ်လာနိုင်ပါ့မလဲ…။

" အမလေးဟယ်… မြို့သာလောက်များ စကားထဲ ထည့်ပြောလို့… အခုသွား အခုရတယ်… သူ့အမေ ရောဂါ ဖြစ်နေတာ ကြာလို့ နင်သိပ်လွမ်းရင် ငါလိုက်ပို့မယ်… ဒါလေးများ…"

မမမြင့် အတွက်တော့ ဒါလေးများပေါ့…။

ခင်ဖုန်းအတွက်တော့ အသည်းကျွမ်းမတတ် အလွမ်းကြီး လွမ်းရတာပါ…။ အခုပဲ ကြည့်လေ… တစ်နေ့ တစ်နေ့ ခင်ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမှ မပြုံးနိုင်…။

" ခင်ဖုန်း မွေးနေ့ကျရင် ချစ်တယ်လို့ အဖြေပေးမယ်လို့ သူ့ကိုလည်း အဖြေပေးမယ်လို့ ပြောထားပြီးပြီ… ဒါကြောင့် သူက မွေးနေ့ အမီတော့ မဖြစ်မနေ ပြန်လာမယ်လို့ ပြောခဲ့တာပါလား…"

" ဒါမျိုးဆိုလို့ကတော့ မင်းမင်းတို့ မဖြစ်မနေ ပြန်လာမှာ… အသေအချာပါဟာ… မွေးနေ့အမီ ပြန်လာခဲ့မယ်လို့ ပြောသွားတာပဲ… အရမ်းလွမ်းမနေပါနဲ့… ခုချိန် ချစ်နေကြတုန်း ချစ်ရလွမ်းရတာလည်း အရသာပါပဲ… လွမ်းထား… လွမ်းထား လက်ထပ်ပြီးတော့ အခုအရသာမျိုးထက် ပေါ့သွားရော…"

" မမကျော့ကတော့လေ… အချစ်နဲ့ အိမ်ထောင်ရေးကို ဟင်းခွက်တွေများ မှတ်နေလား… အရသာပေါ့ ရတာနဲ့ လေးရတာနဲ့…"

" ငါတို့တော့ အခု ငါ့လူကြီးခရီးထွက်ရင်… ရှင်နော် ကျန်းမာရေး ဂရုစိုက်… ဒီလောက်ပါပဲ "

သူတို့တွေလိုမျိုး အရသာပေါ့တဲ့ ဟင်းတစ်ခွက် ဖြစ်သွားနိုင်မလား…။ မဖြစ်နိုင်ပါဘူး။ သူ့ကိုသိပ်ချစ်တယ်…။ တစ်နေ့ တစ်နေ့ သူပြန်လာမယ့်ရက်ကိုပဲ မျှော်နေမိသလိုပါ…။

" ဟဲ့… မောင်မင်းလေးကို မျှော်နေတာ… နင်တစ်ယောက်တည်း မဟုတ်ဘူး ခင်ဖုန်း… မောင်ထွန်းသာက ဘာပြောတယ်မှတ်လဲ… ဆရာလည်း မရှိဘူး ဆရာ့ကို သတိရတယ်… ဆရာပြန်မလာရင် ကျွန်တော် လွမ်းတာနဲ့



သေမလားပဲတဲ့… ငါဖြင့် ရယ်လိုက်ရတာ… ပြန်လည်း ပြောရတယ်… လွမ်းတာနဲ့ မသေဘူး ထွန်းသာရေ… စာမရရင်သာ စာမေးပွဲကျမှ နင့်အဖေရိုက်လို့ သေမယ်လို့… သူ့အဖေ အရက်သမားက… ခုတောင် ကျောင်းထားချင်တော့တာ မဟုတ်ဘူး…"

ဖော်ပျံလေးကလည်း မင်းမင်းကို လွမ်းနေသတဲ့လား…။ ခင်ဖုန်းလည်း အရမ်းလွမ်းတယ်…။ ထမင်းစားချိန်ကို သူ့အလိုအတူ ထမင်းစားသွားပါလိမ့်လို့… တွေးမိရင်… အနားမှာ ရှိနေသလိုလို…။

" ပြန်ကြရအောင်လေ… ဆောင်းဝင်လာတော့ အမှောင်မြန်လာပြီ…"

ကျန်တဲ့လူတွေက အိမ်ထောင်သည်တွေဆိုတော့ အိမ်မှုကိစ္စတွေနဲ့ ကျောင်းဆင်းတာနဲ့ အပြေးပြန်ကြတော့တာ…။ ခင်ဖုန်းကတော့လေ… အပြန်လမ်းမှာ အလွမ်းစိတ်နဲ့ အဲဒီ လမ်းတွေ လျှောက်ရင်လည်း ပိုလို့ လွမ်းလှပါပြီ…။

" ဟင်…"

ခင်ဖုန်း ခြံစည်းရိုးလေး ဘေးအရောက်မှာတော့ ခင်ဖုန်းအတွက် ကမ္ဘာပျက်သွားသလိုပါပဲ…။ စွယ်တော်ပင် လေးတွေ အစီအရီကို… မြက်ခုတ်ရင်း တစ်ယောက်ယောက်က ခုတ်သွားလေသလား။ အားလုံးဟာ မြက်ရိုင်းတွေနဲ့အတူ အပိုင်းပိုင်း ပြတ်ထွက်နေပါပြီ။

" ဘယ်လိုဖြစ်ရတာလဲ… ဘယ်လိုဖြစ်ရတာလဲ…"

www.burmeseclassic.com

www.burmeseclassic.com



အရှူးတစ်ယောက်လို အပိုင်းပိုင်းသော စွယ်တော်ပင်လေးတွေကို ကောက်ကိုင်ရင်း ပြန်စိုက်ရမှာလား… ဘာလုပ်ရမှာလဲ…။

ခင်ဖုန်းဘာလုပ်ရမလဲကွယ်…

အဲဒီ စွယ်တော်ပင်လေးတွေက အချစ်သင်္ကေတပါ…။

စွယ်တော်ပင်လေးတွေကို သေချာရေလောင်းပေါင်းသင်ပေးနော် ခင်ဖုန်း… ဒါကိုယ့်အချစ် သင်္ကေတပဲ… သေမသွားအောင် ဂရုစိုက်ပါ ခင်ဖုန်းရယ်… ခင်ဖုန်းကို ကိုယ်သိပ်ချစ်တယ်…။

ဂရုစိုက်ပါလို့ သူသေချာမှာထားပါလျက် ခင်ဖုန်း… ဂရုမစိုက်တာလား။ မဟုတ်ပါဘူး… ဘာလို့မနက်က ရှိနေပါသေးလျက် အခု ဘယ်သူက ခုတ်ပိုင်းပစ်လိုက်တာလား။

မျက်ရည်တောင် ရစ်ဝဲလာပါပြီ…

အိမ်ပေါ်ရောက်တော့ မမဝင်းကို မေးမိပေါ့…။

" သစ်ပင်တွေလား… သြော်… ဟိုဘက်ခြံက စံလုံးကို ခုတ်ခိုင်းနေသံ ကြားတယ်… မြွေဟောက် မြင်လို့တဲ့… ဒေါ်ကြီးထားက မြွေစိတ်ပူပြီး စံလုံးကို ခုတ်ခိုင်းတယ် ထင်တယ်… ဘာလို့လဲ…"

ဖြစ်ပြီးခဲ့ပြီပဲလေ…

ခုမှတော့ ခုတ်ခိုင်းတဲ့ လူကိုဖြစ်ဖြစ်… ခုတ်ခဲ့တဲ့ လူကိုဖြစ်ဖြစ် အပြစ်ဘာယ်လို တင်ရပ့ါမလဲ…။ ဒါပေမယ့် ဝမ်းနည်းတယ်…။ မင်းမင်း ပြန်လာလို့ ပြောပြရင် ခင်ဖုန်းကို ဂရုမစိုက်ဘူးလို့ ပြောလေမလား။



အချစ်သင်္ကေတတွေ ပျောက်ဆုံးသွားတာတော့ မဟုတ်နိုင်ပါဘူးနော်…။ မင်းမင်းရယ်… အလွမ်းဆိုတာ ဒီလောက် တနင့်တစ်ပိုး ခံစားရမှန်း သိခဲ့ရင်…။

◆

www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းရောက်ရင်ကို အသံကတိတ်နေတာ...။ သူနဲ့အတူ စားရတာကို သတိရလိုက်တာနဲ့... ဟင်းတွေလည်း ဂရုမစိုက်နိုင်တော့ပါဘူး...။ ဒါကို မမြင့်တို့လည်း သိပုံရပါတယ်...။ ဟန်ဆောင်လည်း ပြုံးမနေချင်ပါဘူးလေ...။

“ ဆရာမ... ခင်ဖုန်း ဆရာမ ”

အပေါက်ဝက ခေါ်သံကြောင့် သူတို့လေးယောက် လှည့်ကြည့်မိတယ်... ဦးလေးဦးလူလှပါလား။ လာလေ ဦးလေး... ဘာလို့လဲဆိုတော့... လက်ထဲက ပစ္စည်းလေးကို ခင်ဖုန်းဆီ လက်ကမ်းလိုက်ပါတယ်...။

“ ဦးလေး မနက်ကမှ မြို့သာက ပြန်လာတာ... မောင်မင်းမင်းက... ခင်ဖုန်းကို ပေးလိုက်ပါဆို စာတစ်စောင်နဲ့ ပေးလိုက်တာ...”

လှောင်အိမ်ကလေးတစ်ခု...။ လှောင်အိမ်ထဲမှာ ငှက်ကလေး နှစ်ကောင်... အတောင်ပံလေးတွေက အရောင်စုံနဲ့ သိပ်ကို လှပတဲ့ ငှက်ကလေး နှစ်ကောင်ပါလား။ သူက ခင်ဖုန်းအတွက် ပေးလိုက်တာတဲ့လား။ မမြင့်တို့ကတော့... ဦးလူလှကြီးကို သူ့အမေ သတင်းမေးနေလေရဲ့...။ ခုထိ



မသက်သာသေးပဲ အိပ်ရာထဲ လဲနေတုန်းလို့ ပြောပါတယ်...။

“ အမေက မသက်သာသေးပါဘူး... ဒါပေမယ့် မင်းမင်းကတော့ ခွင့်ကုန်ရင် ခဏပြန်လာမှာပါ... အစ်မတွေလည်း ရှိနေတာပဲဟာ... သူက စာလည်း ရေးပေးလိုက်တယ်... ခင်ဖုန်းနဲ့တွေ့ရင်လည်း... ပြောလိုက်ပါ... မွေးနေ့အမီ ပြန်လာပါမယ်တဲ့...”

ငှက်ကလေး နှစ်ကောင်ကတော့ လှောင်ချိုင့်အိမ်လေးထဲမှာ... ခုန်ဆွ ခုန်ဆွနဲ့ ချစ်စရာလေး...။ စာကို ဖတ်ချင်လှပါပြီ.. ဒါပေမယ့် မမြင့်တို့လည်း ရှိတယ်... ဘာတွေရေးထားမယ် မသိ...။

“ ငါတို့လည်း သိပါရစေလား.. မနေနိုင်လို့ပါ ”

“ အုန်းကတော့လေ... ကဲပါ.. ခင်ဖုန်း အရင်ဖတ်ပြီး ပေးပါမယ် ”

ချစ်တဲ့ ခင်ဖုန်းလို့ ရေးထားတဲ့ သူ့လက်ရေးလေးတွေ...။ သေးသေးညီညီစီလို့... လက်ရေးလေးတွေကိုမှ ချစ်မိနေသလိုပါ...။

“ တစ်နေ့က အမေ့အတွက် ဆေးသွားဝယ်ရင်း ဒီငှက်ကလေး နှစ်ကောင်ကို တွေ့တော့ သတိရလို့ ဝယ်လာတာ... အဲဒီငှက်ကလေးတွေ အကြောင်း ပြောပြရဦးမယ်... ဟိုးအရင်က ကိုယ်တို့အိမ်မှာ ဒီလိုငှက်ကလေး နှစ်ကောင် မွေးထားဖူးတယ်... တစ်နေ့မှာ တစ်ကောင်က သေသွားရော... ငှက်ကလေးတစ်ကောင်သေပြီ... သိပ်မကြာဘူး တစ်ကော

www.burmeseclassic.com

www.burmeseclassic.com



လောက်နေတော့ နောက်တစ်ကောင်လည်း သေသွားတယ်… ကြည့်ရတာ ခွဲမနေနိုင်ကြဘူးနဲ့ တူပါရဲ့… သူတို့အချစ်က အံ့ဩစရာပါပဲ..

ကိုယ့်အချစ်လိုပဲ နေမှာ… ခွဲမနေနိုင်ဘူး.. လွမ်းလှပြီလေ… မွေးနေ့အမီ ပြန်လာမယ်… ကိုယ်ပျော်ရမယ့် အဖြေပဲ ပေးနော် ခင်ဖုန်း… အတွေးနဲ့တင် ကြိုတင် ပျော်ရွှင်နေမိတယ်…။

စာဖတ်ပြီးတော့ မမမြင့်တို့က မောင်မင်းလေးက အချွဲကောင်းပါလားတဲ့…။

အချွဲကောင်း မကောင်းတော့ မသိပါဘူး..။

လွမ်းလို့ ချက်ချင်း ပြေးတွေ့ချင်မိပါပြီ…။ ငှက်ကလေး နှစ်ကောင်ကိုကော မင်းမင်း ဘာတွေများ ပြောပြလိုက်တယ် မသိ… ငှက်ကလေးတွေက ခုန်ဆွ ခုန်ဆွနဲ့ တကျစ်ကျစ် အသံပေး နေပြန်ပါတယ်…။

" မွေးနေ့အမီ ပြန်လာမှာဆို ဘာမှမလိုတော့ပါဘူး.. ငါတို့ကိုလည်း တစ်ခုခုကျွေး.. အထိမ်းအမှတ်က နှစ်ခုတောင် ဆိုတော့ ပိုတောင်မှ ကျွေးရဦးမှာ… မွေးနေ့တစ်ခု မင်းမင်းနဲ့ ချစ်တာလေးက တစ်ခုလေ…"

" ကျွေးမှာပေါ့ အုန်းအုန်းရယ်…"

သူ့စာလေးနဲ့ ငှက်ကလေး နှစ်ကောင်ဟာ ခင်ဖုန်း အတွက် အလွမ်းပြေဆိုပေမယ့်… ပိုတောင် လွမ်းလာပြီး ပိုတောင် တွေ့ချင်မိပါရော…။



" မြို့သာဆိုတာ ဟိုအရင်… တစ်ခေါက်လောက် ရောက်ခဲ့ဖူးရင် အကောင်းသား… အခုတော့ ဘယ်လိုနေမှန်း မသိတဲ့ နေရာဆီ စိတ်နဲ့ ရည်မှန်းလို့ လွမ်းရတာ မကောင်းလိုက်တာ…"

" မြို့သာများဟယ်… ခဏလေးနဲ့ ရောက်ပါတယ်… နင်သွားချင်ရင် ငါလိုက်ပို့မယ် "

ပြောသာပြောကြတာ…။ အဲဒီသုံးယောက်လုံးက သူတို့ ယောကျ်ား… သူတို့ကလေးတွေ ထားပစ်ပြီး ခင်ဖုန်းကို ဘယ်လို မြို့သာလိုက်ပို့ ကြမှာလဲ.. တကယ်လည်း မဟုတ်ပါပဲ… ပြောနေကြတယ်…။

www.burmeseclassic.com

www.burmeseclassic.com

ငှက်ကလေး နှစ်ကောင်ကိုပဲ အလွမ်းပြေကြည့်နေတော့တယ်…။ သူ့စာကလေးကိုလည်း ခဏခဏ ဖတ်ရလွန်းလို့ အတော်နွမ်းလာသလိုမို့ ဖတ်ရမှာတောင် မဝံ့ရဲချင်တော့ပါဘူး…။ ဒါပေမယ့် သူပြန်လာဖို့ သိပ်မလိုတော့ပါဘူး…။ မွေးနေ့ရောက်ဖို့လည်း… ဘာမှမှမလိုတော့တာ…။

" ခင်ဖုန်း… ခြံစည်းရိုးဘေးမှာ ဘာပင်တွေ ပြန်စိုက်နေတာလဲ…"

" စွယ်တော်ပင်လေးတွေပါ မမဝင်းရယ်… ခုတ်ပစ်လိုက်ကြတော့… ပြန်စိုက်နေရတယ်…"

သူပြန်လာရင် အချစ်သင်္ကေတတွေ မတွေ့ရတော့ဘူးဆို စိတ်မကောင်း ဖြစ်လေမလား… ကျောင်းက' စွယ်တော်ပင် ပေါက်ကလေးတွေကို ဆရာကြီးဆီက တောင်းလာပြီး ပြန်စိုက်ပေးထားရတယ်…။

" နင့် ငှက်တွေ ဘယ်ကရလာတာလဲ… ဘာလို့ အလုပ်ရှုပ်ခံ မွေးထားရတာလဲ… ငါ့မှာဖြင့် ညှော်လုပ်ရင်တောင် ကြက်တူရွေးတွေလို သေသွားလေမလား စိုးရိမ်ပြီး မညှော်ရဲ အောင် ဖြစ်နေတယ်… ဝယ်လာတာလား… အလကား ယူလာ တာလား… ကရိကထ များပါဘိ… ဘာလို့ မွေးနေရလဲ…"



မမဝင်းကို အမှန်အတိုင်းလည်း ပြောလို့ မဖြစ်လို့ တပည့်လေး တစ်ယောက် ပေးတာပါလို့ လွယ်လွယ် ပြောလိုက်ရတယ်…။

" အလကား အကောင်ပလောင်တွေ မမွေးစမ်း ပါနဲ့ဟယ်… ဘုန်းဘုန်းကျောင်းက မျောက်ညိုလေးကိုတောင် ခွေးကိုက်လို့ သေသွားတာ ဦးလေး ဦးလူလှ မျက်ရည်တောင် ကျတယ်… တိရစ္ဆာန်တွေကို သံယောဇဉ် များရတာ မကောင်း ပါဘူး…"

" ဟယ် မျောက်ညိုလေး သေသွားပြီလား…"

" အေး… နင်မသိဘူးလား…"

ခင်ဖုန်း မသိလိုက်ပါလား…။ မျောက်ညိုလေးနဲ့ အတူ မင်းမင်း ရေခပ်နေတာကို ခင်ဖုန်း ပထမဦးဆုံးတွေ့ကတည်းက သူ့အပေါ် ခံစားမှု ဖြစ်ခဲ့ရတာပါလား…။ သူပြန်လာလို့ မျောက်ညိုလေး သေသွားတာ သိရင် စိတ်မကောင်း ဖြစ်တော့မှာ…။

သူက နူးညံ့ကြင်နာတတ်သော နှလုံးသား ရှိသူပီပီ တိရစ္ဆာန်လေးတွေ အသတ်ခံရမှာကို သနားပြီး ကယ်တင်ပေး တတ်တဲ့ သူပဲလေ…။ ကိုယ့်ချစ်သူရဲ့ ဖြူစင်တဲ့ စိတ်သဘောထား လေးကို နှစ်သက် လေးစားနေမိပါတယ်…။

" ခင်ဖုန်း… မင်းမင်း အမေလည်း မသက်သာဘူး ထင်တယ်… ကျော်စိုးတစ်ယောက် မြို့သာသွားမလို့ဆို ဒါနဲ့ ဘူတာမှာတွေ့တယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်စိုး... ကျော်စိုးဆိုတာ ကားမောင်းတဲ့လူလား..."

" အေးလေဟယ်... ဦးခင်မောင်စိုးသားလေ... အဲဒါ မင်းမင်းအမျိုး အရင်းတွေ... ကျော်စိုးနဲ့ တစ်ဝမ်းကွဲတွေ ထင်တယ်... နင် ဒါတောင် မသိဘူးလား..."

" မသိပါဘူး မမဝင်းရယ်... ကျောင်းသူဘဝက စာကျက်... ဆရာမဘဝ စာသင်နဲ့ ဒါကလွဲပြီး ခင်ဖုန်း ဘာမှမသိဘူး..."

" အင်း ကောင်းတယ်... နင်ကတော့လေ နင့်အစ်ကို စိတ်ပူလည်း ပူစရာ... အစ်ကိုကဖြင့် တစ်ဦးတည်းသော ညီမလေးကို သင့်တော်တဲ့လူနဲ့ အိမ်ထောင်မကျမှာ ပူလိုက်ရတာ"

ဒါတော့ မပူပါနဲ့လို့ ရင်ထဲက ပြောမိတယ်...။

မသင့်တော်တဲ့ လူနဲ့ အိမ်ထောင်ကျစရာလား... မင်းမင်းက ဒီလောက် စိတ်မာတ်ဖြူစင်နေတာ...။ ပြီးတော့ ပျော်ရွှင်စရာ ဘဝလေး တစ်ခုကိုလည်း ရဦးမှာ...။

" နင့်အစ်ကိုတောင်မှ အခုနေရာကနေ ရွာကြီးဘူတာကို ပြောင်းရမလို ပြောတယ်..."

" ရွာကြီးဘူတာ... ရွာကြီးဘူတာဆိုတာ..."

" ရွာကြီးဘူတာဆိုတာ မြို့သာသွားရင် ဆင်းရတဲ့ ဘူတာလေဟယ်... အဲဒီ့ဘူတာ ပြောင်းရရင်တော့ ငါလည်း လိုက်သွားမယ်... နင့်အစ်ကိုကို တစ်ယောက်တည်း ထားရတာ စားဝတ်နေရေး စိတ်မချဘူး..."

" ရွာကြီးမှာရော ကျောင်းရှိလား ဟင်..."



" ရွာကြီးမှာ အလယ်တန်းကျောင်း ရှိတယ်... မြို့သာမှာတော့ အထက်တန်းထိ ရှိတာ... မြို့သာက တောင်ညိုမြိုင် အစပ်ရောက်သွားပေမယ့် ရထားလမ်းသာ ဝေးတာ... ကားလမ်းကောင်းတော့ မြို့ပိုကြီးတယ်ဟဲ့..."

ခင်ဖုန်းကတော့ ခင်ဖုန်း စိတ်ကူးနဲ့ ပျော်နေမိသလိုပါ...။ မင်းမင်းနှင့် လက်ထပ်ပြီးရင် နှစ်ယောက်အတူ မြို့သာဖြစ်ဖြစ်... ရွာကြီးဖြစ်ဖြစ် ပြောင်းနေရရင် ကောင်းမယ်...။ မင်းမင်းကလည်း သူ့မြို့သာနှင့် နီးနီး နေချင်ရှာမှာပေါ့လေ...။

" နင့်အစ်ကိုကြီး ရွာကြီးပြောင်းရရင် ဒီနှစ် စာသင်နှစ်ကုန်တာနဲ့ နင်လည်း ရွာကြီးပြောင်း... ငါတို့ ဟိုဘက်ရွှေ့ကြရင် ကောင်းမလား..."

" အခြေအနေအရပေါ့... မမဝင်းရယ်..."

မင်းမင်းနှင့်လည်း တိုင်ပင်ချင်သေးတယ်လေ...။ မင်းမင်းက ဘာပြောဦးမယ်မှ မသိတာ...။ ဘဝခရီးကို နှစ်ယောက် အတူ လျှောက်မယ် ဆိုမှတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် တိုင်ပင်ကြရမှာပေါ့...။

သိပ်မကြာခင်ရက်မှာ မင်းမင်း ပြန်လာရင်... ချစ်တယ် မင်းမင်းလို့ ဖြေလိုက်မယ်... ပြီးရင် ဟိုးအနာဂတ်အထိ အတူတူ လက်တွဲဖို့ကတော့ နှစ်ယောက်လုံး အတူတူ ညှိနှိုင်းကြမယ်လေ...။ ချစ်သူနှင့် အတူပဲဟာ... ခရီးကြမ်းလည်း ခင်ဖုန်း လျှောက်ရဲပါတယ်...။

◆

www.burmeseclassic.com

www.burmeseclassic.com

**လီ**မွှော်ရောင် နှင်းဆီပွင့်လေးကို ဆံထုံးမှာ ထိုးစိုက်ပန်လိုက်ရင်... အဲဒီ အရောင် နှင်းဆီပွင့်လေး ချစ်သူက ပေးတယ်လို့ အမှတ်ရမိစွာ ပြုံးရပါပေါ့...။ ဒီနေ့မှ နောက်ကျ နေတာမို့ ဆွဲခြင်းလေး အမြန်ဆွဲလို့... သွားပြီ မမဝင်းလို့ ပြောကာ လှေကားမှ ဆင်းလိုက်ပါတယ်...။ ဆင်းနေက လှေကားသုံးထစ်က ဘယ်လိုဘယ်လို မျက်စိ မှောက်တယ် မသိ...။

" အမလေး... ခင်ဖုန်း ခင်ဖုန်း ဘာဖြစ်သွားလဲ...

မြေကြီးပေါ် ခွေခွေလေး လဲသွားပါပေါ့...။

မမဝင်းက ပြေးလာ ထူပေးရတယ်...။

" နှင့်ဟယ်... ကလေးမဟုတ် သူငယ်မဟုတ်... ဂရုစိုက် ဆင်းမှပေါ့... ပြစမ်း ဘယ်နား နာသွားလဲ..."

လက်ဖနောင့်မှာ နည်းနည်း ပွန်းသွားရုံပါ... ကျောင်းရောက်မှ မမမြင့်ဆီ ဆေးတောင်းထည့်လိုက်မယ်... နောက်ကျနေလို့ သွားပြီ မမဝင်းဆို ထွက်လာခဲ့ရတယ်... လျှောက်လာရင်းမှ လက်ဖနောင့်က ဒဏ်ရာ ကြည့်မိတာ... အတော်ကြီး ပွန်းပဲ့ သွားတာပါလား...။



လက်နဲ့ ထောက်လိုက်တာကို...

ကျိုးမသွားရင် တော်ပါပြီ...။

လျှောက်လာရင်း... ဒူးမှာလည်း ဒဏ်ရာများ ရှိမလား... နာနေသလိုပါပဲ...။ ဘယ်လိုဖြစ်ပြီး ချော်ကျသွားပါလိမ့်...။

ဟင်... ခေါင်းပေါ်က နှင်းဆီပန်းလေးလည်း မရှိတော့ပါလား...

ချော်လဲတုန်းက ပြုတ်ကျခဲ့ပြီ ထင်ပါရဲ့...။

အတန်းထဲမှာ ဆွဲခြင်း ချထားလိုက်ပြီး လက်မှတ်သွား ထိုးဖို့ ဘောလ်ပင်ယူဆဲမှာ မမမြင့် ဝင်လာလို့ ကြည့်မိတယ်... မမမြင့် တစ်ယောက်တည်း မဟုတ်ပါဘူး... မမကျော့နဲ့ အုန်းအုန်းပါ ပါတာပါလား...။

" ဘယ်လိုဖြစ်လို့ စောစောစီးစီး လူစုံတက်စုံနဲ့ ဘာလဲ... ဆရာကြီး အစည်းအဝေး ခေါ်လို့လား..."

" ခင်ဖုန်း ထိုင်ပါဦး..."

" လက်မှတ် မထိုးရသေးဘူး..."

" မထိုးရသေးလည်း ထိုင်..."

ဘာလဲ...။ ဘာဖြစ်ကြပြန်ပါလိမ့်...။ ထိုင်ဆို ထိုင်လိုက်တယ်...။ ထိုင်ရင်းမှ လက်ဒဏ်ရာ အမှတ်ရလို့...။

" မမမြင့် ခင်ဖုန်း ချော်လဲလာတယ်... လက်က ဒဏ်ရာ ဆေးထည့်ပေးဦး..."

" ခင်ဖုန်း..."

" ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



" နှင် မြို့သာ သွားမလား..."

" မြို့သာ... ဘာလို့လဲ... မြို့သာကို ခင်ဖုန်းက ဘာလို့ သွားရမှာလဲ..."

" မောင်မင်းလေး ဆုံးပြီဟဲ့..."

မမြင့် ပြောလည်းပြော... ငိုပါလေရော...။ အားပါးတရ ငိုနေကြတာ...။

" မင်းမင်း အမေဆုံးပြီလား..."

လေဖြတ်နေတဲ့လူ ဆိုတာ အချိန်မရွေး ဆုံးပါးသွား နိုင်တာပဲလေ...။ ဒါကြောင့် မင်းမင်းအမေ ဆုံးလို့လားလို့ မေးမိတယ်...။

" မင်းမင်း ဆုံးတာဟဲ့... ရွာကြီးဘူတာမှာ လက်မှတ် လာဝယ်ရင်းက ကလေးတစ်ယောက်ကို ရထားတိုက်မှာ ဆွဲရုံ သူက မြောင်းထဲ လိမ့်ကျသွားတယ်တဲ့..."

ဘာတွေ လာပြောနေတာလဲ...။

မဟုတ်တာတွေ... မင်းမင်းက ပြန်လာတော့မှာ... မွေးနေ့ ရောက်ဖို့ တစ်ပတ်လောက်ပဲ လိုတော့တာကို... သူတို့ငိုနေတာတွေကို ကြောင်ကြည့်နေမိပေမယ့် စိတ်မှာတော့ ခံစားမှုက လွှတ်နေသလို...။

" ငိုလေ... ခင်ဖုန်း ငိုလိုက်လေ..."

" ဘာလို့ ငိုရမှာလဲ... မဟုတ်နိုင်ပါဘူး မမြင့်ရယ် မဟုတ်ပါဘူး... မငိုကြပါနဲ့... မင်းမင်းက နောက်တ နေမှာပါ..."



" ခင်ဖုန်း... ခင်ဖုန်း အမှန်တရားကို လက်ခံလိုက်... နှင် အဲလိုကြီး မလုပ်ပါနဲ့... ဆရာကြီးရုံးခန်းမှာ မစိုးနွယ် ရောက်နေတယ်... မြို့သာသွားမလား... မင်းမင်းကို နောက်ဆုံးတွေ့ခြင်းနဲ့ တွေ့မလား... ငါတို့ လိုက်ပို့မယ် "

" ဘာတွေလာပြော နေတာလဲ... မဟုတ်နိုင်တာတွေ... မမြင့်တို့ အတန်းပြန်ကြတော့ ကျောင်းတက်ပြီ ခင်ဖုန်း စာသင်တော့မယ်... မနေ့က သချ်ာတွေ ဆက်တွက်ကြရအောင် ကလေးတို့..."

" ခင်ဖုန်း..."

" စာသွားသင်ကြလေ... ကျောင်းတက် နေပါပြီဆို..."

သူတို့ကို အတင်း နှင်ထုတ်ပစ်လိုက်တယ်...။ လက်ဖနောင့်က စပ်နေတဲ့ ဒဏ်ရာကို ကြည့်မိတော့ သွေးစတွေ တောင် ခဲနေပြီ...။ မမြင့်တို့များ ဆေးထည့်ပေးပါဆို ဂရုမစိုက်ဘူး...။ မင်းမင်းသာဆို... ကျောက်သင်ပုန်းကြီးကို ကြည့်ရင်း အခုမှ မျက်ရည်တွေက ပါးပေါ်စီးကျလာတာ...။

လူတွေက ဘာလို့ ဒီလောက် ရက်စက်တဲ့ စကားကို ပြောချင်ရတာလဲ။ ချစ်သူ မရှိတော့ဘူး...။ ချစ်သူ ပြန်မလာတော့ဘူး... ချစ်သူနဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူး ဆိုတဲ့ စကားက နှလုံးသားကို အပ်တစ်စင်းနဲ့ တမွှမွှထိုးဆွ နေသလို...။

မယုံချင်ဘူး...။

မင်းမင်းက ခင်ဖုန်းကို သိပ်ချစ်တာပါ...။ ခင်ဖုန်းရှိရာ

www.burmeseclassic.com

www.burmeseclassic.com



အရောက်လာလိမ့်မယ်လို့ ယုံကြည်ခဲ့တာ...။

မင်းမင်း ပြန်မလာတော့ဘူးလား...။

မဖြစ်နိုင်ပါဘူး...။ ခင်ဖုန်းမွေးနေ့မှာ အဖြေပေးမှာလေ...။ ချစ်တယ်လို့ အဖြေပေးမှာပါ...။ မင်းမင်း ပြန်ဖြစ်အောင် ပြန်လာခဲ့ပါ...။

◆

"အုန်းအုန်းနဲ့ မမကျော့ မြို့သာသွားမှတဲ့... မင်းမင်း အသုဘပို့ သွားမလို့တဲ့... နင်လိုက်သွားပါလား ခင်ဖုန်း... ကိုယ့်ကျောင်းက ဆရာလည်းဖြစ်... သူငယ်ချင်းတွေလည်းဖြစ်..."

မမဝင်းက ဒီလို ပြောပါတယ်...။

ပြောလာတဲ့ မမဝင်းကို ကြည့်ပဲ ကြည့်နေလိုက်တယ်လေ... ဘာလို့ လိုက်ရမှာလဲ...။ မင်းမင်းက ခင်ဖုန်းနှလုံးသားထဲမှာ ရှိနေတာပါ...။ မမကျော့တို့ကလည်း ခေါ်သားပဲ... မလိုက်ချင်ပါဘူး။ မြို့သာဆိုတာ တစ်ချိန်က သိပ်ကို ရောက်ချင်ခဲ့ပေမယ့်... အခုတော့မသွားချင်တော့ ဘူးလေ

"ဟဲ့... ငှက်လှောင်အိမ်ကို ဘယ်ယူသွားမှာလဲ..."

"မမဝင်းပဲ ပြောတယ်... မွေးမထားနဲ့ဆို..."

ငှက်လှောင်ချိုင့်ဇလေးကို ခြံထဲယူလာခဲ့တယ်...။ ငှက်ကလေး တစ်ကောင်သေသွားရင်... နောက်တစ်ကောင်က သိပ်ကြာဘူး လိုက်သေသွားသတဲ့...။ ခင်ဖုန်းကတော့ ညှို့ဖျင်းလိုက်တာ...။

ငှက်ကလေးတွေလိုတောင် မချစ်တတ်သေးတာလား...။ လှောင်အိမ်တံခါးလေး ဖွင့်လိုက်တယ်...။

www.burmeseclassic.com

www.burmeseclassic.com



နှင်တို့ နှစ်ကောင် လွတ်လပ်ပျော်ရွှင်စွာ အတူပြန်သွားပါတော့…။ ဘယ်ကိုပဲ ပျံပျံအတူတူ ပျံကြနော်…။ ငါ့လိုတော့ တစ်ယောက်တည်း ကွဲကွာကျန်မနေခဲ့စေနဲ့…။ နှစ်ကောင်အတူတူပျံကြ…။

ငှက်ကလေး နှစ်ကောင်က မျက်စိရှေ့ကနေ ခဏလေးအတွင်း ပျောက်ကွယ်သွားပါပြီ…။ ပါးပြင်ပေါ်မှာ စိုစွတ်တဲ့ မျက်ရည်တွေ ရှိတယ်…။

" မင်းမင်းကို ချစ်တယ်…"

ဘာလို့များ နှုတ်လေးခဲ့မိပါလိမ့်။ အဲဒီလိုမျိုးသာ စောစောက ဖြေခဲ့ရင်… ချစ်သူစောစော ပျော်ရွှင်ခဲ့ရမှာ…။ အခုတော့ မွေးနေ့မှဖြေမယ်လို့ ခင်ဖုန်းဘာလို့ အချိန်ဆွဲခဲ့မိပါလိမ့်…။ နောင်တဆိုတာ အဲလိုမျိုး နောင်မှပဲ ရကြတာတဲ့…။

မင်းမင်း… ခင်ဖုန်းဆီ ခဏလေး လာခဲ့တာလား…

ဘဝခရီးဆိုတာ ဘယ်လောက် တိုပါတယ်ဆိုဆို… ရသမျှ အချိန်လေးတော့ နှစ်ယောက်အတူ ပျော်ရွှင်စွာ နေကြရမှာ မဟုတ်လား။ အခု အရိပ်အယောင်လေး လာပြသွားသလိုပါပဲ… မင်းမင်း အပြုံး မင်းမင်း စကားသံတွေ ခင်ဖုန်း အနားမှာတော့ ကျန်နေဆဲပါ…။

" ဟင်…"

နောက်ထပ် ပျိုးထားတဲ့ စွယ်တော်ပင်လေးတွေရော…။ ဘယ်ရောက်သွား ပြန်ပါလိမ့်…။ မရှိတော့ ပြန်ပါဘူး…။ အချစ်သင်္ကေတတွေက အခုလိုမျိုး အလွယ်တကူ ပျောက်ဆုံး



သွားစရာလားကွယ်။

ပြန်စိုက်မယ်… ရအောင် ပြန်စိုက်မယ်…။ မင်းမင်း မရှိတော့ဘူးတဲ့လား။ မဟုတ်ဘူး… မင်းမင်းဟာ ခင်ဖုန်းရဲ့ အနားမှာ ထာဝရ ရှိနေဦးမှာပါ…။ ခင်ဖုန်းတို့ရဲ့ အချစ်သင်္ကေတတွေကို ဘယ်တော့မှ မကွယ်ပျောက် စေရပါဘူး…။

မျက်ချင်းဆိုသလို ကျောင်းကို အရောက်သွားမိတယ်…။

စွယ်တော်ပင်ကလေးတွေ အများကြီး ပေါက်နေတဲ့ နေရာမှာ တူးဆွ ယူနေမိတယ်လေ…။ ကျောင်းပိတ်ရက် ဆိုတော့လည်း တိတ်ဆိတ်လို့ပါလား…။ သူရှိနေခဲ့ဖူးသော နေရာတွေ…။ ဘယ်တော့မှလည်း မေ့ပျောက်သွားနိုင်မယ် မထင်ပါဘူး…။

စွယ်တော်ပင် ပေါက်ကလေးကို ဆွဲထုတ်ယူပြီးတော့ အမြစ်ကလေးတွေ မထိအောင် ခြင်းထဲထည့်လိုက်စဉ် တစ်စုံတစ်ခုက အနားကို ဝုန်းကနဲ ပြုတ်ကျလာတဲ့အခါ…။

" အမလေး…"

လန့်ပြီး ကြည့်မိတဲ့အခါမှာတော့ မောင်ထွန်းသာပါလား

" မင်း ဘယ်က ရောက်လာတာလဲ…"

" သစ်ပင်ပေါ်မှာပါ…"

" သစ်ပင်ပေါ် ဘာတက်လုပ် နေတာလဲ…"

" ဆရာ့ အခန်းကို ကြည့်တာပါ… ဆရာများ ရှိမလားလို့…"

" ဆရာ… မင်းရဲ့ ဆရာ… ဆရာ "

www.burmeseclassic.com

www.burmeseclassic.com



အခုမှ ကြေကွဲဝမ်းနည်း စိတ်က ဟိုးအထွတ်အထိပ်ရောက်သွားသလိုပါ…။ မောင်ထွန်းသာကို ဖက်ပြီး အားပါးတရ ငိုမိပါပေါ့…။ ငါးရာနှစ်ဆယ့်ရှစ်နဲ့ တစ်ထောင့်ငါးရာပဲဆိုဆို… အချစ်ချင်းတော့ တူပါတယ်…။ မောင်ထွန်းသာကလည်း ချစ်… ခင်ဖုန်းကလည်း ချစ်ပါလျှက် ဘာလို့ ချစ်တဲ့သူတွေကို ထားရစ်ထွက်ခွာရက် ရတာပါလဲ…။

" ဆရာမ… မငိုပါနဲ့… မငိုပါနဲ့…"

မျက်ရည်တွေကို အမြန်ဆုံး သုတ်ပစ်လိုက်ပါပြီ…။ ရွှယ်တော်ပင်ပေါက် ကလေးတွေကို ယူပြီး ခြံထဲပြန်လာခဲ့ပါပေါ့…။ ပြန်စိုက်မယ်… ငါတို့ရဲ့ အချစ်သင်္ကေတတွေ မပျောက်မပျက် ရှိနေရအောင်… ငါ ပြန်စိုက်မယ်…။

မိုးတွေ ရွာလာပြီ…။ ခုရက်ပိုင်း မရွာတော့ပါဘူးဆိုတဲ့ မိုးတွေက ဘာလို့ ပြန်ရွာလာရတာပါလိမ့်…။

မိုးသည်းလေ ကောင်းလေပါပဲ…။

ခင်ဖုန်း မျက်ရည်တွေက မိုးရေတွေနဲ့ ရောပါသွားပြီပေါ့…။ ခင်ဖုန်း သည်းသည်းထန်ထန် ငိုနေတာကို ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့လေ…။

မင်းမင်း ဘာလို့များ ခင်ဖုန်းကို တစ်ယောက်တည်း ထားရစ် ထွက်ခွာရတာပါလဲ။ ခင်ဖုန်း ဘယ်လောက်ထိ ကြေကွဲရင်နင့်ရမယ် မသိဘူးလား…။ ခဏလေး ခွဲရတာတောင် အလွမ်းရင်တနင့် ဖြစ်နေရသူကိုများ ထားဝရခွဲထားရက် သလားကွယ်။

◆

အခုဆို နေ့လည် ထမင်းစားကျောင်း အဆင်းမှာ ခင်ဖုန်း ထမင်းစားတဲ့ အကျင့် ပျောက်လိုက်ပြီ…။ မနက်ကတည်းက ထမင်း အဝစားလာပါတယ်…။ တစ်ယောက်တည်း ကလေးတွေရဲ့ စာတွေ စစ်ရင်းဖြစ်ဖြစ် အချိန်ဖြုန်းနေလိုက်တော့တာ…။ သူတို့ကလည်း ခင်ဖုန်းရဲ့ ကြေကွဲစိတ်ကို သိနေတဲ့ပုံနဲ့ ဘယ်သူမှ လာမခေါ်ကြပါဘူး…။

ပြီးတော့လည်း မမကျော့တို့ မြို့သာကို သွားခဲ့ကြပါလျှက် ခင်ဖုန်းရှေ့မှာတော့ အရာအားလုံးကို ရှောင်ရှားပိတ်လို့ နေပါတယ်…။

" ဆရာမ… အိမ်သာသွားတာ သမီး ချော်လဲလို့ ဒူးပြဲသွားတယ်…"

" ဟယ်… ဒီကလေးတွေတော့လေ… နေဦး… မမြင့်ဆီမှာ ဆေးရှိတတ်တယ် ဆရာမ သွားယူချေမယ်…"

နောက်ဆိုရင်တော့ ထိခိုက်ပွန်းပဲ့တာလောက် ထည့်တဲ့ဆေးတော့ ခင်ဖုန်းဖာသာ ဆောင်ထားရမှာပါပဲလား…။ မမြင့် အခန်းကို ကွေ့လိုက်တဲ့ အချိန်မှာ…။

" နင်တို့က ဘာလို့ သွားကြည့်ကြလဲ… ခင်ဖုန်းလိုပဲ နေလိုက်ကြပါလား… မမြင်ရဘူးဆိုတော့ သိပ်မခံစားရဘူးပေါ့…

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သွားကြည့်လာကြပြီး... ဒါပဲမြင်နေတော့မှာပေါ့..."

" စိတ်ထဲမှာ တကယ် ခံစားရတယ် မမမြင့်... အုန်းအိပ်မပျော်သလို ဖြစ်နေတာ ကြာပြီ... ဆရာဝန်နဲ့ပြပြီး အိပ်ဆေးတွေ သောက်နေရတယ်... မင်းမင်း မျက်နှာလေးကလည်း ချောလိုက်တာ ပစ်ရက်စရာ မရှိဘူး... နဖူးထောင့်စွန်းမှာ ကွဲထွက်နေတဲ့ ဒဏ်ရာကတော့ လက်လေးလုံးလောက်ရှိတာမို့ ယောင်နေတယ်... ခုထိ မျက်လုံးထဲက မထွက်တော့ဘူး... အိပ်တိုင်း လန့်နိုး နေတော့တာ...။

မမမြင့်နဲ့ အုန်းအုန်း ပြောနေတာတွေကို... ကြားနေရတာပါလား...။ မကြားချင်ပါဘူး ဆိုမှ...။ ချက်ချင်း မျက်လုံးအိမ်အပြည့် မျက်ရည်တွေ ရောက်လာခဲ့တယ်...။ ဝေးကြပြီလို့ အတွေးစကကို နေမရပါဘူးဆိုမှ... ဘာဆို ဘာမှ မကြားချင်တော့တာ... ဆေးလည်း မယူမိတော့ပါဘူး... အခန်းဆီ အမြန်ပြန်ပြေးပြီး စားပွဲပေါ် မျက်နှာအပ်လို့ ငိုနေမိတော့တာ...။

" ခင်ဖုန်း... ခင်ဖုန်း..."

ပခုံးစွန်းကို လာကိုင်ပြီး ခေါ်နေတာ... မမကျော့လို့ သိပါတယ်။ ဒါပေမယ့် ဝမ်းနည်းစိတ်ကို မဖျောက်နိုင်ခဲ့ ဘူးလေ။

" စိတ်ကို ဖြေပါ ခင်ဖုန်း... ချက်ချင်းတော့ ဘယ်လိုမှ ဖြေသိမ့်လို့ မရနိုင်ဘူးဆိုတာ စာနာပါတယ်... ဒါပေမယ့် ငါတို့ ဘာမှ မှ လုပ်လို့ မရနိုင်ဘူးလေ... အခု ငါတို့ လုပ်ရမယ့် အလုပ်က မင်းမင်းအတွက် ကောင်းမှုတွေ လုပ်ပေးရမှာပဲ မဟုတ်လား... တဖြည်းဖြည်းတော့ နင် နေလို့ ရလာ



မှာပါ... မေ့တော့ မမေ့နိုင်ဘူးပေါ့ဟယ်..."

မေ့နိုင်မှာတဲ့လား... ဘယ်လိုမှ မဖြစ်နိုင်ပါဘူး... တစ်နေ့တစ်နေ့ သတိရစိတ်က ပြင်းပြလွန်းသောအခါ သည်းထန်သော အလွမ်းအဖြစ်နဲ့ ခင်ဖုန်းကို ထိခိုက်ကြေကွဲ ရင်နင့် နေစေတာပါပဲ...။

" နင် နေမကောင်းရင်... ခွင့်တင်ပြီး ပြန်နားပါလား... အတန်းကို ငါတို့ ကြည့်ထားလိုက်ပါမယ်..."

" ရပါတယ်... မမကျော့ တစ်ရက်နားလည်း ဒီစိတ်... နှစ်ရက်နားလည်း ဒီစိတ်ပါပဲ... ဒီတော့ လုပ်စရာ ရှိတဲ့ အလုပ်တွေကို လုပ်ရင်းနဲ့ပဲ နေနေရတော့မှာ... ခင်ဖုန်း မပြန်ပါဘူး... ကလေးတွေလည်း စာမေးပွဲနား နီးလာပါပြီ..."

ဖြစ်နိုင်ရင်တော့ အခုတလော... အလုပ်တွေပဲ ဆက်တိုက် လုပ်နေမိပါတယ်...။ ဒါပေမယ့် စိတ်ကတော့ တစ်ရံ တစ်ဆစ်လေးမျှ ကြည်လင်ချမ်းမြေ့ခြင်း မရှိပါလား...။

" တစ်ယောက်တည်းတော့ မနေပါနဲ့ ခင်ဖုန်း... တစ်ယောက်တည်း နေရင် အတွေးတွေ များတယ်... အတွေးတွေများရင် စိတ်က ဆင်းရဲစရာတွေပဲ တွေးနေတာ... စိတ်ကို နင် အလစ်ပေးလို့ မဖြစ်ဘူး..."

" ဟုတ်ပါတယ်... မမကျော့ ပြောတာမှန်ပါတယ်... စိတ်က သူ့အကြောင်း မတွေးပါဘူး ဆိုပေမယ့်... တွေးပဲ တွေးနေမိတာ... စိတ်ဆင်းရဲစရာက တွေးရင်းတွေးရင်း လူကို ပိုပိစီးစေတယ်လေ... ခင်ဖုန်းသိပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



" ကျော့ကျော့ရေ… ခဏ… ခဏလာပါဦး…"

သူငယ်တန်းဘက်က ဆရာမ ဒေါ်လှလှစိန်က အခန်းဝကနေ မမကျော့ကို လာခေါ်သွားပါပြီ… ကြည့်ရတာ ရေးကြီးသုတ်ပြာ နိုင်လွန်းတယ်… ဘာဖြစ်ပြန်ပါလိမ့်…။ အင်းလေ… ကလေးတွေနဲ့ နေနေရတာ… တစ်နေ့ တစ်နေ့ ဒီကလေးတွေ ချော်လဲ ဒူးပြဲ ဖြစ်ရပေါင်းလည်း များတာပေါ့…။

ကျောင်းတက် ခေါင်းလောင်းထိုးတော့ စာဆက်သင်ဖို့ ပြင်ရတယ်…။

" ခင်ဖုန်း… နင့်အတန်း စာပေးထားပြီး ငါ့အတန်း ခဏကြည့်ပေးပါလား… ငါ မမမြင့် အတန်း သွားထိန်း ပေးရမယ်…"

" မမမြင့် အတန်း… မမမြင့်က ဘယ်သွားလို့လဲ… ခုနကပဲ ရှိနေတာ…"

" ကိစ္စတစ်ခု ရှိလို့ လာခေါ်တာနဲ့ ပါသွားတယ်…"

" အင်းပါ… ခင်ဖုန်း ကြည့်ထားပါ့မယ်…"

အုန်းအုန်း အတန်းဘက် သွားကြည့်ပေးရမှာမို့… အတန်းထဲက ကလေးတွေကို သချ်ာရှင်းပြပြီး တွက်ခိုင်းထား လိုက်ပါတယ်…။ အလုပ်တွေ များနေရင် ခဏတဖြုတ်တော့ စိတ်သက်သာရာ ရသလိုပေမယ့် ရင်ထဲမှာတော့ ငြိမ်သက် တိတ်ဆိတ်နေလိုက်တာ…။ ဘယ်သောအခါမှ ခင်ဖုန်းဆီ ပျော်ရွှင်မှုတို့ ပြန်လည်ရောက်ရှိ လာနိုင်တော့မည် မထင်…

◆

" ခင်ဖုန်း… ခင်ဖုန်း…"

တိုးတိုးလေး ခေါ်သံလို ကြားရတယ်… ဘယ်နားက ခေါ်နေပါလိမ့်…။ အသိတရားမရှိသလို ဖြစ်နေရာက ခေါ်သံကြောင့် အသိစိတ် ဝင်လာတာလား…။ ခင်ဖုန်းတဲ့ ပိုပြီး ပီပြင်လာပါတယ်။ နောက်ကို လှည့်ကြည့်လိုက်တဲ့အခါ ခင်ဖုန်းစိတ်မှာ မယုံနိုင်အောင်ပါလား…။

ခင်ဖုန်းရဲ့ မလှမ်းမကမ်းမှာ ရှိနေတယ်… မင်းမင်း… မင်းမင်းလို့ တတွတ်တွတ် နှုတ်မှမချ ရွတ်မိပါပြီ… မင်းမင်းပါလား မင်းမင်းက အင်္ကျီအဖြူနဲ့ ဘောင်းဘီ နက်ပြာကို ဝတ်ထားတာ သေချာတွေ့နေရတာ…။

ဒါပေမယ့် မင်းမင်းဟာ သေလွန်ပြီးခဲ့ပြီ… မရှိတော့ဘူး ဆိုတာ… ခင်ဖုန်းသိနေတယ်…။

" မင်းမင်း…"

" မငိုရဘူးနော်… ခင်ဖုန်း…"

ပြောကာမှ ရင်ထဲက ကြေကွဲစိတ်ဟာ လည်ချောင်း ထဲထိ လျှံတက်လာပြီး မျက်လုံးအိမ်ထဲကို ပူလောင်စေတော့ ပါလား…။

www.burmeseclassic.com

www.burmeseclassic.com



" မင်းမင်း..."

" ကိုယ် လာနှုတ်ဆက်တာ..."

" နှုတ်ဆက်တာ... ဟုတ်လား... မင်းမင်းက ဘယ်သွားမှာလဲ... မင်းမင်း မသွားရဘူး... မင်းမင်း မသွားရဘူး..."

ပြောလည်း ပြောမိသလို မင်းမင်း ပျောက်ကွယ်သွားမှာကို ခင်ဖုန်း ကြောက်ရွံ့စိုးထိတ်လွန်းစွာ တားဆီးမိပါပြီ...။

" ကိုယ့်ကို စိတ်မပူပါနဲ့ ခင်ဖုန်းရဲ့... ကိုယ် ဝင်းမွန်ဆီ သွားနေမလို့ပါ..."

" ဝင်းမွန်... ဝင်းမွန် "

" ဟုတ်တယ်... ကိုယ် ဝင်းမွန်ဆီ သွားနေမှာ..."

" ဟင့်အင်း... မသွားရဘူး ခင်ဖုန်းနဲ့ လာနေ..."

" ခင်ဖုန်းနဲ့မှ နေလို့မရတာ..."

" မရဘူး... မရဘူး... ခင်ဖုန်းနဲ့ပဲ လာနေရမယ်..."

မင်းမင်းကို ပျောက်ကွယ်သွားမလား ကြောက်ရွံ့စွာ... ခင်ဖုန်း လိုက်ခေါ်မိပါပြီ... ခင်ဖုန်းက တရွေ့ရွေ့ ရှေ့တိုးလေ... မင်းမင်းက တရွေ့ရွေ့ နောက်ဆုတ်သွေပါလား...။ လက်လှမ်းပြန်သော်လည်း ဘယ်လိုမှ မမီနိုင်...။

" ဝင်းမွန်နဲ့ နေမှာပါ... စိတ်မပူပါနဲ့..."

" မရဘူး... စိတ်ပူတယ်..."

" ဒါဆို ခင်ဖုန်းပါ လာနေ..."

" ဘယ်မှာလဲ... ဘယ်မှာလဲ..."

ပြောနေတုန်း တိမ်ဆိုင်တွေက ဖြတ်ပြေးလာ



သလိုပါပဲ...။ မင်းမင်းနဲ့ ခင်ဖုန်းကြားမှာ တိမ်ဆိုင် အဖြူတွေက လျှင်မြန်လွန်းသော အရှိန်အဟုန်နဲ့ ဖြတ်ပြေးနေတယ်...။ မင်းမင်းကို မျက်ခြေမပြတ် လိုက်ကြည့်နေတဲ့ ကြားက ဘယ်လိုဘယ်လို ပျောက်ကွယ်သွားတယ် မသိ...။ ခင်ဖုန်း အနီးနားမှာ မင်းမင်းဟာ အရိပ်ကလေး တစ်ရိပ်အဖြစ်တောင် ရှိမနေတော့ပါလား...။

" မင်းမင်း... မင်းမင်း..."

ပါးပြင်ပေါ်ကို မျက်ရည်တွေ တတွေတွေ ကျနေပြီးတော့မှ လိုက်ရှာနေမိဆဲပါ...။ ဘယ်ရောက်သွားတာလဲ မင်းမင်းရယ်... ခင်ဖုန်းကို ခွဲမသွားပါနဲ့...။ နေရာအနှံ့ ပြေးလွှားရှာနေရတာ မောပန်းလှပါပြီ...။

ဟင်... ဟိုမှာ အရိပ်တစ်ရိပ်...

အရိပ်တစ်ရိပ်ကို မြင်ရတယ် ဆိုရင်ပဲ စိတ်ကထင့်ကနဲဆို မင်းမင်းလို့ ဝမ်းသာသွားပြန်တယ်...။ အဲဒီ အရိပ်ရဲ့နောက်ကို ပြေးလိုက် နေမိပါပေါ့...။ ခင်ဖုန်းကလည်း အမြန်ဆုံးလိုက်ရသလောက်... အရိပ်ကလည်း အမြန်ဆုံး ပြေးပါတယ်...။

မရဘူး မင်းမင်း... မရဘူး...။

ဘယ့်နှယ်...

ဘယ်ကမှန်းမသိ... ဘယ်သူမှန်း မသိတဲ့ ဝင်းမွန်ဆိုတဲ့လူနဲ့ သွားနေရမယ်လို့ပဲ...။ မနေရပါဘူး... ခင်ဖုန်းနဲ့လာနေလို့ ခေါ်ရင်း အရိပ်ကို မီတဲ့အခါ ဆွဲလှည့်လိုက်ပါပြီ...။

ဟင်... မင်း...

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းသာရဲ့ မျက်နှာလေးပါလား…။

မင်းမင်းမဟုတ်ပါပဲ… မောင်ထွန်းသာ ဖြစ်နေတာကို အံ့သြတကြီး ကြည့်မိပါပေ့…။

"မောင်ထွန်းသာ… မင်း ဘယ်လိုက ဘယ်လို…"

"ဆရာမ… ဆရာမ…"

"မင်းက ဘယ်လို ဖြစ်တာလဲ…"

"ကျွန်တော်လည်း ပြန်တော့မယ် ဆရာမ… တောင်ညိုမြို့င်းကို ကျွန်တော်ပြန်တော့မယ်…"

အဲလိုမျိုးလည်း ပြောပြီးရော… အရိပ်ကလေးလည်း လျှင်မြန်စွာ ရွှေ့လျားသွားပါပေ့…။ မသွားရပါဘူး…။ ဘာလို့ ငါ့နားကနေ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကုန်ကြတာလဲ…။

"မသွားရဘူး… မသွားရဘူး… မသွားကြပါနဲ့…"

ရင်ထဲရှိတဲ့အတိုင်း အားကုန် အော်ဟစ်လိုက်ပါတယ်…။

"ခင်ဖုန်း… ခင်ဖုန်း…"

"မမဝင်း… မမဝင်း…"

"နင် အိပ်မက်ဆိုးတွေ မက်တယ် ထင်တယ်… ဒါပေ့လေ… မင်းမင်းဆုံးပြီးလို့ ဘာမှ မကြာသေးဘူး… နင်တို့ တပည့်လေး မောင်ထွန်းသာကပါ ဆုံးတယ်ဆိုတော့… မြင့်မြင့်အတန်းက ကလေးမဟုတ်လား… ဒီလိုပေ့ဟယ်… တွေ့ကြ ဆုံကြ ကွဲကွာကြပေ့… ရေသောက်လိုက်… နင် တစ်ရေးပြန်အိပ်… မပျော်ရင် နင်ဆေးသောက်သင့်သောက်…



မမဝင်းကတော့ ရေတစ်ခွက်ပေးပြီး… ထွက်သွားပါပြီ…။

ခင်ဖုန်းမှာသာ ရင်တွေ တဒိတ်ဒိတ်ခုန်ရင်း ကျန်ခဲ့ရစ်ပါပြီ…။ မမမြင့်တို့… မမကျော့တို့ ပြေးလွှားသွားကြပြီးတော့… မောင်ထွန်းသာတစ်ယောက် ရုတ်တရက် အပြင်းဖျားလို့ ဆုံးပါးသွားပြီဆိုတာ သိခဲ့လို့များ ဒီအိပ်မက်ကို ခင်ဖုန်း မက်ခဲ့လေသလား…။

အိပ်မက်ဟာ… အခုတိုင် အပြင်မှာလို ခံစားနေရပါတယ်…။ မင်းမင်းရယ် မတွေ့ကြရသမျှ… အိပ်မက်ထဲမှာ တွေ့ရတာလေးကိုပင် လွမ်းဆွတ်နေမိသလို ပါပဲလေ…။ ထူးဆန်းတာက အိပ်မက်ထဲမှာ မင်းမင်း မရှိတော့ဘူး သေဆုံးပြီဆိုတာ သိနေတာပါပဲ…။

ဝင်းမွန်…

ဟုတ်တယ်… သေချာ မှတ်မိနေတာ… ဝင်းမွန်တဲ့။

ဝင်းမွန်နဲ့ နေမှာပါ စိတ်မပူနဲ့လို့ ပြောတယ်။

လာနှုတ်ဆက်တာ ဝင်းမွန်ဆီ သွားနေမလို့တဲ့…။

မငိုရဘူးနော်လို့ ပြောတယ်…။

ရမလား… မင်းမင်းအကြောင်း သတိရလိုက်ရင်ကို မျက်ရည်တွေက အလိုလိုကျလာတော့တာပါ…။

မောင်ထွန်းသာကရော… ဘာလို့ ဒီလောက် ငယ်ငယ်လေးနဲ့ သေဆုံးသွားရသလဲ…။ သိပ်မကြာခင် ရက်ကတောင် စွယ်တော်ပင်တွေ နှုတ်ရင်း မောင်ထွန်းသာနဲ့ ဖက်ငိုရသေးတာ…။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ကျွန်တော် တောင်ညိုမှိုင်းကို ပြန်တော့မယ်တဲ့...။ တောင်ညိုမှိုင်းဆိုတာ မြို့သာမြို့ဘေးနားက တောင်ကြီး တစ်တောင်လို့သာ ပြောကြတာ...။ ခင်ဖုန်းက မြို့သာလည်း မရောက်... တောင်ညိုမှိုင်းလည်း မသိပါဘူး...။ အခုတော့ ရင်ထဲဝင်လာတဲ့ နာမည်တစ်ခု ရှိပြီ...။ ဝင်းမွန်တဲ့... ဝင်းမွန်... ဝင်းမွန်... ရင်ထဲစွဲထင် နေခဲ့ပြီပဲ...။

◆

**စွယ်**တော်ပင်လေးတွေက အခုတော့ အများကြီး ကြီးလာပါရော...။ အချစ်သင်္ကေတကလည်း လှပသန့်စွမ်းလာခဲ့သလို ခင်ဖုန်းရင်ထဲမှာကလည်း မင်းမင်း ရှိနေဆဲပါ...။ ဒါပေမယ့် သေတဲ့လူက ပြန်မလာတော့သလို... ရှင်တဲ့သူရဲ့ မျက်ရည်တွေကလည်း ခမ်းခြောက်ခဲ့ပေမယ့် ရင်ထဲက နာကျင်ခြင်းကတော့ ရှိနေဆဲ...။

"ခင်ဖုန်းရေ... အစ်ကို ရွာကြီးဘူတာမှာ တာဝန်ကျမယ့် နေ့ကစပြီး မြို့သာဘက်မှာ အခြေချမလားစဉ်းစားတယ်... သူငယ်ချင်း တစ်ယောက်နဲ့ တိုင်ပင်ပြီး... ခြံလေးတစ်ခြံ ဝယ်ထားပြီ... နင့်အစ်မကတော့ အစ်ကို့ဆီ သျှောင်နောက် ဆံထုံးပါ လိုက်ရမှာ... ခင်ဖုန်းကတော့ အခုခြံက အမေ့အမွေလေ... ဒီခြံမှာ နေခဲ့ချင်တယ်ဆို အစ်ကို စိတ်လည်း မချဘူး..."

ကျန်ခဲ့တဲ့ ခြောက်လလောက်မှာ... အစ်ကိုက ရွာကြီးခြံမှာ အခြေချတော့ မမဝင်းလည်း လိုက်သွားပါပြီ...။ ခင်ဖုန်းကတော့ ဒီနှစ် ကျောင်းပြီးအောင် နေခဲ့ဦးမယ်...။ ရုတ်တရက် မပြောင်းချင်ဘူးဆို နေနေခဲ့တာပါ...။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



မြို့သာကို မသွားချင်ဘူးဆိုတဲ့ စိတ်လည်း ဖြစ်ပါတယ်…။

မြို့သာမှာ မင်းမင်းအိမ် မိသားစု အားလုံး ရှိနေတယ်…။ အိပ်ရာထဲ လေဖြတ်နေဆဲ အမေက အခုထိ ရှိနေဆဲပေမယ့်… မင်းမင်း မရှိတာကတော့ နှစ်နှစ်နီးပါး ဖြစ်သွားခဲ့ပါပြီ…။ စွယ်တော်ပင်တွေ ဘေးမှာ မြက်ရိုင်းတွေ လိုက်နှုတ်ပေးနေမိတယ်…။

" ခင်ဖုန်း အိမ်မှာ မုန့်ဟင်းခါး ချက်လို့ ယူလာတာ… မမမြင့်တို့ မမကျော့တို့ အိမ်တွေရှေ့မှာလည်း အော်ပစ်ခဲ့တယ်… စားချင်တဲ့လူ အမြန်လိုက်ခဲ့ နောက်ကျရင် တာဝန်မယူဘူးလို့…"

အုန်းအုန်း အနားရောက်လာပါပြီ… မမဝင်း ပြောင်းသွားပြီးကတည်းက ကျောင်းပိတ်ရက်ဆို… မမမြင့်… မမကျော့နဲ့ အုန်းအုန်းတို့က တစ်ယောက်မဟုတ် တစ်ယောက် ခင်ဖုန်းဆီလာပြီး စားစရာတွေနဲ့ အဖော်ဖြစ်ပေးကြတယ်လေ…။

တစ်ယောက်တည်း ပျင်းနေမှာစိုးသတဲ့…။

အမှန်ဆို ပျင်းချိန်တောင် မရှိပါဘူး…။

အိမ်အလုပ်တွေ ခြံအလုပ်တွေက ပိတ်ရက်ကလေး စုလုပ်ရတာပါ…။

" နင် ဘာချက်လဲ…"

" တစ်ယောက်တည်းပဲဟာ… ထမင်းသုပ်စားမလို့ ဆီချက်ချက်ထားတယ်…"

" နင်ကလည်း ဖြစ်သလို မစားစမ်းပါနဲ့… နင်အဲသလို စားမယ်ထင်လို့ ငါ ဆတ်သားခြောက် ဖုတ်ပြီး ဆီဆမ်းလာခဲ့တယ်… ဟောလစ်ပုလင်း တစ်ပုလင်းဆို တော်တော် စားရမှာပါ…"



" အုန်း… ခင်ဖုန်းကို အခုလောက် ဂရုစိုက် မနေပါနဲ့… နေတတ် စားတတ်ပါတယ်… မင်းမှာလည်း သားလေး ရှေ့ရေး ရှိတယ်…"

" နင်လည်း ကျောင်းပိတ်ပြီဆို ရွာကြီးပြောင်းတော့မှာ… ခဏအတူနေကြရတာ…"

" ခြံမှာ မမကျော့တို့ သားအမိ သားအဖတွေ ပြောင်းလာပေးမယ်ဆို စိတ်ချရပါပြီ… အမေ့အမွေလေးမို့ မရောင်းချင်ဘူး…"

မမကျော့တို့ အိမ်မှာက မမကျော့တို့ လင်မယား မိသားစုရော… မမကျော့ညီမ ဝါဝါတို့ မိသားစုရော… မမကျော့မောင် ထွန်းလွင်တို့ မိသားစုရောနဲ့ အိမ်ထောင်စု သုံးစု နေကြရတာမို့ ခင်ဖုန်း ရွာကြီးပြောင်းပြီဆို ခြံကို သူတို့ကို ငှားထားခဲ့တော့မယ်လေ…။

" မမကျော့ကိုတော့ ပြောရတယ်… စွယ်တော်ပင်လေးတွေတော့ ဂရုစိုက်ပါလို့…"

" မင်းမင်းကို နင် မမေ့နိုင်သေးဘူးနော်… အေးလေ ငါတို့လို ဘေးလူတွေတောင် မေ့မရသေးတာ…"

" အုန်းရယ်… ဝင်းမွန်ဆိုတဲ့ နာမည် တစ်ခုနဲ့ အစရှာမရတာ… နှစ်နှစ်နီးပါး ရှိခဲ့ပြီ… ခင်ဖုန်းတို့မြို့မှာလည်း စာတိုက်က မောင်ဝင်းမွန်ကလွဲလို့ ဘယ်သူမှ မရှိ…"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းမွန်ဆိုတဲ့ ကောင်လေး အိမ်မှာလည်း ဘာမှမရှိ…"

" မမေ့နိုင်ပေမယ့် အခုလိုပေါ့ တဖြည်းဖြည်း နေလို့ ရလာခဲ့တာပဲ မဟုတ်လား… မရှိတဲ့လူက မရှိတော့ပေမယ့် ရှိတဲ့လူတွေကလည်း ဘယ့်လိုအမြဲ ကြေကွဲနေနိုင်ပါ့မလဲ… နေရတော့မှာပါ… နင်တို့လို ချစ်သူ မပြောနဲ့ လင်မယား တွေတောင် ယောကျ်ားသေသွားရင် ကျန်နေခဲ့ရတာ… ကလေးတွေ များရင် ပိုတောင် ဆိုးသေးတယ်…"

" အဲဒါက တော်ဦးမယ်… ကလေးတွေ ကျန်နေတော့ အဖေကို လွမ်းရင် ကြည့်စရာ ရတာပေါ့… ခင်ဖုန်းက ဘယ်သူ့ကို သွားကြည့်ရမှာလဲ…"

" ဒါဆိုလည်း စောစောက လက်ထပ်ပါလား…"

" မသိလို့ပေါ့… သိရင် နေမလား…"

" နင်လည်းလေ… တကယ့် အချစ်ရူးပါပဲ… အဲလောက်ချစ်တတ်တဲ့ လူမှ ဖြစ်ရတယ်…"

မမကျော့ကိုလည်း အိမ်မှာနေပါ… အိမ်ငှားခ မပေးလို့လည်း ရပါတယ်… စွယ်တော်ပင်လေးတွေ မသေရင် တော်ပါပြီလို့ ပြောထားတာလေ…။

ခွင့်လွှတ်တော့ မင်းမင်း…။

မင်းမင်း မရှိတော့မှ မြို့သာနဲ့ အနီးဆုံးကို ခင်ဖုန်းလာ ရမှာလေ…။

မင်းမင်း ကြီးပြင်းလာခဲ့တဲ့ အဲဒီနေရပ်ကို ခင်ဖုန်း အခုမှလာမှာမို့ ခွင့်လွှတ်ပါ…။



" မမမြင့် သားလေး ဖိုးစွာတောင် သိပ်ချစ်စရာ ကောင်းနေပြီ… အဲဒီကလေးကို ကိုယ်ဝန်ရှိတုန်းကများ မမမြင့် သိပ်ကို နားပူခဲ့တာ…"

" သားသမီးဆိုတော့လည်း ချစ်ရ ပူပန်ရတာ ပေါ့ဟယ်…"

ခင်ဖုန်းအတွက်တော့ မြို့သာခြံကို ပြောင်းသွားရင် အုန်းအုန်းတို့နဲ့လည်း ခွဲခွာရဦးမှာပါလားလို့ တွေးမိတဲ့အခါ…။

◆

www.burmeseclassic.com

www.burmeseclassic.com

" ငါလေ မနေ့က နက်နက်နဲနဲ စဉ်းစားကြည့်မိတယ် ခင်ဖုန်း... ဘဝမှာ ချစ်ရတဲ့လူတွေနဲ့ ရှင်ကွဲ သေကွဲ တစ်ခုခုတော့ ခွဲခွာကြရတယ်... အခုလည်း ဘယ်လိုမှ ထင်မထားပါပဲနဲ့... နင်က မြို့သာကို ပြောင်းတော့မယ်... ငါတို့ စိတ်မကောင်း ဖြစ်ရတယ်..."

မနက်ဖြန်ဆို ခင်ဖုန်း ပြောင်းတော့မယ်လေ...။

ဒါကြောင့် ဒီနေ့ ခင်ဖုန်းအိမ်မှာ မမမြင့် မမကျော့ အုန်းအုန်းတို့ လေးယောက် စုအိပ်ကြတာပေါ့...။ မမမြင့်က သူ့သားလေး ဖိုးခွားကိုပါ ခေါ်လာရတယ်လေ...။ ကလေးကတော့ စောစောအိပ်သွားတာပေါ့...။ ခင်ဖုန်းတို့ လေးယောက်ကတော့ မအိပ်စတမ်း စကားပြောမယ်လို့ တိုင်ပင်ထားကြတာလေ...။

ကွပ်ပစ်ပေါ်မှာ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းနဲ့ ထိုင်စကားပြောကြတယ်...။ အုန်းအုန်းကတော့ တစ်ယောက်မှ တစ်ညလုံး မအိပ်ရဘူး... အိပ်တဲ့လူ သစ္စာဖောက်တဲ့လေ...။

" မမကျော့..."

" ဘာလဲ... အခါခါ မရေနိုင် မတွက်နိုင် ပြောဦးမှာလား... နောက်တစ်ခါ ပြောကြည့် နင့်စွယ်တော်ပင်တွေ



ငါခုတ်ပစ်မှာ..."

" မမကျော့က အခုကတည်းက အကျင့်ပုတ် နေပါပြီကောလား... ဒီပုံဆို သူ့လူကြီးကို ဂရုစိုက်နေရတာနဲ့ စွယ်တော်ပင်လေးတွေတော့ ကုန်တော့မှာပါလား..."

ဖိုးခွားလေးကတော့ မမမြင့် ရင်ခွင်ထဲ အိပ်ပျော် နေပါပြီ...။

" ဘဝမှာလေ... သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိလာမှာပါလားလို့လည်း မသိခဲ့ဘူး... အဲဒီချစ်သူက ခင်ဖုန်းကို စောစီးစွာ ခွဲခွာသွားလိမ့်မယ်လို့လည်း မသိခဲ့ဘူး... ပြီးတော့ ဒီအိမ် ဒီခြံလေးမှာနေ... ဒီကျောင်းလေးကိုတက် မမမြင့်တို့နဲ့ပဲ ခင်ခင်မင်မင်နေ တစ်သက်လုံး ဒီလို နေရမယ်ထင်ခဲ့တာ... အခုတော့ မြို့သာကျောင်း ပြောင်းရတော့မယ်တဲ့... မင်းမင်းနဲ့ လက်ထပ်ပြီး မြို့သာကျောင်းကို ပြောင်းရမယ်ဆိုရင်တော့ ခင်ဖုန်း အရမ်းဝမ်းသာရမှာပါ... အခုတော့..."

" အေးလေ ဘဝမှာ ငါတို့မှ ကြိုတင် မမြင်နိုင် ကြတာကိုး... အတူတူနေပြီး သေကွဲလည်း ကွဲကြတာပါ... အခုက ရှင်ကွဲကွဲရတာ... မြို့သာနဲ့လည်း ဘာမှ မဝေးပါဘူး... ငါတို့ လာလည်ကြမှာပေါ့... နွေကျောင်းပိတ်ရက်တွေဆို ငါတို့ စုပြီး လာလည်ပါမယ်..."

ဒါလည်း စိတ်ကူးတွေပဲ နေမှာလား...။ မိသားစု တွေလေ ခင်ပွန်းအရေးတွေ... သားသမီးအရေးတွေနဲ့ ခုချိန်အလည် လျှောက်သွားနေဖို့က အလွန်ခက်ခဲတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်မှာပါ…။

" အစ်ကိုက မြို့သာခဏခဏ လာရပါတယ်… ငါလိုက်လာခဲ့ပါ့မယ် ခင်ဖုန်းရဲ့… ငါက သားတစ်ယောက်ရှိတာ… အဲဒီကောင်လေး ချီလာခဲ့ရင်ကို ရောက်ပြီ…"

အုန်းအုန်းကတော့ ဖြစ်နိုင်ပါတယ်… သူ့ယောက်ျားက မြို့သာဘက် ခဏခဏ တာဝန်နဲ့ ခရီးထွက်ရတာ မဟုတ်လား…။ ခွဲခွာတော့မယ်ဆိုမှ ခင်ဖုန်းတို့ လေးယောက်ဟာ မောင်နှမ အရင်းတွေလို ချစ်ခင်ကြမှန်း တစ်ယောက်နဲ့ တစ်ယောက်လည်း အနစ်နာခံစရာရှိ အနစ်နာခံ သည်းခံနေလာမှန်း ပိုသိသာလာခဲ့တာပါ…။

" မင်းမင်းအစ်မ မစိုးနွယ်လည်း မြို့သာအထကမှာ ရှိနေမှာ… နင့်ယောက်မနဲ့လည်း သူငယ်ချင်းဆိုတော့ ခင်မင်အောင်နေပေါ့ဟယ်… ပြီးတော့ မင်းမင်းအိမ်လည်း သွားကြည့်ပေါ့…"

" မမစိုးနွယ်က အထက်တန်းပြလို့ ပြောတယ်… ခင်ဖုန်းက မူလတန်းပြပဲ… သိပ်တွေ့စရာ အကြောင်းတော့ မရှိပါဘူး… တစ်ကျောင်းတည်းဆိုတော့ တွေ့တော့ တွေ့ရမှာပေါ့လေ… မင်းမင်းအိမ်လည်း မသွားချင်ပါဘူး လွမ်းစရာတွေက အဟောင်းတွေ အဖြစ် ရင်ထဲ သိမ်းထားတာ ကောင်းမှာပါ… အသစ်ဖြစ်နေရရင် ခံစားရလွန်းမယ်…"

မြို့သာကို အခုမှ ရောက်ရတော့မှာ…။ မင်းမင်းလို့ သတိရရင်ကို ရင်ထဲ ကျင်နေသလို ဖြစ်နေဆဲ…။ ဘာလို့



ဒီလောက် ချစ်တတ်တဲ့ ခင်ဖုန်းကိုမှ ထားသွားရတာပါလဲ…။ အခုဆို မွေးနေ့ရောက်မှာတော့ ကြောက်နေမိတယ် မင်းမင်းရယ်… ချစ်တယ်လို့ ပြောချင်တယ်…။

နှားထောင် ပေးမယ့်လူက မရှိတော့ဘူး…။

" အရင်က ခင်ဖုန်းဆိုတာ… သိပ်သရဲကြောက်တတ်တာ မမမြင့်တို့လည်း သိပါတယ်… မင်းမင်းမရှိတော့ လာများတွေ့မလား… တွေ့များတွေ့ရလေမလား… မှောင်ထဲ ထွက်ထွက်ကြည့်မိတယ်…။ ဘာမှလည်း မကြောက်နိုင်တော့ပါဘူး… စိတ်က ထူးဆန်းတယ်… မင်းမင်းက လာတွေ့စေချင်တဲ့စိတ်နဲ့ ညည မှောင်ထဲထိုင်စောင့်နေမိတာ… ဝေးကွာရတဲ့ ခံစားချက်ကို ခင်ဖုန်း သိပ်ကြောက်မိတယ်…"

သစ်ရွက်တွေရဲ့ လေတိုးသံကိုပင် မင်းမင်းက ခင်ဖုန်းကို လာခေါ်နေသလားလို့ ထင်မိတာမျိုး…။ ဘယ်မှာမှ မတွေ့ရလေတော့လည်း တမ်းတရတဲ့ ရင်နင့်ခံစားမှု…။ အနည်ထိုင်နေပါပြီ ဘယ်လိုဆိုဆို…။

" ဒီတစ်သက် ချစ်နိုင်တော့မယ် မထင်ဘူး…"

" ဒီလိုလည်း ဘယ်ဟုတ်မလဲဟယ်… ဖူးစာဆိုတာက ပြောရခက်ပါတယ်… ငါလည်း ငါ့ချစ်ဦးနဲ့ ကွဲတော့ အဲလိုထင်တာပဲ… ကိုလွင့်ကို တွေ့တော့လည်း အချစ်က တစ်မျိုးခံစားရပြန်တာပါ…"

" အချစ်က အမျိုးမျိုး ရှိပါတယ် ခင်ဖုန်းရယ်…"

" အချစ်က မင်းမင်း တစ်ယောက်တည်းမှာပါ…"

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ခေါင်းမာမာနဲ့ ငြင်းဆန်မိတယ်...။ ခင်ဖုန်းအတွက်တော့ တစ်သက် တစ်ချစ်ပါပဲ...။ မင်းမင်းကိုပဲ ချစ်တယ် ချစ်နေဦးမယ်... ခင်ဖုန်း သေဆုံးသွားသည်အထိ မင်းမင်း တစ်ယောက်တည်းပါ...။

◆

ရွာကြီးဘူတာမှာ... အစ်ကိုအောင့်အတွက် ရတဲ့ ဝန်ထမ်းအိမ်လေးမှာ နှစ်ရက်နေခဲ့တယ်...။ မမဝင်းက သူ့မြို့မှာ အဒေါ်နာရေး ရှိလို့ ထွက်သွားတာမို့ အစ်ကိုအောင် တစ်ယောက်တည်း...။

" နင့်အစ်မ ပြန်လာမှာပါ... အစ်ကိုစားရေး သောက်ရေးပူမနေနဲ့... အရင်လည်း ဒီလိုပဲ ခွဲနေရတာ... ဒီနေ့ မြို့သာသွားလိုက်... ခြံထဲက အိမ်မှာ ဒေါ်ကြီးဖြိုးတို့ ရှိတယ်... သူတို့က တစ်အိမ်ဆိုပေမယ့်... အိမ်ချင်းမဝေးပါဘူး... နင်တစ်ယောက်တည်း နေရဲမလား "

" နေရဲပါတယ် အစ်ကိုရဲ့ "

" ငါ ကားကြုံပြောထားပြီ... သစ်တောက... ကားရှိတယ်... သစ်တောရုံးက ကားမောင်းတဲ့ မောင်ဆွေက ငါတပည့်လေးရဲ့ အစ်ကို... ဒီနေ့ သူတို့ မန်နေဂျာလည်း မြို့သာပြန်မှာတဲ့... အဲဒါလိုက်သွားလိုက် "

" မန်နေဂျာပါမယ်ဆို ဖြစ်ပါ့မလား "

" ဒီမှာက... ခုလို လမ်းကြုံခေါ်လာတာ ရိုးနေပြီ... နင်အထုပ်အပိုးတွေ အဆင်သင့်ပြင်... အစ်ကို ပြန်လာခေါ်မယ် "

အထုပ်အပိုးကလည်း အထူးအထွေ ပြင်စရာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိတာ...။ ပြောင်းလာတည်းက ပြင်ဆင်လာတာ...။ အထုပ်သုံးထုပ်ကို တင်သွားလိုက်ရပါ...။ ရေချိုးနေတုန်းမှာ မိုးရွာလာတယ်... ဒါကြောင့် မြန်မြန်ရေချိုးရတာ...။ အစ်ကိုက ပြောတော့ ဒီနေရာက တောင်တန်းတွေနဲ့ နီးလို့ မိုးပိုရွာတယ်တဲ့...။

အဝတ်အစားလဲပြီး အိမ်ကလေးရဲ့ ဝရန်တာက ကြည့်နေမိတယ်... ပတ်ဝန်းကျင် အသစ်တွေက ခင်ဖုန်းမျက်လုံးထဲ စိမ်းနေတုန်းပါ... ဒီနေ့ မြို့သာရောက်တော့မယ်... မင်းမင်းရဲ့ မွေးရပ်မြေကို ခင်ဖုန်းရောက်တော့မယ် မင်းမင်း...။

" ခင်ဖုန်း... လာ... ကားရောက်နေပြီ..."

အစ်ကိုက အထုပ်တွေ ကူဆွဲပေးပြီး မောင်နှမနှစ်ယောက် လမ်းလျှောက်လာခဲ့မိပါတယ်...။ ဂျစ်ကားလေး တစ်စီး အနားရောက်တော့ ကားမောင်းတဲ့ မောင်ဆွေနဲ့ မိတ်ဆက်ပေးတယ်လေ...။

" စိတ်ချပါ... ဆရာမကို ကျွန်တော် ခြံဝထိပို့ပေးပါမယ် ဆရာ..."

ဂျစ်ကားလေးရဲ့ နောက်ခန်းမှာ ဝင်ထိုင်လိုက်တယ်...။ အစ်ကိုကတော့ မမဝင်းလာရင် မြို့သာခြံထဲ လွှတ်လိုက်ဦးမယ်လို့ ပြောတယ်...။ ကားထွက်လာခဲ့ပြီ။

" မင်းတို့ မန်နေဂျာပါမှာဆို "

" ပါမှာပါ... မြို့အထွက်မှာ စောင့်နေမှာ... အဲဒီမှာ ဆရာ့အဖေ အမေ့အိမ်ရှိတယ်..."

ကားက မြို့ပြင်ထွက်ဖို့ ပြင်နေပြီ...။ ကားလမ်းက



သိပ်မကျယ်လှပါဘူး...။ ဒါပေမယ့် ပတ်ဝန်းကျင်တွေက ညို့မှိုင်းနေသလို ခံစားနေရတယ်...။

" ခဏနေဉ်း ဆရာမ... ကျွန်တော် ဆရာ့ကို ဆင်းခေါ်လိုက်ဦးမယ် "

မောင်ဆွေက အိမ်ကြီးတစ်အိမ်ထဲ ဝင်သွားပါပြီ...။ ခဏနေတော့ အထုပ်တစ်ထုပ် ဆွဲထွက်လာပြီး နောက်က လူတစ်ယောက်ပါလာတာ မြင်လို့ မျက်နှာလွှဲနေလိုက်ပါတယ်...။ သူတို့ မန်နေဂျာဆိုတဲ့ လူနေမှာ...။ အဲဒီလူက ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပြီးတော့ ကားထွက်လာပါတယ်...။

" မောင်ဆွေရေ... ငါတို့တော့ မြို့သာရောက်ပြီးရင် ခရီးရောက်မဆိုက်ပဲ... စခန်းထိ သွားရဦးမယ် ထင်တယ်... ငါ့ကို ရုံးမှာ ထားခဲ့ပြီးရင် မင်းက ဝေလွှင်နဲ့ ဦးကြိုင်သွားခေါ် ပေးရဦးမှာ "

" ဟုတ်ကဲ့ ဆရာ..."

ဒီလူ့အသံက တစ်မျိုးပါလား...။ နောက်ဘက်မှ အသာလေး ခိုးကြည့်မိတယ်...။ သိပ်အသက်ကြီးပုံတော့ မရသေးပါဘူး...။ မိုးက မရွာပေမယ့် စိမ့်နေသလိုပါပဲ... ဒီမှာ ပိုအေးတယ်လို့ အစ်ကိုက ပြောပါတယ်...။ ကားက အတော်လေး မောင်းပြီး လမ်းချိုးတစ်ခုကို ကွေ့ဝိုက်ဖြတ်ပြီးတဲ့ အခါမှာတော့... ရှေ့မှာ ဘွားခနဲ ပေါ်လာတဲ့ တောင်တန်းကြီးတွေကို ခင်ဖုန်း မြင်လိုက်ရပါပြီ...။

စိတ်ထဲ အံ့ဩပြီး မထိန်းနိုင်စွာ လွှတ်ခနဲ ပြော

www.burmeseclassic.com



ပါပေါ့...။

" ဟယ်... လှလိုက်တဲ့ တောင်တန်းကြီးပါလား..."

ဒီအခါမှာတော့ ရှေ့မှ လူက လှည့်ကြည့်လာပါပြီ...။

ဒီလူက အသားညိုတယ်... ဒါပေမယ့် ထူထဲတဲ့ မျက်ခုံးနက်နက်တွေကိုတော့ ခင်ဖုန်း သတိထားမိ လိုက်ပါတယ်။

" ဆရာမက မြို့သာကို တစ်ခါမှ မရောက်ဖူး ဘူးလို့ ကိုအောင်က ပြောတာပဲ... ဒါကြောင့် အံ့သြနေတာ..."

ဆရာမတဲ့...။ ကိုအောင်လို့ ပြောတော့ အစ်ကို့ကိုလည်း သိပုံပါ...။ မြို့သာကျောင်းကို ခင်ဖုန်း ပြောင်းလာတာလည်း သိနိုင်ပါတယ်...။

" မြို့သာက နေလို့ကောင်းပါတယ်... ဒါပေမယ့် တောင်တွေရှိတော့ ရာသီဥတုက နေနေမကျရင် ရုတ်တရက် မနေတတ်သေးဘူးပေါ့... ကျွန်တော်တောင်မှ ဒီဇာတိသားဆိုတယ် ခုထိ အေးလာရင် မကြိုက်ချင်ဘူး..."

နောက်လှည့်မကြည့်တော့ပေမယ့် စကားတွေ ဆက်ပြောနေပါသေးတယ်...။ ခင်ဖုန်းကတော့ နားထော င်နေလိုက်ပြီး ဘာမှပြန်မပြောမိပါဘူး...။ အံမှန်ပြောရရင် ဘယ်သူနှင့်မှ ခင်ခင်မင်မင် မနေချင်ပဲ တစ်ယောက်တည်း နေချင်ခဲ့တာ ကြာပါပြီ။

" ရှေ့က မြို့သာပါပဲ... ဆရာမနေမယ့် ခြံက မြို့အဝင်မှာတင်ပါ..."

မောင်ဆွေက ဒီလိုပြောတဲ့အခါ... ခင်ဖုန်



မရည်ရွယ်ပါပဲ လွှတ်ခနဲ မေးလိုက်မိပါပြီ။

" မြို့ပတ်လမ်း ဆိုတာကရော "

" မြို့ပတ်လမ်း... ဆရာမက မြို့ပတ်လမ်းမှာ အသိရှိလို့လား... မြို့ပတ်လမ်းက မြို့ရဲ့ ဟိုဘက်အစွန်မှာ... ဆရာမက ဒီဘက်အဝင်တင်... တစ်ဘက်စွန်းဆီလို ဖြစ်နေတယ်... ဆရာမ သွားချင်လို့လား "

" မသွားချင်ပါဘူး မောင်ဆွေရယ်... မေးကြည့်တာပါ"

ဘာလို့များ လွှတ်ခနဲ မေးမိပါလိမ့်...။ မြို့သာမှာ အနေကြာရင် မြို့ပတ်လမ်း ဘယ်မှာလဲဆိုတာ ခင်ဖုန်း သိလာမှာပဲလေ...။ မင်းမင်းတို့ အိမ်ရှိတယ်ဆိုတဲ့ မြို့ပတ်လမ်းကို ခင်ဖုန်း မရောက်ရောက်အောင်တော့ သွားကြည့်မိဦးမှာပါ...။

" ဆရာမ... ဒီခြံပါပဲ "

" အထဲထိ ဝင်ပေးလိုက် မောင်ဆွေ... ဆရာမမှာ အထုပ်အပိုးတွေပါတယ် "

" ရပါတယ်... ဘာမှမဟုတ်ပါဘူး... ဆွဲသွားလို့ ရပါတယ်... ခြံဝပဲ နေခဲ့ပါရစေ "

ဘယ်လိုပြောလို့မှ မရပါပဲ ခြံထဲထိ ဝင်ပြီး အိမ်ရှေ့ထိ ပို့ပေးပါတယ်...။ ဒါကြောင့် ကျေးဇူးတင်ပါတယ် ဆရာလို့ နှုတ်ဆက်တဲ့ အခါမှာတော့...။

" တစ်မြို့တည်းသားတွေ ဖြစ်ပြီပဲ... နောက်လည်း တွေ့နေရမှာပါ... ရွာကြီးပြန်ရင်လည်း ကားကြုံအမြဲ လိုက်နိုင်ပါတယ် ဆရာမ..."

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့လို့ မျက်နှာကို မကြည့်ပါပဲ ပြောခဲ့တယ်...။ ခင်ဖုန်းအတွက် မျက်ခုံးထူထူ မည်းမည်းလေးတွေ မြင်ရင် စိတ်ထိခိုက်နေသလို ဖြစ်ရလို့ပါ...။

◆

မြို့သာမှာတော့ ဘယ်နေရာ မော့ကြည့်ကြည့် တောင်တန်းကြီးတွေပဲ မြင်နေရတာပါလား။ ကျောင်းဝင်းကြီးက အကျယ်ကြီး... ကျောင်းဆောင်တွေကလည်း အတော်များပါတယ်...။ ခြံဝင်းကြီး ကျယ်သလို မြို့သာ အထက်တန်းကျောင်းက စနစ်တကျ စည်းကမ်းရှိတာတွေ တွေ့ရပါလား...။ ကျောင်းအားကစား ကွင်းကလည်း သပ်ရပ်နေတာပါပဲ...။

BURMESE CLASSIC .com

"အခုရောက်တဲ့ ကျောင်းအုပ်ဆရာမကြီးက အပျိုကြီး... နေတာလည်း ကျောင်းဆောင်ခြံမှာ... ကျောင်းကို သူ့အိမ်လိုကို ထင်နေပြီး သိပ်ဂရုစိုက်တာ... သူက စည်းကမ်းကြီးတာတော့ ကောင်းပါတယ်... နောက်တော့ တပည့်အားလုံး ဆရာဆရာမ အားလုံး ပင်ပန်းကြတာပေါ့.."

ခင်ဖုန်းနှင့် ခင်မင်သွားတဲ့ ဆရာမကတော့... မာလာချိုပါ...။ မာလာက ခင်ဖုန်းထက် နှစ်နှစ်လောက် ငယ်သလို သွက်လက် ချက်ချာလွန်းပါတယ်။ ဒါလည်း ကောင်းတာပေါ့... ခင်ဖုန်းက နဂိုရ်ကမှ စကားမပြောချင်တော့ပဲ တစ်ယောက်တည်း နေချင်တော့ သိချင်စရာ မှန်သမျှ မာလာမှာ ရှိနေပြီလေ...။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဖုန်းကျောင်းတက်တာ ဆယ်ရက်ကျော်ပြီပျော်လား"

" ပျော်လား..."

ပျော်သလားဆိုတဲ့ မေးခွန်းကို ကိုယ်တိုင် မေးကြည့်ခဲ့ဖူးပါပြီ။

ခင်ဖုန်းဘဝမှာ မင်းမင်းပျောက်ကွယ်သွားပြီးတဲ့နောက်မှာ ပျော်တယ်ဆိုတဲ့ ခံစားမှု မရှိတော့သလိုပါပဲ...

နေလို့ရပါတယ်...။ နှလုံးသားမဲ့တဲ့ စက်ရုပ် တစ်ရုပ်လိုတော့ လုပ်သင့်တဲ့ အလုပ်အားလုံးကို သတ်မှတ်ထား တဲ့ နေရာအချိန်တွေမှာ လှုပ်ရှားနေခဲ့ပေမယ့်... ပျော်ရွှင်တယ်ဆိုတာက ပျောက်ကွယ်သွားပါပြီ။

" ဒီမှာနေလို့ ရပါတယ်..."

" ခင်ဖုန်းက အေးတယ်နော်... မေးတစ်ခွန်းဖြေတစ်ခွန်းနဲ့ ဆိုတော့ မာလာ့ကို ဆူညံတယ် မထင်ဘူးလား"

" ကောင်းပါတယ်... လူအမျိုးမျိုးပေါ့... မာလာက အဲလိုပြောတတ်တော့ ခင်ဖုန်း သိချင်တာတွေ မေးလို့ရတာပေါ့"

" မေးသာမေး... မာလာ မသိတာ မြို့သာမှာ မရှိဘူး... အပ်ကျတာတောင် သိတယ် "

အပြောလေးကြောင့် ခင်ဖုန်း ပြုံးမိပါပြီ။ အဲဒီလိုကျတော့လည်း ခင်ဖုန်းပြုံးတာ သိပ်လှတယ်... မျက်နှာတည်တည်ကြီးနဲ့ မနေပါနဲ့လား ပြောပြန်ရော...။

" အပ်ကျတာတောင် သိတယ်ဆိုတဲ့ မာလာ့ကို ခင်ဖုန်းတစ်ခု မေးမယ်... အထက်တန်းပြတဲ့ ဆရာမ



ဒေါ်စိုးနွယ်ကို သိလား "

" ဒေါ်စိုးနွယ်... ဪ... မမစိုး.. မမစိုးကို ပြောတာလား.. မမစိုးကို ဘာလို့ မသိရမှာလဲ... ဒီကျောင်းမှာ မမစိုးက သိပ်လှတဲ့ ဆရာမ အပျိုကြီးပဲဟာ... ပြီးတော့ မာလာ့အစ်မနဲ့ မမစိုးက သူငယ်ချင်း သိတယ် ဘာလို့လဲ "

" ဘာမှမဟုတ်ပါဘူး.. ခင်ဖုန်းယောက်မက သူ့သူငယ်ချင်းလို့ ပြောလို့ပါ..."

" ဟုတ်လား.. အစည်အဝေးပွဲတို့ အခမ်းအနားပွဲတွေဆို မမစိုးနဲ့တွေ့ရမှာပါ... မူလတန်းအဆောင်က အထက်တန်းဘက်နဲ့ဝေးတော့ အမြဲတော့ မဆုံဖြစ်ဘူးပေါ့..."

အပ်ကျတာတောင် သိတဲ့ မာလာချို့ကို မမစိုးမောင် မင်းမင်းကို သိလားလို့ မေးခဲ့ရင်တော့ သိတာပေါ့က စပြီး နောက်ထပ် ကြားလာရမယ့် စကားတွေဟာ အမျိုးမျိုးဖြစ်မှာပါ...။ ရင်နှင့်အမျှ ကြေကွဲရလွန်းလို့ ကြားကို မကြားချင်တော့ပါဘူး။

" မမစိုးဆိုလို့ ကိုမင်းကို သတိရလိုက်တာ..."

" ဟင်... ကိုမင်း "

"မမစိုးမှာ ကိုမင်းထွန်းဆိုတဲ့ မောင်လေး တစ်ယောက်ရှိတယ် ခင်ဖုန်းရဲ့... မာလာကတော့ ကိုမင်းလို့ ခေါ်တယ်... မာလာတို့ထက် တစ်တန်းကြီးတာပေါ့... ကိုမင်းက ကျောင်းမှာတော့ တကယ့် နှင်းဆီခိုင်ပဲ... သိပ်ချောသလို သူက အားကစားသမားလေ... အခု ခင်ဖုန်း မြင်နေရတဲ့ အားကစားကွင်းမှာ

www.burmeseclassic.com



ဘောလုံးအမြဲ ကန်တယ်… ကိုမင်းမို့ ဘောလုံးကန်ရင် မာလာတို့ ထမင်းစားချိန်မှာ ထမင်းချိုင့်ကြီး ယူသွားပြီး ငေးရတာ အမော… ကိုမင်း အမေက သူ့သားလေးကို သိပ်ချစ်တာ… တက္ကသိုလ်တက်တော့ ရန်ကုန်မှာတောင် သွားတက်ခိုင်းတာလေ… ကိုမင်း အကြောင်းပြောရတာ ဝမ်းနည်းပါတယ် ”

ဟုတ်တာပေါ့…

မင်းမင်း အကြောင်းပြောရမယ်ဆို ဝမ်းနည်းကြေကွဲစရာတွေက ပါလာဦးမှာပါလား။ မပြောနဲ့တော့ မာလာရယ်လို့မတားချင်…။ ခင်ဖုန်းမသိရသော မင်းမင်းရဲ့ ငယ်ဘဝလေး အကြောင်းကိုလည်း ကြားချင်နေမိတယ် ”

“ မာလာချို့ရေ… အမြန်စား… ဆရာမကြီး ခေါ်နေတယ် ”

“ လာပြီ… လာပြီ… သက်သက်ရေ…”

ဆရာမကြီး ခေါ်တယ်ဆိုမှ မာလာချို့ အမြန်ထွက်သွားတာ…။ ခင်ဖုန်းလည်း ထမင်းချိုင့်ဆင့်ပြီး ရေတစ်ခွက်ခပ်လို့ ပြတင်းကနေ အပြင်ကို ငေးကြည့်မိတဲ့အခါမှာ… ဘောလုံးကွင်းကြီးကို အသေအချာ လှမ်းမြင်နေရပါတယ်။

တချိန်က အဲဒီကွင်းထဲမှာ ချစ်တဲ့ မင်းမင်း ပြေးလွှားဆော့ကစားခဲ့တာပါလား။ ခင်ဖုန်းဆင့်ဆိုတဲ့ ကောင်မလေးကိုတော့ မြင်တောင် မြင်ဖူးသေးတာ မဟုတ်ပါဘူး…။ နှင်းဆီဖိုလေးက ခင်ဖုန်းကို တကယ်ချစ်ခဲ့တာရော ဟုတ်ရဲ့လား…

◆

ကျောင်းနှစ်ပတ်လည် ဆုပေးပွဲ ကျင်းပဖို့ အစည်းအဝေးမှာ မမစိုးကို ခင်ဖုန်း စတွေ့ဖူးပါတယ်…။ အဲဒါ ဒေါ်စိုးနွယ်ဆိုတဲ့ မမစိုးပေါ့လို့ မာလာက တိုးတိုးပြောပြတာ…။ မမစိုးကို မြင်လိုက်ရရင်ပဲ ခင်ဖုန်းရင်ထဲ ထိခိုက်ကြေကွဲရတာပါလား။ မမစိုးက မင်းမင်းနဲ့ အများကြီး တူတယ်…။ အသားဖြူဖြူမှာ ထင်းနေတဲ့ မျက်ခုံးလေးတွေ…။

“ မနက်ဖြန် စနေဆိုတော့ ဒီညနေ ရွာကြီးပြန်မှာလား ခင်ဖုန်း ”

“ ရွာကြီးကို… ပြန်ချင်မှ ပြန်မှာပါ… အမြဲမပြန်ပါဘူး…”

အစည်းအဝေးပြီးလို့ မူလတန်းဆောင်ဘက် ပြန်ဖို့ အတွက် မာလာက မေးပါတယ်…။ ဆရာမကြီး ရုံးခန်းကနေ အဆောင်ဘက် ပြန်မယ်ဆိုမှ မိုးကရွာနေတာ ပါလား…။

“ ထီးယူမလာမိဘူး ”

“ ခဏနေ တိတ်မှာပါ…”

မာလာနဲ့ နှစ်ယောက် ဝရန်တာ မှီရပ်ရင်း မိုးအစဲစောင့်နေမိတာ…။ ဟိုးတစ်ဘက်က လျှောက်လာတာ…

www.burmeseclassic.com

www.burmeseclassic.com



မမစိုးပါလား။ သိပ်လှတယ်။ မမဝင်းတို့ အရွယ်မို့ တော်ရင့်ကျက်သွားပေမယ့် အစွန်းကုန် လှပနေတဲ့ ပန်းတစ်ပွင့်ကို မြင်ရသလိုပါ...။ ဒေါ်လေးမှူက ချော... ဦးလေးသော်ကခန့်နဲ့ မွေးထားတဲ့ သားသမီးလေးယောက်လုံး အချောအလှချည်း.. ဆိုတဲ့ မမဝင်းစကား အမှတ်ရပါတယ်...။

" မမစိုး... အမေသက်သာလား "

" ဒီလိုပါပဲ..."

အနားရောက်တော့ မာလာက နှုတ်ဆက်ရင်း မေးတယ်...။ မင်းမင်းတို့ အမေက အိပ်ရာပေါ် ခုထိ ရှိနေသေးတာ အမှတ်ရမိပါပြီ။ အမေ လေဖြတ်လို့ဆို ခွင့်ယူပြန်သွားခဲ့တဲ့ ချစ်သူ...။ အပြီးတိုင် ဝေးကွာခဲ့ရတယ်...။ မမစိုးရဲ့ မျက်လုံးလေးတွေက ခင်ဖုန်းကို စူးစူးစိုက်စိုက် ကြည့်နေပါလား။ မျက်တောင် မခတ်လိုက်ကို သေချာကြည့်တာ...။

" မမစိုး... ခင်ဖုန်းက ပြောင်းလာတာ မကြာသေးဘူး"

" မင်းက ခင်ဖုန်းဆင့်လား "

" ရှင် "

ဒီလို တစ်ခွန်းပဲ ပြောပြီး ရှေ့ဆက်လျှောက်သွားပါပြီ... မင်းက ခင်ဖုန်းဆင့်လားတဲ့...။ မေးခွန်းလေးမှာ အမျိုးမျိုးသော ဖွေးတောသရာတွေ ရှိသလို ခံစားလိုက်ရတာ...။ မိုးဖွဲဖွဲတွေထဲမှာ အဆောင်ရှိရာဘက် အမြန်လျှောက်ခဲ့ရတာ...။

ဘောလုံးကွင်းကျယ်ကြီးကို အဖြတ်မှာတော့... ချစ်သူ့ခြေရာတွေ ရှိခဲ့ပါလားလို့ တမ်းတလွမ်းဆွတ်မိသလိုလို...။



" မမစိုးတို့က အရင် အဲလိုမဟုတ်ပါဘူး ခင်ဖုန်း... သဘောသိပ်ကောင်းပါတယ်... ကိုမင်းဆုံးသွားမှ စိတ်ထိခိုက်ပြီး တစ်မျိုးဖြစ်သွားရှာတာ... သူတို့အတွက်ကတော့ တကယ့်ကြေကွဲမှုပါပဲ..."

သူတို့အတွက်ပဲ တကယ့်ကြေကွဲမှုလား...

ခင်ဖုန်းအတွက်ကရော...။ ခင်ဖုန်းရဲ့ ကြေကွဲမှုကရော...။

" သူတို့ဘယ်လောက်ထိ ခံစားကြရသလဲဆို... ကိုမင်းဆုံးပြီး ဖြောက်လလောက်မှာ ကိုမင်းက အိပ်မက် ပေးတယ်... သူမကျွတ်ပါဘူး... ရွှတ်ကြီးဘူတာနားက လိမ့်ကျခဲ့တဲ့ နေရာမှာ ရှိတယ်ဆိုလို့ အဲဒီနားထိ သွားခေါ် ဆွမ်းကပ်အမျှဝေနဲ့ အရမ်းခံစားကြရတာ..."

" မကျွတ်ဘူး.. ဟုတ်လား "

ရင်ထဲ ဘယ်လိုဖြစ်သွားတယ် မသိတော့...။ ဖြစ်ရလေ ဖြစ်ရလေ မင်းမင်းရယ်... မင်းမင်း ဘယ်လို ဒုက္ခတွေ တွေ့ပြီး နေခဲ့ရလေသလဲ...။ ခင်ဖုန်းကတော့ ကြေကွဲနေရင်း မင်းမင်း အကြောင်း ဘာမှမသိ... အဝေးမှာပါလား...။

" သူတို့အချိန်ချိ ဆွမ်းကပ်ကြတော့... ကိုမင်းက နောက်ဆို သူနေစရာ ရပါပြီ... ကိုဝင်းမွန်နဲ့ နေတော့မယ်ဆိုမှ"

" ဘာ..."

ထိတ်လန့်တုန်လှုပ်စွာ အော်လိုက်မိပါပြီ။

မာလာချိုကတောင် ခင်ဖုန်းကို နားမလည်သလို ကြည့်နေတယ်...။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမွန်… ကိုဝင်းမွန်…

ဒီနာမည် ဘယ်လိုမှ မမေ့နိုင်တဲ့ နာမည်…။ ခင်ဖုန်း အထပ်ထပ် လိုက်ရှာခဲ့ဖူးသော လူတစ်ယောက်…။

မင်္ဂရဘူး ခင်ဖုန်း… ကိုယ်လာနှုတ်ဆက်တာ… ကိုယ့်ကို စိတ်မပူပါနဲ့ ခင်ဖုန်းရဲ့… ကိုယ် ဝင်းမွန်ဆီ သွားနေမလို့ပါဆိုတဲ့ အိပ်မက်တစ်ခု…။ အိပ်မက်ထဲက ဝင်းမွန်ဆိုတာ ဘယ်နေမှန်း မသိလေတော့ ခင်ဖုန်း မမေ့အောင် စွဲလန်းခဲ့တဲ့ နာမည်…။

" ဘာဖြစ်လို့လဲ ခင်ဖုန်း…"

" လူဝင်စားတယ်… လူဝင်စားတယ် အဲဒါမျိုး တကယ် ရှိတာလား အံ့သြလို့ပါ…"

" မာလာတို့လည်း ဒီတစ်ခါမှ အဲလို လူဝင်စားတာ တစ်ခါပဲ တွေ့ဖူးတာ… အရင်က ကြားဖူးခဲ့တာပဲလေ…"

" ကိုဝင်းမွန်နဲ့ နေတော့မယ်ဆိုတာ ပြောပြပါဦး "

" ကိုဝင်းမွန်ဆိုတဲ့ ကိုမင်း သူငယ်ချင်းကလည်း ရယ်စရာပါပဲ… ဝင်းမွန်… မင်းနဲ့ငါ လာနေချင်တယ်ဆိုတာနဲ့ မိဘသဘောတူ ပေးစားတဲ့ မိန်းမ ချက်ချင်း ကောက်ယူ လိုက်တာပဲ "

ခင်ဖုန်းအတွက်တော့ အသက်မရှူနိုင်လောက်အောင် တစ်စက္ကန့်မလပ် နားထောင်နေရတဲ့ စကားတွေပါလား။

" မိန်းမယူလိုက်တော့ရော "

" မိန်းမယူလိုက်တော့ ကလေးလေး မွေးလာတာပေါ့… သနားစရာ ကောင်းတာ တစ်ခုက အဲဒီ ကိုမင်း ဝင်စားတယ်ဆိုတဲ့



ကလေးကို မွေးရင်း ကိုဝင်းမွန် မိန်းမ ဆုံးသွားတယ် "

" ဟုင်…"

" ဒါဆို ဒါဆို အဲဒီကလေးကော… အဲဒီကလေးက ဘယ်မှာလဲ… ဘယ်မှာလဲ "

ခင်ဖုန်းအတွက်တော့ ချက်ချင်း ရူးသွပ်သွားသလိုပါပဲ…။ မင်းမင်း… မင်းမင်းနဲ့ ပတ်သက်ပြီး ပျောက်ဆုံးနေသမျှတွေ ပြန်တွေ့ရပြီ… ဘယ်မှာလဲ မင်းမင်းရယ်…။

" ကလေးက သူ့အဖေ ကိုဝင်းမွန်နဲ့ နေတာပေါ့… ပြီးတော့ ထူးဆန်းတယ် သိလား "

" ဆရာမ… ဆရာမ… ထူးထူးနဲ့ သိတာ ရန်ဖြစ်နေကြတယ်… ကိုက်ဆွဲတာ သွေးတွေထွက်လို့ "

" ဟယ်… ဒီကလေးတွေ "

မာလာချိုကတော့ သူ့အတန်းဆီ ပြေးပါပြီ။ ခင်ဖုန်းကတော့ နေရာမှာသာ ကျောက်ရုပ်တစ်ရုပ်လို ရပ်ကျန်နေခဲ့ပါပြီကော…။

◆

www.burmeseclassic.com

www.burmeseclassic.com

**ကျောင်း**ဆင်းတာနဲ့ မာလာချို့ကို သွားခေါ်တယ်…။ မာလာက မရှိ… ထူးထူးဆိုတဲ့ ကလေးလေး ဒဏ်ရာက များလို့ဆို အိမ်ပြန်လိုက်ပို့ဖို့ သွားပြီတဲ့…။ နေလို့မရတော့ဘူး…။ ဘယ်လိုမှ မနေနိုင်…။ ဒါကြောင့် အိမ်ပြန်လာပြီး တစ်ယောက်တည်း ထိုင်ငိုင်နေမိပါပြီ။

ခင်ဖုန်း အမှားပါပဲ…။ မြို့သာကို အဆက်အသွယ် ဖြတ်ထားမိတာကိုး…။ မြို့သာနဲ့သာ အဆက်အသွယ် ရှိရင်… မင်းမင်းအကြောင်းက ကြားနေရမှာ…။

" ဒေါ်ကြီးဖြိုး… "

" မိန်းကလေး… အဝတ်အစားတောင် မလဲသေးပါလား.. နေမကောင်းရင် ညနေရေမချိုးနဲ့… ဒီမှာက စိမ့်တယ်ဗျာ… သွားမယ်… ဒေါ်ကြီးဖြိုး… ကြက်သားနဲ့ အားလူးဟင်း လာပေးတာ… "

" ခင်ဖုန်း… ငါးကြော်ကြော်ထားပါတယ်… ဒေါ်ကြီးဖြိုးတို့မှာ မောင်အောင့် ကျေးဇူးတွေ ရှိတယ်… "

" ဒေါ်ကြီးဖြိုး… မာလာချို့ အိမ်က နောက်ဘက် လမ်းမှာဆို… သိရင် လိုက်ပို့ပေးပါလား.. "



" ဆရာမ မာလာတို့အိမ်လား… သွားချင်ရင် ပို့မှာပေါ့… ဘာကိစ္စရှိလို့လဲ… "

ဒေါ်ကြီးဖြိုးကိုတော့ ကျောင်းကိစ္စပါဆို လိုက်ပို့ခိုင်းမိပါတယ်…။ မာလာကရော ဆေးရုံသွားရတာ အဆင်ပြေမပြေ သိချင်လို့ကို ပြောရတော့မှာပေါ့လေ…။

" မာလာရေ… မာလာ… "

" ဟယ်… ခင်ဖုန်းပါလား… လာလေဝင် "

" ညနေက ကလေးကို ဆေးရုံပို့ပေးတယ်ဆိုတာ သိချင်လို့ လာမေးတာ… "

" ကိုက်လိုက်တာများ ပေါက်ပြဲလို့… ဆေးထည့်ရတာပေါ့… တစ်ခါတစ်ခါ မူလတန်း ဆရာမဘဝ ဒီကလေးတွေရဲ့ ဒဏ်ရာပဲ လိုက်ဆေးတဲ့ နေရတာ… စိတ်ပျက်သလိုပဲ… ခေါင်းပေါက်လို့ လိုက်ချုပ်ပေးရပေါင်းလည်း များပါပြီ… ထိုင်ဦး ခင်ဖုန်း… ဒီနေ့မှ အိမ်မှာ မာလာ တစ်ယောက်တည်း ဖြစ်နေလို့… အဖေက အစ်မလင်မယား နဲ့တောင် ညီမှိုင်း လိုက်သွားတယ်… ခင်ဖုန်းရော အိမ်မှာ တစ်ယောက်တည်း နေတာဆို… "

" ဟုတ်တယ်… ဒီည မာလာတစ်ယောက်တည်းဆို ခင်ဖုန်း လာအိပ်ပေးရမလား "

" တကယ်… ကောင်းတာပေါ့… တစ်ယောက်တည်းမို့ ဟိုဘက်ခြံက တူမလေး ခေါ်အိပ်ရမှာ… မာလာက သရဲကြောက်တယ် "

" သရဲကြောက်တယ် "

www.burmeseclassic.com

www.burmeseclassic.com



မာလာ့စကားကြောင့် ခင်ဖုန်းရယ်မိပါပြီ။ ခင်ဖုန်းအတွက်တော့ အဲဒီလို အချိန်တွေ ကုန်ဆုံးသွားခဲ့ပါပြီ။ မင်းမင်းကို တွေ့ရလို့ တွေ့ရကြား အမောင်ကြီးထဲ ထိုင်ငေးရင်းက ညနက်တွေလည်း ဖြတ်သန်းခဲ့ပေါင်း များတော့ အခုဆို ကြောက်တောင် မကြောက်တတ်တော့ပါဘူး။

" မာလာ... ဘာလုပ်မလို့လဲ... ခင်ဖုန်း ညစာစားခဲ့ပြီ... မင်းအတွက် ငါးကြော်တောင် ထည့်ယူလာခဲ့တယ် "

မာလာ့အိမ်အတွက် ပေးစရာ ဘာမှမပါလို့ ငါးကြော်တွေ ထည့်ယူလာခဲ့တယ်...။ မာလာက ကောင်းတာပေါ့... ဒါဆို ဟင်းမချက်တော့ဘူး... ငါးကြော်နဲ့ပဲ စားမယ်... ဆာနေပြီတဲ့...။ မာလာ ထမင်းစားမယ့် ဘေးထိုင်နေရင်းမှ ရှေ့ဆက်မေးမိတယ်...။

" နေပါဦး မာလာ... ခင်ဖုန်း နေ့ခင်းက မေးမလို့ မေ့သွားလို့... မမစိုး မောင်လေး ဝင်စားတယ်ဆိုတာလေ... အဲဒီ ကိုဝင်းမွန်ဆိုတဲ့လူ..."

" အင်း... ကိုဝင်းမွန်ဆီမှာ ကိုမင်း ရှိနေတာက အိပ်မက်တွေ အရ ပြောတာပါ ခင်ဖုန်းရယ်... တစ်နှစ်လောက် ရှိပြီး စကားကို ဘာမှ ကောင်းကောင်း မပြောတတ်သေးတဲ့ ကလေးတစ်ယောက်ကို ယုံစရာလား..."

" မမစိုးတို့ကရော ယုံလား..."

" ယုံတယ်..."

" ဘာလို့ ယုံကြလဲ..."



" သူတို့ကို အိပ်မက်ပေးတာကိုး... ပြီးတော့ ကလေးလေးက ကိုမင်း အရင်ရုပ်နဲ့တူတယ်... ထူးဆန်းတာက သူသေတုန်းက လိုပဲ မျက်ခုံးရိုးမှာ ဒါဏ်ရာကြီး ပါလာတယ်..."

" ဟင်..."

ခင်ဖုန်း မကြားအောင် မမကျော့နဲ့ အုန်းအုန်း ပြောတဲ့စကားကိုလည်း ပြေးအမှတ်ရပါတယ်...။ ဒါကြောင့် မို့လည်း အဲဒီ ကလေးလေးကို ခင်ဖုန်း တွေ့ဖူးချင်တယ်...။ တကယ်ပဲ မင်းမင်းလား... မင်းမင်းဆိုရင် ခင်ဖုန်းကို အမှတ်ရမလား...။

" မမစိုးတို့က အဲဒီ ကလေးလေးကို ချစ်ကြလား..."

" ချစ်တော့ ချစ်တာပေါ့... ဒါပေမယ့် ကိုဝင်းမွန်က ယင်ငယ်ရှယ်ရှယ် မိန်းမဆုံးထားတဲ့လူ... မမစိုးတို့က အပျိုကြီးတွေ... သိပ် အရောတဝင် မနေကြဘူး... ဟိုအရင် ကိုမင်း ရှိစဉ်ကတော့... ကိုဝင်းမွန်က အခင်ဆုံး သူငယ်ချင်းပဲ... သူတို့အိမ် ဝင်ထွက် စားသောက်နေတာပါ..."

" နေပါဦး... ကိုဝင်းမွန်... ကိုဝင်းမွန်ဆိုတဲ့လူက ဘယ်မှာနေလဲ..."

ခင်ဖုန်း မေးတာ အရမ်းများသွားလို့လား... မာလာက ခင်ဖုန်းကို အံ့ဩသလိုနဲ့ စိတ်ဝင်စားစွာ ကြည့်လာပြီ...။ ကိုမင်းထွန်းက အရင် ခင်ဖုန်းတို့ အလယ်တန်းကျောင်းမှာ ဆရာလုပ်သွားသေးတယ်... ဒါကြောင့် စိတ်ဝင်စားတာပါ... ဒါကြောင့်ပါ..."

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား... ခင်ဖုန်းနဲ့ ကိုမင်း တစ်ကျောင်းတည်း နေဖူးတယ်လား... ကိုဝင်းမွန်က သစ်တောရုံးထဲက အိမ်မှာ နေတာလေ... သူက မန်နေဂျာပဲဟာ..."

" သစ်တောဌာနက မန်နေဂျာ..."

ဖျတ်ကနဲ့ဆို မြို့သာမြို့ကို ပြောင်းလာတဲ့နေ့က ဂျစ်ကားပေါ်မှာ တွေ့လိုက်တဲ့လူကို ပြေးမြင်ပါပြီ...။ ဒီလူပဲ ဖြစ်ဖို့များမယ်... ဟုတ်မှာပါ ဒီလူပါပဲ...။

" ကလေးလေးကရော ဘယ်မှာနေလဲ..."

" သူ့အဖေနဲ့ပဲ နေတာ... သူ့အဖေရဲ့ ကြီးကြီး တစ်ယောက်က လာထိန်းပေးတယ်..."

" ဒါဆို မြို့သာ သစ်တောဝင်းထဲမှာပဲပေါ့..."

မင်းမင်းရေ ဒါဆိုရင်တော့ ခင်ဖုန်းတို့ တဖြည်းဖြည်း နီးစပ်လာပြီ ထင်ပါတယ်။ ဝင်းမွန်နဲ့ သွားနေတော့မှာ ဆိုလို စိတ်မပူနဲ့တဲ့... ခင်ဖုန်း စိတ်ပူနေတုန်းပါ... ချစ်တဲ့မင်းမင်းကို တစ်ရက်မပြတ် သတိရနေဆဲပဲလေ...။

◆

မင်းမင်း ရှိတယ်ဆိုတယ် အိမ်ကို... အကြောင်းမရှိ အကြောင်းရှာသွားဖို့ မဖြစ်နိုင်...။ မလွယ်ကူပါဘူး...။ တွေ့ချင်စိတ်နဲ့ ဘယ်လိုသွားရမယ် အိပ်ပျက်ခံ စဉ်းစားလည်း မရ...။ စိတ်ညစ်လိုက်တာ...။ မနက်စောစော တစ်ယောက်တည်း ဈေးဝယ် ထွက်လာခဲ့တယ်...။ မြို့သာဈေးက အများကြီး စည်နေပါပြီ...။ နေနည်းနည်း မြင့်ရင် ချက်ချင်းလို ဈေးကွဲသွားတာမို့ စောစောသွားနိုင်မှ အဆင်ပြေတာ တစ်ခုတော့ အတွေ့အကြုံအရ သိနေပါပြီ...။

လျှောက်လာခဲ့ရင်း...

ဟင်... ဒါ ဘာသံလေးတွေလဲ...။

အထူးအဆန်း အသံလေးတွေမို့ ကြည့်မိတာ... ခင်ဖုန်း အံ့သြရင်း ရပ်ကြည့်မိပါလေရော...။ ငှက်လှောင်အိမ်ကြီး တစ်ခုထဲမှာ ငှက်မျိုးစုံ ပါပဲလား...။ ပြီးတော့ သမင်ပေါက် ကလေးလည်း ရှိတယ်...။

တိရစ္ဆာန်လေးတွေကို သနားလို့ ဝယ်လာတာဆိုတဲ့ မင်းမင်းကို စာနာမိသလိုပါလား...။ မျောက်ကလေးတွေ ဝယ်ဝယ်ပြီး ဘုန်းဘုန်းကျောင်း လာထားတတ်တဲ့ မင်းမင်း စိတ်ဓာတ်...။

www.burmeseclassic.com

www.burmeseclassic.com



မျောက်ကလေး ဆိုမှ မောင်ထွန်းသာကိုလည်း သတိရမိပါပြီ...။

တောင်ညိုမိုင်းကို ကျွန်တော် ပြန်ပြီ ဆရာမတဲ့... တောင်ညိုမိုင်းဆိုတာ... မလှမ်းမကမ်းမှာ ရှိနေတဲ့ မှိုင်းညို့နေသော တောင်တန်းကြီးပါ...။ အဲဒီ တောင်တန်းကြီးပေါ်မှာ မောင်ထွန်းသာကရော ဘယ်လိုဘဝနဲ့ နေနေပါလိမ့်...။

ငှက်ကလေး နှစ်ကောင်ကို လှောင်ချိုင့်လေးနဲ့ ဝယ်လိုက်တယ်...။ ပြီးတော့ ဈေးတန်းအတိုင်း ပြန်လျှောက်လာရင်း... စားစရာ ဝယ်ဖို့ ဘာဝယ်ရမလဲ စဉ်းစားရပါပြီ...။

" ဆရာမက တိရစ္ဆာန်လေးတွေ ချစ်တတ်သလား..."

နောက်ဘက်နားမှ မေးလိုက်သံကြောင့် လှည့်ကြည့်လိုက်မိပါပြီ...။

အံ့သြစွာ ကြည့်နေမိပေါ့...။ ဒီလူ... ဒီလူ... ဒီလူဟာ သစ်တောရုံးက မန်နေဂျာ ဆိုတဲ့လူ...။ အဲဒီလူက ဝင်းမွန်လို့ မာလာ ပြောတယ်...။

" မမှတ်မိဘူးထင်တယ်..."

" မဟုတ်ပါဘူး... မှတ်မိပါတယ်... မှတ်မိပါတယ်... ကားကြုံလိုက်ဖူး ပြီးတော့..."

" မှတ်မိသေးလို့ တော်သေးတာပေါ့... ငှက်ကလေး နှစ်ကောင် ဝယ်လာတာလား..."

" အိမ်မှာ ထားဖို့ မဟုတ်ပါဘူး... လွှတ်မလို့ ဝယ်လာတာ..."



" လွှတ်မလို့..."

" ဟုတ်ပါတယ်... သနားလို့ လွှတ်ချင်လို့ပါ... ဖြစ်နိုင်ရင်တော့ ငှက် ဒီမှာရှိသမျှ အကုန် လွှတ်ချင်တာပေါ့... ဒါပေမယ့် ခင်ဖုန်းက ဆရာမ လစာပဲ ရှိတဲ့သူပါ... အများကြီး တစ်ခါတည်း မလွှတ်နိုင်တော့ တစ်ခါ နှစ်ကောင်လောက် ဆိုလည်း မဆိုးဘူးပေါ့..."

" ဆရာမ ခင်ဖုန်းဆင့်နော်..."

" ရှင်... ခင်ဖုန်းနာမည် သိတယ်လား..."

" ကိုအောင်က ပြောပြလို့ပါ... ကျွန်တော့်နာမည် ဝင်းမွန်ပါ..."

" ဟုတ်ကဲ့..."

" ဆရာမက ငှက်ကလေးတွေကို သနားတတ်တာပဲ... ကျွန်တော့် သားလေးလည်း အဲသလိုပါပဲ... ငှက်ကလေးတွေ မြင်ရင် ခုန်ပေါက်နေတယ်... ကျွန်တော်က သူလိုချင်တယ် မှတ်လို့ ဝယ်ပေးလိုက်တော့ လှောင်အိမ် တံခါးဖွင့်ပြီး လွှတ်ပေးလိုက်တယ်... ခဏခဏ ဝယ်ပြီး လွှတ်ခိုင်းရတယ်... ဆရာမနဲ့ တူတယ်..."

သူ့သားလေးတဲ့... သူ့သားလေး အကြောင်း ပြောနေတာပါလား...။ အဲဒီလူ သားလေးက မင်းမင်းလို့ ပြောကြတယ်...။ ခင်ဖုန်း သိပ်တွေ့ချင်တယ်...။ ခုမှ တွေ့တဲ့ လူတစ်ယောက်ကို ရှင့်သားလေးနဲ့ ခင်ဖုန်း တွေ့ချင်တယ်လို့ မပြောရဲခဲ့ဘူးလေ...။ မင်းမင်းကို တွေ့ဖို့ ဒီလူနဲ့ ခုဆက်ပို

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်လာဖို့ လိုတယ်…။

" ဦးဝင်းမွန်… ရွာကြီးကို သောကြာညနေတို့ စနေတို့ သွားမယ့် ရက်ရှိရင်… ခင်ဖုန်း လိုက်ပါရစေ အစ်ကို့ဆီ မရောက်တာ ကြာလို့…"

" ရွာကြီး မရောက်တာ ကြာပြီလား… မသိလို့ပါ တစ်နေ့ကတောင် ရောက်သေးတယ်…။ ရွာကြီးမှာ ကျွန်တော့် ယောက္ခမတွေ ရှိတယ်လေ… ဇနီး မရှိတော့ပေမယ့် သူတို့မြေးက ရှိသေးတော့ ကျွန်တော် မလာရင် စိတ်မကောင်း ဖြစ်ကြတယ်…"

" ဟုတ်ကဲ့…"

ကိုဝင်းမွန် အကြောင်း မှာလာ ပြောပြလို့ သိသင့် သလောက် သိထားပါပြီ။

" ဦးဝင်းမွန် သားလေးက ဘယ်အရွယ်လဲ…"

" တစ်နှစ်နဲ့ ငါးရက်သာသာပါ… သားလေးက စကားကောင်းကောင်း မပြောသေးပါဘူး… လမ်းလျှောက်ရင်လည်း ချော်လဲလိုက် ထသွားလိုက်နဲ့… သိပ်ချစ်ဖို့ ကောင်းပါတယ်…"

" သူ့နာမည် ဘယ်သူလဲဟင်…"

" သားနာမည်လား… သားနာမည် လင်းမင်းဝင်းပါ… ကျွန်တော့် ဇနီးနာမည်က ခင်ခင်လင်းတဲ့… ကျွန်တော့်နာမည်က ဝင်းမွန်… သားအတွက် မင်းဆိုတဲ့ နာမည်က တမင် အမှတ်တရ ထည့်ပေးထားတာ… နောက်မှ ဆရာမ ခင်ဖုန်းဆင့်နဲ့ သားရဲ့



ထူးဆန်းတဲ့ အကြောင်းတွေ ပြောပြရဦးမယ်…"

သစ်တောရုံး ပေါက်ဝ ရောက်တော့ သူက နှုတ်ဆက်ပြီး နေရစ်ပြီ…။ ခင်ဖုန်းဆင့်… ဒီလူ့ဆီမှာ မင်းမင်း ရှိနေတယ် ဆိုပေမယ့်… အဲဒီကလေးဟာ တစ်ချိန်က နင့်ရဲ့ မင်းမင်းလို့ ဘယ်လို ပြောပြော… စကားတောင် ကောင်းကောင်း မပြောတတ်… လမ်းကောင်းကောင်း မလျှောက်တတ်သေးတဲ့ ကလေးလေးပါ…။

ခင်ဖုန်းကို ချစ်တယ်လို့ ဘယ်လိုပြောမှာလဲ…။

မင်းမင်းက တစ်ဘဝ… လင်းမင်းဝင်းက တစ်ဘဝလို ဖြစ်နေခဲ့ပါပြီ…။ စိတ်ထိခိုက်စွာ အိမ်ပြန်လာခဲ့ပါတယ်… အိမ်က ဝရန်တာလေးမှာ ငှက်ကလေး နှစ်ကောင်ကို လွှတ်ပေး လိုက်တယ်…။ ပျော်ရွှင် မြူးတူးစွာ ကောင်းကင်အမြင့်ထိ ပျံသွားကြပါပေါ့လား…။

ဟင်းချက်စရာတွေကို ဒေါ်ကြီးဖြိုးလက်ထဲ အပ်ခဲ့ပြီး ကျောင်းသွားဖို့ ပြင်ဆင်ရတယ်…။

စိတ်ကို လျှော့ထား ခင်ဖုန်း…။ ကောက်ရိုးပုံထဲ ဝင်းမွန်ဆိုတဲ့ နာမည် တစ်ခုပဲ သိပြီး အဖြေရှာမရသလို ဖြစ်နေခဲ့ရာကနေ…။

အခု အဲဒီ ဝင်းမွန်ဆိုတာ… ခင်ဖုန်းရှေ့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့ပါပြီ…။ သူ့မှာရှိတဲ့ လင်းမင်းဝင်းကိုရော သိပ်မကြာခင် တွေ့ဖို့ အခွင့်အရေး တစ်ခုခု ရလာနိုင်ပါတယ်…။

ဒီလောက်နှစ် ရှိအောင်တော့ ကြေကွဲစွာ စောင့်စားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခု ဘယ်လောက်မှ ကြာကြာ စောင့်ရတော့မှာ မဟုတ်ဘူး...။
စိတ်ကို ဖြေလျှော့ပြီး အခွင့်အရေးကို စောင့်ရမယ် ခင်ဖုန်းဆင့်...
မင်းမင်းကသာ... မမှတ်မိတော့ဘူး ဆိုရင်ကော...။
ခင်ဖုန်းပါ မင်းမင်းရယ်လို့များ ငိုမိလေဦးမလား...။

◆

ထမင်းစားချိန်ဆို မမမြင့်... မမကျော့နဲ့ အုန်းအုန်းကို သတိရမိသလို... မင်းမင်းနှင့် အတူ စားခဲ့ရသော တစ်နပ်တည်း ထမင်းဝိုင်းလေးဟာ ရင်ထဲ ရှိဆဲပါ...။ မာလာက ဟင်းချက် မကောင်းပေမယ့် များသောအားဖြင့် အသုပ်ကလေးတွေ ဖွယ်ဖွယ်ရာရာ စီစဉ်လာတတ်ပါတယ်...။

" ခင်ဖုန်း ဒီဟင်းက စားကောင်းလိုက်တာ... မင်း ဟင်းချက်ကောင်းတယ်... ဟင်းချက် ကောင်းတဲ့လူကို ယောက်ျားက ချစ်သတဲ့ မင်းမှာ ချစ်သူ မရှိဘူးလား..."

" ချစ်သူ..."

ခင်ဖုန်း ချစ်သူက မင်းမင်းလေ...။ ဒါပေမယ့် နုလို ပြောလို့လည်း ဖြစ်ပါ့မလား...။

ဒါကြောင့် နောက်မှ ပြောပြပါမယ်လို့ပဲ ဖြေလိုက်ပါတယ်...။

" ထမင်းစားနေကြတာလား..."

ရုတ်တရက် အသံနှင့် အတူ ရောက်လာတဲ့သူဟာ... မထင်မှတ်သူမို့ ကြည့်နေမိဆဲ...။

" မမစိုး..."

www.burmeseclassic.com

www.burmeseclassic.com



" စနေနေ့ မနက် အိမ်မှာ အလှူလုပ်မလို့ မာလာနဲ့ ခင်ဖုန်းဆင့် လိုက်ခဲ့ပါလား..."

မမစိုးတို့ အိမ်မှာ အလှူတဲ့။ ခင်ဖုန်းကို ဖိတ်နေတယ်...။ အဲဒါ မင်းမင်း အိမ်ပေါ့နော်...။ မင်းမင်း နေခဲ့တဲ့ အိမ်... နေခဲ့တဲ့ နေရာ... သိပ်ကို တွေ့ချင်ခဲ့ပါတယ်...။ ဒါကြောင့် ဟုတ်ကဲ့ လာခဲ့ပါမယ် လို့ပဲ ပြောလိုက်တယ်လေ...။ မမစိုးကတော့ ဆက်ဆက် လာပါလို့ ပြောသွားတယ်...။

" ခင်ဖုန်း သွားမလား..."

" သွားမယ်... မာလာ... အိမ်လာခေါ်မလား... ခင်ဖုန်း လာခေါ်ရမလား..."

" မာလာ လာခေါ်ပါမယ်... ခင်ဖုန်းသာ စောင့်နေ..."

" မာလာ အဲဒီ အလှူမှာ လူအများကြီး ရှိနိုင်မလား..."

" ကျောင်းက မမစိုး အပေါင်းအသင်းတွေ... ပြီးတော့ အကြီးဆုံး အစ်မ မမညိုရဲ့ ရုံးက လူတွေ... မမမိုးကတော့ လာနိုင်ပါ့မလား... သူက တောင်ညိုမြို့မှာ နေတာ... ဒါတွေပဲ ရှိမှာပေါ့... ကိုမင်းသူငယ်ချင်းတွေတော့ ဖိတ်မယ် မထင်ပါဘူး... ကိုဝင်းမွန်ကတော့ မပြောတတ်ဘူး... ကိုဝင်းမွန်တို့ သားအဖကတော့ အထူးဧည့်သည်တော် အဖြစ် လာချင် လာမှာပေါ့..."

" ကိုဝင်းမွန်တို့ သားအဖ ဟုတ်လား... ကိုမင်းထွန်း ဝင်စားတယ် ဆိုတဲ့ကလေးကို ခင်ဖုန်း တွေ့ဖူးချင်တယ်..."

" လာဖို့ များပါတယ်... ကလေးလေးက သူ့အမေ... သို့အမေ ညိုသလောက် အသားဖြူဖြူလေးမှာ မျက်ခုံးလေးက မည်းလို့... တကယ် ကိုမင်းရုပ်ကလေး... မမစိုးတို့က ချစ်ပါတယ်... ဒါပေမယ့် ပတ်ဝန်းကျင်ကလည်း ရှိသေးတော့... ကိုဝင်းမွန်လို မုဆိုးဖိုနဲ့ ရောနေလို့ မကောင်းဘူးလေ... ကိုဝင်းမွန်က နားလည်မှုတော့ ရှိပါတယ်... တစ်ခါတစ်လေ ကျောင်းပိတ်ရက်တွေ ကလေးကို သွားပို့ပေးထားတာပါ..."

" ကလေးလေးက မမစိုးတို့နဲ့ နေသလားဟင်..."

" နေတယ် ပြောတာပဲ... စကားက မပြောတတ် သေးတော့... ဘာမှတော့ ဘဝဟောင်းက အကြောင်း မပြော တတ်ဘူးပေါ့... နောင် စကားကောင်းကောင်း ပြောတတ် လာရင်တော့ ကြည့်ရဦးမှာပေါ့..."

အခုပဲ တွေ့ချင်မိပြီ... မင်းမင်းရယ်...။

ဒါပေမယ့် တစ်ခါတစ်ခါတော့ ခင်ဖုန်းကိုယ် ခင်ဖုန်းလည်း စိတ်ဖြေရတယ်... သိပ်တွေ့ချင် မနေနဲ့ ကလေးက စကားမပြောတတ်တဲ့ အရွယ်ကလေး...။ ခင်ဖုန်းလို့လည်း မခေါ်တတ်ဘူး... ချစ်တယ်လို့လည်း မပြောတတ်ဘူး...။ မျက်နှာစိမ်း တစ်ယောက်ကို တွေ့ရသလို စိမ်းစိမ်းကားကားနဲ့ ဘဝချင်း ခြားသွားသလို ဖြစ်နေရင် ခင်ဖုန်း ခံနိုင်ရည် ရှိပါ့မလား...။

နောက်တစ်ချီ... ပြင်းစွာ ကြေကွဲရဦးမှာ များလား...။

မတွေ့ပဲလည်း မနေနိုင်...။

တွေ့ရင်ဆိုတဲ့ ခံစားမှုနဲ့လည်း ကြောက်ရွံ့ နေသလိုလို...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဖုန်းကို မေးမလို့... ခင်ဖုန်းတို့ ကျောင်းမှာ ကိုမင်းရဲ့ ချစ်သူ ရှိတယ်ဆို..."

"ဟင်..."

"မမစိုးနဲ့ တွဲတဲ့ ဆရာမ မမော်က ပြောဖူးလို့ပါ... ကိုမင်းက မြို့သာကို ပြန်ပြောင်းဖို့ မမစိုးတို့ ပြောတာ ပြောမရဘူး.. ဘယ်ပြောရမလဲ... ဟိုကျောင်းမှာ ချစ်တဲ့သူတွေ နေပြီလို့ ပြောဖူးတယ်... ခုမှ သတိရလို့ မေးတာ... အဲဒီ ဆရာမကို ခင်ဖုန်းသိလား..."

"ဆရာမ မာလာ... စာအုပ်တွေ ရလာပါပြီ..."

စကားဖြတ်ပြီး မာလာထွက်သွားမှ ခင်ဖုန်း အသက်ရှူချောင်တော့တာ... မင်းမင်းမှာ ချစ်သူရှိတယ်လို့ သိကြသတဲ့...။ ဘယ်လိုသိတာလဲ... ခင်ဖုန်းကို မင်းမင်းက ချစ်တယ်ဆိုတာ ဘယ်လိုသိကြတာလဲ...။ မင်းမင်းကများ သူ့အိမ်မှာ ပြောပြသလား။

"မင်းက ခင်ဖုန်းဆင့်နော် " ဆိုတဲ့ မမစိုးရဲ့ စူးစူးစိုက်စိုက် အကြည့်တွေ...။ သိနေတာလား။ မင်းမင်း ဘာတွေများ ပြောခဲ့မလဲလို့ သိချင်လိုက်တာ...။

ခင်ဖုန်းရင်ထဲမှာ... ဘယ်လိုမှ မေ့ပျောက်လို့ မရတဲ့ နာကျင်မှုတွေ ရှိနေဆဲပါလေ...။ နီးတော့မယ်ဆိုမှ ဝေးရတဲ့ အဖြစ်တွေ...။ သိပ်ချစ်တယ် မင်းမင်းလို့ စောစော မဖြေခဲ့နိုင်လို့ မင်းမင်း ပျောက်ရှင်မှုနည်းခဲ့ရရင် ခင်ဖုန်း အပြစ်ပါ...။

◆

ဒါဟာ မင်းမင်း နေခဲ့တဲ့အိမ်...။ မင်းမင်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့တဲ့ နေရာတဲ့လား။ အိမ်ကြီးက အကြီးကြီးပါလား...။ အဖေ အမေ အစ်မတွေရဲ့ ချစ်လှစွာသော တစ်ဦးတည်း ကောင်လေးတစ်ယောက်...။ အခုမှ ခင်ဖုန်း ရောက်လာခဲ့တယ် မင်းမင်းရယ်...။ အဲဒီ ဝရန်တာ အကျယ်ကြီးမှာ ရပ်ပြီး ခင်ဖုန်းကို လွမ်းခဲ့ဖူးသလားဟင်...။

"မာလာချို့တို့ပါလား... လာကြ... လာကြ... ခုချိန် လာတာ ကောင်းတယ်... စောစောက မမညိုရုံးအဖွဲ့တွေနဲ့ လူများနေတာ..."

မမစိုးက လှလိုက်တာ...။ ပါတိတ်ဝမ်းဆက်လေးပဲ ဝတ်ထားပေမယ့် ကျောင်းဝတ်စုံနဲ့ မဟုတ်ပဲ အပြင်အဝတ် အစားနဲ့ ဒီတစ်ခါပဲ မြင်ဖူးတာ...။ လှလိုက်တာ...။ စားပွဲဝိုင်းမှာ ဝင်ထိုင်နေတုန်း...။

"မမညို... ခဏ..."

"မမညို မတွေ့တာ ကြာပြီ "

"မာလာ... နင်လာတော့ မလည်ပဲ... တွေ့ လွမ်းနေပြန်ပြီ..."

www.burmeseclassic.com

www.burmeseclassic.com



“ မမညို... ခင်ဖုန်းဆင့်လေ... ဘယ်လိုလဲ... ဘယ်လိုခံစားရလဲ ”

မမစိုးအပြောကြောင့် ခင်ဖုန်း အံ့ဩရင်း မမညိုကို ကြည့်မိပါပေါ့...။

“ ခင်ဖုန်းဆင့် အလှက ယဉ်တာပါ... ယဉ်ယဉ်လေးနဲ့ ဆွဲဆောင်မှု ရှိတယ်...”

“ မမမိုးရော...”

“ မမိုးက မလာနိုင်ဘူး... တောင်ညိုမြိုင်းဘက်မှာ ပျော်နေပြီ... လကုန်တစ်ခါ ပြန်လာရုံပဲ... တစ်လတစ်ခါကလွဲပြီး နောက်ထပ်ခေါ်လို့မရဘူး... သူ့အလုပ်သူ ပျော်နေပေါ့...”

မမစိုးတို့က ထမင်းကျွေးတာပါ...။ ဟင်းအမယ်တွေ သိပ်ကို စုံလင်ပါတယ်...။

“ ဒီဟင်းလေး စားကြည့်ပါလား ခင်ဖုန်းဆင့်... ကြက်သားကို အစိတ်စိတ် အမွှာမွှာ ပေါက်ပြီးမှ ကြက်သွန်နီတို့ အမွှေးအကြိုင်တွေနဲ့ ရောမွှေချက်ရတာ... အဲဒါ မောင်လေး မင်းမင်း အကြိုက်ဆုံး ဟင်းလေ... ဘုန်းကြီး ဆွမ်းကပ်တိုင်း မပါမဖြစ် ဟင်းပါ...”

မင်းမင်းအကြိုက်ဆုံး ဟင်းဆိုပါလား...။ ခင်ဖုန်းတို့ တွေ့ချိန်က တိုတောင်းလွန်းလေတော့ ချစ်သူ ဘာဟင်းကြိုက်တယ်တောင် မသိခဲ့ရတဲ့ ခင်ဖုန်းဆင့်ပါ...။ ထမင်းစားပြီး အချိုပွဲတွေ စားနေတုန်း မာလာက မမညိုနဲ့ စကားပြော နေပါတယ်...။



“ ခင်ဖုန်းဆင့်... ပြစရာလေး တစ်ခုရှိလို့ လိုက်ကြည့် ပေးနိုင်မလား ”

“ ပြစရာ...”

“ မောင်လေး အခန်းထဲ ခဏလိုက်ခဲ့ပါလား ”

ဘယ်လို ငြင်းမှာတဲ့လဲ...။ ခင်ဖုန်းအတွက်တော့ မမျှော်လင့်ခဲ့သော ဆုတွေရခြင်းပဲလေ...။ မမစိုးခေါ်တဲ့ အပေါ်ထပ် လိုက်လာခဲ့ပါတယ်...။ ဒါ မောင်လေး အခန်းလို့ ပြောပြီး အခန်းတစ်ခုထဲ ရောက်ခဲ့တာ...။

“ သူမရှိတော့ပေမယ့် အခန်းထဲက ပီရိုစားပွဲ အားလုံး အရင်အတိုင်းပါပဲ...”

ခုတင်မှာတော့ ဘာမှခင်းကျင်း မထားတော့ပါဘူး...။ ခုတင်ဘေး စားပွဲပေါ်မှာတော့ လှပသော နှင်းဆီပွင့်များနဲ့ ပန်းအိုးတစ်လုံး ရှိနေတာ...။ စားပွဲရှေ့ နံရံပေါ်က ပန်းချီကားကြီးကို ကြည့်ပြီး ခင်ဖုန်း မျက်ရည်ဝဲရပါပြီ။

ပန်းချီကားထဲက ခင်ဖုန်းဆင့်ကတော့ အလှဆုံး ပြုံးနိုင်ပါပေရဲ့...။

အပြင်လောကမှာ ရှိနေဆဲ... ခင်ဖုန်းဆင့်ကတော့ ဒီလို မပြုံးနိုင်ခဲ့ပါဘူး။

“ မောင်လေးက ဖွင့်ပြောသွားခဲ့သွားခဲ့တယ်... မင်းကို သိပ်ချစ်သလို အမေနည်းနည်း သက်သာရင် လက်ထပ်ပါ ရစေတဲ့... ဒါကြောင့် မင်းကို ကျောင်းပြောင်းလာမယ် ကြားတော့ ဝမ်းသာဝမ်းနည်း ခံစားရတယ်... မမစိုးတို့ အတွက် မင်းမင်းက

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးပါ…"

မငိုရဘူး ခင်ဖုန်းဆင့် မငိုရဘူး…။

အထပ်ထပ် အားတင်းခိုင်းရတယ်…။ မျက်လုံး အိမ်တလျှောက် ပူလောင်ပြီး လည်ချောင်းတွေ ဆို့နင့်နေပြီ…။ ခင်ဖုန်းကို သိပ်ချစ်ခဲ့တာပါလား မင်းမင်းရယ်…။

" မောင်လေးက ပန်းချီဆွဲတာ ဝါသနာပါတယ်… ဒီပုံကို သူ အမေနေမကောင်းလို့ ပြန်လာတဲ့ အချိန်မှာ ဆွဲခဲ့တာ ထင်ပါရဲ့… မမစိုးတို့ မိသားစုက ခင်ဖုန်းဆင့်ကို ဟိုတစ်ချိန် ကတည်းက မြင်ဖူးခဲ့ကြပါတယ်…"

" မင်းမင်း ပြောလို့လည်း… မမစိုးတို့အကြောင်း ခင်ဖုန်းလည်း ကြားဖူးခဲ့ပါတယ်… ခင်ဖုန်းလည်း… ခင်ဖုန်းလည်း နှစ်တွေ ကြာခဲ့ပေမယ့် တစ်ယောက်တည်း ခံစားခဲ့ရ…"

မပြောနဲ့တော့… ကြေကွဲစိတ်က မျက်ရည်ကိုပဲ ခေါ်ဆောင်လာတာ…။ မင်းမင်းရဲ့ စားပွဲလေးမှာ ထိုင်ရင်း ခင်ဖုန်း ငိုမိပါပေါ့…။

" မမစိုး ထင်ခဲ့တာက… မောင်လေးကို မင်း မေ့သွားလောက်ပြီလို့…"

မေ့သွားလောက်ပြီတဲ့လား…။ တစ်သက်လုံး အတွက် ဒီတစ်ယောက်ကို ချစ်ရတာ မေ့သွားစရာလား…။ ခင်ဖုန်းရင်ထဲက မင်းမင်းဟာ အချစ်ရဆုံးလူအဖြစ် ထာဝရ ရှိနေဦးမှာပါ…။

◆

" ဆရာမ ခင်ဖုန်းဆင့်… ဆရာမ…"

ခေါ်သံကြောင့် မာလာနင့် စကားတပြောပြော လျှောက်လာရင်းမှ လှည့်ကြည့်မိပါတယ်…။ နောက်ဘက်မှ ကားသံကြောင့် လမ်းဘေး ဆင်းရပ် ပေးလိုက်ရာက ဒီကားပေါ်မှာ သူပါလာတာ မသိလိုက်ပါဘူး။ ဦးဝင်းမွန်လို့ ခေါ်ရင်း ကားဆီတော့ မျက်လုံးက ကြည့်မိတယ်…။

" သောကြာ ညနေ… ကျွန်တော် ရွာကြီးသွားမယ်… သားကို ရွာကြီး ပို့ထားတာ သွားပြန်ခေါ်မလို့ပါ… ဆရာမ ခင်ဖုန်းဆင့် လိုက်မယ်ဆို ရပါတယ်…"

" ဟုတ်ကဲ့… ခင်ဖုန်း လိုက်ခဲ့ပါမယ်… အပြန် ကျရင်လည်း ပြန်လိုက်မှာနော် ခင်ဖုန်း တနင်္လာမှာ အစည်းအဝေး ရှိလို့ပါ…"

အမှန်တော့ ရွာကြီး မသွားလည်း ဖြစ်ပါတယ်…။

သားကို ပြန်ခေါ်မလို့ ဆိုကတည်းက ကလေးကို တွေ့စရာ… ဒီတစ်နည်းပဲ ရှိတယ်…။ ရတဲ့ အခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်နိုင်ဘူး…။ အပြန်က ပိုအရေးကြီးတာ…။ ကလေး ပြန်ပါလာမယ်လေ…။ ကိုဝင်းမွန်က နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတော့ မာလာက ပြောပါပြီ…။

" ခင်ဖုန်း မမစိုးတို့ အလှူမှာမှ… မင်းနဲ့ ကိုမင်းအကြောင်း သိခဲ့ရတာ…"

ခင်ဖုန်း မငိုပဲမှ မနေနိုင်လေတော့… မင်းမင်းနဲ့ ခင်ဖုန်းအကြောင်း မာလာသိသွားတော့တာပေါ့…။ မမညို ကတော့ ခဏခဏ လာလည်ပါတဲ့…။

" ခင်ဖုန်းတို့ ရင်တနင့် ချစ်ခဲ့ကြပေမယ့်… ဖူးစာ မပါခဲ့ပါဘူး မာလာ… သူမရှိကတည်းက ခင်ဖုန်းမှာ ပျော်တယ် ဆိုတာ မရှိတော့ဘူး…"

" ကိုဝင်းမွန်သားလေးကို မတွေ့ချင်ဘူးလား…"

" တွေ့ချင်ပါတယ်… ဒါပေမယ့် မင်းမင်းက ခုဘဝမှာ ခင်ဖုန်းကို သိချင်မှ သိတော့မှာပေါ့…"

" တချို့ လူဝင်စားတွေက ဘဝဟောင်းက မိဘ မောင်နှမ ဇနီး ခင်ပွန်း သားသမီး အကုန်မှတ်မိကြတာ ကြားဖူးတယ်… ကိုမင်းကလည်း ခင်ဖုန်းကို မှတ်မိချင် မှတ်မိမှာပါ…"

" မပြောတတ်ပါဘူး… မာလာရယ်…"

မာလာက သူ့အိမ်ရောက်တော့ နေရစ်ခဲ့ပါပြီ…။ တစ်ယောက်တည်း လျှောက်လာခဲ့မိတယ်…။ မင်းမင်း ဆွဲခဲ့တဲ့ ပန်းချီကားကို ခင်ဖုန်း လိုချင်ယူသွားပါလို့ မမညိုနဲ့ မမစိုးက ပေးခဲ့ပါတယ်…။

ချစ်သူနဲ့ နောက်ဆုံး အမှတ်တရမို့ ခင်ဖုန်း



ယူလာခဲ့တယ်လေ…။ ခင်ဖုန်း ခုတင်ဘေး ချိတ်ထားပြီး ကြည့်နေမိတာ အကြိမ်ကြိမ်…။

မင်းမင်း မရှိလို့ မပြုံးနိုင်တော့ပါဘူးလို့ ပြောမိတာ အခါခါ…။

" ဟင်… မမဝင်း ရောက်နေတယ်…"

" အင်း… နင့်အစ်ကို သင်တန်းသွားရမှာမို့ ဒီမှာ တစ်လလောက် လာနေတာ…"

မမဝင်းနဲ့ အစ်ကိုအောင် မရှိရင် ရွာကြီး ဘာသွားလုပ်ရမှာလဲ။ စိတ်ပျက်လိုက်တာ…။ သောကြာညနေ ကိုဝင်းမွန်နဲ့ လိုက်သွားမှ အပြန် ကလေးကို တွေ့ရမှာ…။ အခုတော့ လွဲပြန်ပေါ့ တစ်ခါ…။

" ခင်ဖုန်း ပြန်လာရင် အဆင်သင့် စားရအောင် ချက်ထားပြီ…"

" စားမယ် မမဝင်း…"

ထမင်းစားနေတော့ အနားမှာ လာထိုင်ပါတယ်…။ ပြီးတော့မှ ပြောတော့တာ…။ မမဝင်းက မြို့သာပြောင်းလာတဲ့ ပထမဆုံးနေ့ကကို မမဝင်းမောင် တစ်ဝမ်းကွဲ ကိုသောင်းလွင်ဦးနဲ့ သဘောတူကြောင်း ပြောခဲ့တယ်…။ ခင်ဖုန်းကလည်း ငြင်းခဲ့ပြီးသားပဲဟာ…။

" မမဝင်း သဘောက မောင်ဦးလေး စီးပွားရှာ ကောင်းတော့ သူစိမ်းရသွားမှာနဲ့စာရင် ခင်ဖုန်းနဲ့ဆု ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်တာ… သူကလည်း ခင်ဖုန်းကို တစ်ခါ

www.burmeseclassic.com



မြင်ဖူးကတည်းက ယဉ်ကျေးပြီး ကြွေ့နေရတဲ့ မိန်းကလေးမို့ သဘောကျပါတယ်တဲ့…"

"မမဝင်း ခင်ဖုန်း လက်မခံနိုင်ပါဘူးလို့ ပြောပြီးပြီပဲ… ခင်ဖုန်း အိမ်ထောင်ရေး ခင်ဖုန်းဖာသာ စဉ်းစားပါရစေ…"

"မသင့်တော်တာ တွေ့သွားမှာ စိုးလို့ပါ…"

ခင်ဖုန်း ငြိမ်နေလိုက်တော့မှ မကြိုက်တာသိလို့ ထင်ရဲ့ ဆက်မပြောတော့ပါဘူး…။ မင်းမင်းက လွဲပြီး မချစ်နိုင်ဝံ့သလို ဘဝတစ်ခုလုံးလည်း လက်မတွဲနိုင်ပါဘူး…။ ချစ်သူနဲ့ မပေါင်းရကာမှနေ… ချစ်သူကို ရင်ထဲမှာ ထည့်ထားပြီး နေချင်တယ်…။

"သူတို့က ချမ်းသာကြတယ်…"

"ခင်ဖုန်း စိတ်ချမ်းသာဖို့ပဲ ပိုလိုချင်ပါတယ်… မမဝင်း စေတနာ သိပေမယ့် ခင်ဖုန်းက အိမ်ထောင် မပြုချင်သေးပါဘူး… အိမ်ထောင်ပြုချင်ပြီလို့ ဆုံးဖြတ်တဲ့အခါ မမဝင်းကို ပြောပါမယ်…"

ခင်ဖုန်းက ဘယ်တော့မှမှ အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားပြီပဲ…။ ခုလို ပြောလိုက်တာ မကောင်းဘူးလား…။ မင်းမင်းမှ မရှိတော့တာ ခင်ဖုန်းအတွက် ဘဝခရီးဖော် မလိုတော့ပါဘူး…။

◆

ကိုဝင်းမွန် အိမ်ကို ဖြစ်ဖြစ်… အလုပ်ထဲ ဖြစ်ဖြစ် သွားပြောပြချင်တာ… တစ်ယောက်တည်း မကောင်းလို့ပါ… မာလာအဖော်လိုက်ခဲ့ပါဆို ခေါ်လာခဲ့တယ်…။ သစ်တောဝင်းက အကျယ်ကြီးပါလား…။ ရုံးကတော့ အပြင်ဝလေးတင်ပါ…။ ဆရာကိုဝင်းမွန် အခုပဲ အိမ်ခဏပြန်သွားပါတယ်… သူ့သားလေး ဖျားနေလို့တဲ့…။

"သူ့သားလေး ဖျားနေတယ် ဟုတ်လား… ဒါဆို ကလေးက အိမ်မှာ ရှိလားဟင်…"

"ရှိပါတယ်…"

"ဘယ်လို လုပ်မလဲ ခင်ဖုန်း…"

"အိမ်လိုက်သွားမယ်…"

အကြောင်းပြချက်လေး ရတုန်း လိုက်သွားမယ်…။ မာလာနဲ့ နှစ်ယောက် အိမ်ဘက်ကို လျှောက်လာခဲ့ကြတာ…။ အိမ်ကတော့ အတွင်းထဲ အတော်ဝင်ရတယ်…။

"အဲဒါ ကိုဝင်းမွန် နေတဲ့အိမ်ပဲ ခင်ဖုန်း…"

"ဟယ်… လှလိုက်တာ "

အိမ်ကလေးက သပ်ရပ်ခန့်ညားသော သစ်သား

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး တစ်အိမ်ပါပဲ...။ ဒါပေမယ့် လှပနေတာကတော့ အိမ်ရဲ့ နောက်ခံမှာ တောင်တန်းကြီးက ကာရံထားပြီး... တောင်တန်းပေါ်မှာ ထုံးဖြူဖြူနဲ့ ဘုရားလေး တစ်ဆူ ရှိတယ်...။ အိမ်ရဲ့ ဝရန်တာက ကြည့်ရင် အဲဒီ ဘုရားလေးနဲ့ တောင်တန်းကြီးကို ကြည့်နေချင်စရာပါလား...။

" ဟင်... ဆရာမ ခင်ဖုန်းဆင့်..."

အိမ်ရှေ့ ဝရန်တာကို ထွက်လာတဲ့ ကိုဝင်းမွန်က ခင်ဖုန်းတို့ကို မြင်တော့ အံ့သြသွားတာပေါ့လေ...။ ထင်မထားတဲ့ လူတွေ မဟုတ်လား...။ ဒါကြောင့် ခင်ဖုန်း ပြောစရာလေး ရှိလို့ လာတာပါဆိုတော့... အိမ်ထဲ ဝင်ပါဦးတဲ့...။ ခင်ဖုန်းကတော့ ရတဲ့ အချိန်လေး မင်းမင်းကို တွေ့ချင်မိတာကိုး...။

ဧည့်ခန်းထဲ ဝင်လိုက်ရင်ပဲ...

ဧည့်ခန်းနံရံတွေမှာ သူ့နေရာနှင့်သူ ပုံစံအမျိုးမျိုးရှိသော ပန်းချီကားတွေကို ချိတ်ထားပြီး... ဆွဲလက်စ ပန်းချီကား တစ်ချပ်ကို တွေ့ရပါတယ်...။

" ဦးဝင်းမွန် ပန်းချီဆွဲတတ်လား..."

" ဟုတ်ကဲ့... ဆရာမ ခင်ဖုန်းဆင့် ကိစ္စရှိလို့လား..."

" သောကြာ ညနေ ရှာကြီး မလိုက်ဖြစ်ဘူး... လာခေါ်မှ ပြောရမှာ အားနာလို့ လာပြောတာပါ..."

" ဘာများလဲလို့... ရပါတယ်... ကျွန်တော်လည်း သားက သူ့ကြီးကြီးနဲ့ ပြန်ပါလာလို့ မသွားလည်း ရပြီလေ... ဆရာမလည်း မလိုက်ဘူးဆို မသွားတော့ဘူးပေါ့..."



ဟိုဒီ ကြည့်ပေမယ့်... ကလေးလေးရဲ့ အရိပ်တောင် မတွေ့ရ...။

" ကလေး ဖျားနေလို့ဆို..."

" မနေ့ညကတော့ ကိုယ်တော်တော် ပူတာနဲ့ ဆေးခန်းခန်း... ချစ်စိုးဆီ သွားပြရတယ်... အခု သက်သာနေပါပြီ... ဟုတ်တာပဲ ဆရာမ ခင်ဖုန်းဆင့်တို့ လာတုန်း သားအချောအလှကို ကြွားရဦးမယ်... ကြီးကြီး လင်းမင်းကို လွှတ်ပေးလိုက်ပါဦး..."

ကိုဝင်းမွန်က သူ့သားကို လင်းမင်းလို့ ခေါ်ပါတယ်...။ ခင်ဖုန်း နားထဲမှာတော့ မင်းမင်းလို့ပဲ ကြားလိုက်မိပါပြီ...။ ထွက်လာတော့မယ့် နေရာလေးကို ရင်ထိတ်စွာ စောင့်ရတာ... အသက်ရှူ ရပ်နေမိတယ်...။

တံခါးပွင့်ပြီးတဲ့နောက် နံရံကို ကိုင်ပြီး ထွက်လာတဲ့ လှုပ်ရှားမှု...။

ဟိုယိမ်း ဒီယိုင် လျှောက်လာတာ...။

ခင်ဖုန်းတို့ ရှေ့နား ရောက်လာတဲ့အထိ မျက်တောင် မခတ် ကြည့်မိဆဲ...။

ဘုရား... ဘုရား မင်းမင်းရဲ့ မျက်နှာလေးပါလား...။ ဖြူဖွေးနေတဲ့ အသား... မည်းနက်နေတဲ့ မျက်ခုံးတွေ...။

" သားလေး... အန်တီ ဆရာမတွေကို လာနှုတ်ဆက် ဦးမှပေါ့..."

သူ့အဖေ အသံကို လှမ်းနားထောင်ပြီးတော့ မျက်ခုံးမျက်စိ အကြည့်တွေဟာ... ခင်ဖုန်းတို့ဆီ ရောက်လာပြီ...။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတယ်… ကြည့်နေတယ်… မင်းမင်း…။

ခင်ဖုန်းလေ… မင်းမင်း သိပ်ချစ်တဲ့ ခင်ဖုန်းပါလို့… ရင်ထဲက တတွတ်တွတ် ရွတ်နေမိပါပြီ…။ ကြည့်နေရာကနေ ရုတ်ခနဲ ခင်ဖုန်း ထိုင်နေရာ ပြေးလာခဲ့တာ…။ လမ်းလျှောက်တတ်ကာစ ဒယိမ်းဒယိုင် အပြေးအလွှား ခြေလှမ်းတွေကြောင့် လဲကျသွားလေမလား စိုးရိမ်စွာ ပြေးလာနေတဲ့ မင်းမင်းကို ခင်ဖုန်း ထိုင်ရာမှ ထပြီး လက်ကမ်းမိပါပေါ့…။

နူးညံ့လိုက်တဲ့ လက်ကလေးတွေ…

ခင်ဖုန်းကို ကျစ်ကျစ်ပါအောင် ဖက်ထားတယ်…။ ခင်ဖုန်းကို တအား ဖက်ထားတာမှ မလွှတ်တမ်း…။ ခင်ဖုန်းကလည်း လွှတ်မပေးချင်တော့ပါဘူး…။

“ သားက ခင်ဖုန်းကို ခင်နေသလိုပဲ… ဦးဝင်းမွန်ကို မာလာ ကြားဖူးတာ မေးရဦးမယ်… မကြဲ့တာရော… မကြိုက်မှာ စိုးတာကြောင့်ပါ မမေးဖြစ်တာပါ… ဦးဝင်းမွန် သားလေးက ကိုမင်း ဝင်စားတယ် ကြားလို့ပါ…”

“ ကလေးကို ကိုယ်ဝန်ရှိတော့ရော… ဘာတွေ မက်သေးလဲ…”

“ သူ့အမေက ပြောတော့… ရှင့်သူငယ်ချင်း ကိုမင်းထွန်း ရောက်လာတယ်… ကျွန်မတို့နဲ့ အတူလာနေတာဆို အထုပ်အပိုးတွေနဲ့ ဝင်လာတာပဲတဲ့…”

“ အခုကျတော့ရော… ကိုမင်းနဲ့ ပတ်သက်တာ တူတာတွေ ရှိလား…”



“ သိပ်ငယ်တော့လည်း… စကားမှ ကောင်းကောင်း မပြောတတ်သေးတာ… ဘာမှ ပြောမပြဘူးပေါ့…”

သူတို့ ပြောတာတွေ ကြားတစ်ချက်… မကြား တစ်ချက်ပါ…။ ခင်ဖုန်းကို လည်ပင်းကနေ သိုင်းဖက်ပြီး ပခုံးပေါ် မျက်နှာအပ်ထားတဲ့ ဒီအပြုအမူနဲ့ကလေးကို ခင်ဖုန်းကရော ဘယ်လိုခွာရက်မှာလဲ…။

ဟုတ်တယ်… မင်းမင်း ဟုတ်တယ်…။

မင်းမင်းမို့လည်း ခုမှတွေ့တဲ့ ခင်ဖုန်းကို ဒီမျှ ချစ်ခင်စွာ ဖက်ထားတာပေါ့…။

“ ပြန်ကြရအောင် ခင်ဖုန်း…”

မာလာက ပြန်ကြရအောင်တဲ့… ကလေးကို ခင်ဖုန်း ဘယ်လိုမှ အောက်ပြန်မချနိုင်…။

“ သား… အန်တီတို့ ပြန်တော့မှာ… လာ ဖေဖေ ချီမယ်လေ… ကြီးကြီးလာပါဦး ဒီမှာ လင်းမင်းက ခေါ်မရဘူး…”

ခင်ဖုန်းပေါ်က ကလေးကို အတင်းယူချီဖို့ အားနာပြီ… ကိုဝင်းမွန်က သူ့ကြီးကြီးကို လှမ်းခေါ်ပါတယ်…။

အဲဒီ ကြီးကြီး လာချီပြီ ဆိုတဲ့အခါ… ကလေးက ပိုပြီး တင်းကျပ်အောင် တိုးဖက်ထားလိုက်တယ်လေ…။

“ လင်းမင်းလေး ဘယ်လိုဖြစ်လို့ ဆရာမကို ဒီလောက် ချစ်နေလဲ… လာ ဖွားချီမယ် လာ…”

လက်ကို အတင်းဆွဲဖြေ… သူက အတင်းဖက်နဲ့…။

ဒါပေမယ့်… လူကြီးအင်အားနဲ့ ကလေးအင်အား…

www.burmeseclassic.com

www.burmeseclassic.com



မငိုပါနဲ့ မင်းမင်း… မင်းမင်း အဲလို ရှုးရှုးဝါးဝါးငိုတာ ခင်ဖုန်း မခံစားနိုင်ပါဘူး…။ ကလေးကို အထဲခန်းထဲ ခေါ်သွားပြီ…။ မာလာက ခင်ဖုန်း ခံစားချက်ကို သိတာမို့ လက်ဆွဲ ခေါ်ပါတယ်…။

" ကျွန်တော် လိုက်ပို့ပေးမယ်…"

" နေပါစေ… နေပါစေ… လာသွားစို့ မာလာ…"

ငိုချင်နေပြီလေ…။ ကိုဝင်းမွန်ရှေ ငိုလို့ မဖြစ်နိုင်…။ ဒါကြောင့် သုတ်ခြေတင် လျှောက်ရင်းက ငိုလာတာ…။ မာလာကလည်း မငိုပါနဲ့ ခင်ဖုန်းရယ်… မငိုပါနဲ့…။ နင်တို့ကံတွေကလည်း ဆိုးပဲ ဆိုးတတ်ကြတယ်…။ ကလေးကလည်း ခင်ဖုန်းဆီမှ ပြေးဖက်တယ်… သူက ခင်ဖုန်းကို မှတ်မိသေးတာကိုး…။ မမေ့သွားဘူး…။ ဘဝတစ်ခု ခြားတာတောင်… မမေ့သွားဘူးတဲ့…။

ကျေးဇူးတင်ပါတယ် မင်းမင်း… နောက်ထပ်ဘဝတစ်ခု ပြောင်းသွားတာတောင် ခင်ဖုန်းကို ချစ်နေဆဲမို့ ကြည်နူးလိုက်ရတာ သိပ်ချစ်နေဆဲပါ မင်းမင်းရယ်…။

◆

ခုရက်ပိုင်း… ခင်ဖုန်း ဘာမှ စိတ်မဝင်စားနိုင်…။ အတွေး အားလုံးမှာ မင်းမင်းပဲ ရှိနေတယ်…။ မာလာ့ကိုလည်း ခင်ဖုန်း စိတ်ထဲရှိတာတွေပဲ ပြောပြနေမိတယ်…။

" မာလာ… မင်းမင်းနဲ့ တွေ့ချင်တယ်… ဘယ်လိုလုပ်မှ တွေ့ရမှာလဲ… ခုပုံဆို ခင်ဖုန်း ရူးချင်နေပြီ… စားလည်း ဒီစိတ်… သွားလည်း ဒီစိတ် ဖြစ်နေပြီ… လက်ကလေးတွေက ဝဝဖောင်းဖောင်း နုနုလေးတွေ… ခင်ဖုန်းလေ သူ့အဖေ ရှိနေတော့ မကောင်းလို့… သိပ်ချစ်တယ်… တအားဖက်ထားချင်တယ်…"

" ခင်ဖုန်းရယ်… မာလာ စိတ်မကောင်းပါဘူး… မာလာလည်း ဘာမှ လုပ်မပေးတတ်နဲ့…"

" ညည အိပ်ပျော်နေရာကတောင်… လန့်လန့် နိုးတယ်"

ဘောလုံးကွင်းကြီးမှာ ဟိုးအရင် မင်းမင်း ပျော်ရွှင်စွာ ကစားနေခဲ့ဖူးတယ် ဆိုတာလည်း သတိမရချင်…။ ခင်ဖုန်း အခု သတိရနေတာဟာ… ရင်ခွင်ထဲ လာဖက်ထားတဲ့ ကလေးရဲ့ လက်ဖောင်းဖောင်း အိအိကလေးတွေ။

" ကလေးဆိုတာ… လူကြီးတွေ ထားပေးနေရာပဲ

www.burmeseclassic.com

www.burmeseclassic.com



နေရတာ... သူလာချင်လို့မှ လာလို့မရတာ... ခင်ဖုန်းကရော လူကြီးဆိုပေမယ့်... သွားချင်လို့လည်း သွားလို့မရ... မမစိုးတို့ကရော... နေနိုင်လားဟင်... ဒီလောက် ချစ်စရာကောင်းတဲ့ ကလေးလေးကို မချစ်ဘူးလား..."

" ချစ်တော့ ချစ်မှာပေါ့... သူတို့ခင်များလည်း ချစ်ပေမယ့် မပိုင်ဆိုင်နိုင်တော့ ဘာတတ်နိုင်မလဲ... ခင်ဖုန်း အခုနေရသလို နေနေရတာပဲ ဖြစ်မှာပေါ့..."

ဟုတ်မှာပါ... ဒီလောက် ချစ်စရာကောင်းတဲ့ လင်းမင်းလေးကို မချစ်ပဲတော့ နေမည်မထင်...။ သူတို့ ခင်များလည်း ဘဝချင်း ခြားပြီဆို နေနေကြရတာ ဖြစ်မယ်...။ ညနေ ကျောင်းပြန်လာတော့ သစ်တောရုံး အဝင်ဝမှာ တကယ့်ကို ခဏရပ်နေမိသေးတာ...။

မဖြစ်သေးပါဘူး...။

နင်တို့က ဘဝချင်း ခြားပြီလို့ ခင်ဖုန်းကိုယ် ခင်ဖုန်း ပြောပြရင်း ခြေလှမ်းတွေကို ဖွတ်ရှေ့ဆက်ရတယ်...။ ဒီလမ်း ကလေးကနေ ဝင်လိုက်... ရှေ့ဆက်လျှောက် တောင်တန်းကြီးကို လှမ်းမြင်ရတဲ့ အိမ်ကလေး...။

ပြီးတော့ ချစ်သော မင်းမင်း...။

" နင် ငိုလာတာလား "

" ဟယ်... မမဝင်းကလည်း ဘာငိုစရာ ရှိလို့လဲ မငိုပါဘူး... နှာစေးချင်နေတာ..."

" ငါ မနက် ရွာကြီးအိမ် ခဏပြန်မယ်... ဟိုမှာ



တစ်ပတ် ဆယ်ရက် ကြာမယ် ဖြစ်ပါ့မလား..."

" ဖြစ်ပါတယ် မမဝင်းရဲ့ အရင်လည်း နေနေတာကို..."

ရေချိုး ထမင်းစားပြီးတော့ အိပ်ရာထဲ ဝင်ခွေနေမိပြန်တာ...။ ခုတင်ဘေး ချိတ်ထားတဲ့ ပန်းချီကားကြီးဟာ ခင်ဖုန်းအတွက် အလွမ်းတွေကိုပဲ ပေးနေတာပါလား...။ ပန်းချီကားကို ငေးကြည့်နေမိရင်းမှ မင်းမင်းလည်း ခုလိုမျိုး ဘယ်နှစ်ခါ ငေးကြည့်ခဲ့မလဲလို့ တွေးမိတယ်...။

သေချာကြည့်ရင်းမှ ပန်းချီကားရဲ့ ညာဖက်အောက်ခြေက ဆိုင်းထိုးထားတဲ့ လက်မှတ်ကို ခုမှ တွေ့တာပါလား...။ ဒါကြောင့် အနားကပ်ပြီး သေချာကြည့်မိတာ...။

ဝင်းမွန်...

ဝင်းမွန်...။

နာမည်လေး နှစ်လုံးက ပီပီပြင်ပြင်...။

ခုမှ မြင်တာ... ဒါဟာ ပန်းချီကားကို ဆွဲတဲ့လူရဲ့ လက်မှတ်ပဲ...။ ခင်ဖုန်းရဲ့ ပုံကို ဆွဲခဲ့တဲ့သူက မင်းမင်း မဟုတ်ပါပဲ ဘာလို့ ဝင်းမွန် ဖြစ်နေရတာလဲ...။ မမစိုးတို့က မင်းမင်း ဆွဲခဲ့တာလို့ ထင်နေတယ်...။

" ခင်ဖုန်းရေ ဒေါ်ကြီးဖြိုးနဲ့ မမဝင်း အပြင်ခဏ သွားမလို့... အိပ်တော့မှာလား အစောကြီး ရှိသေးတာ..."

မမဝင်းကတော့ တီဗွီ မကြည့်ရ မနေနိုင်ဘူးလေ...။ ခင်ဖုန်းတို့ အိမ်မှာက မီးမမှန်တော့ တီဗွီကို မထားတော့ပါဘူး...။

www.burmeseclassic.com

www.burmeseclassic.com



တီဗွီ ကြည့်ချင်ရင် ဟိုဘက်ခြံထိ သွားကြည့်တော့တာ...။

ခုနှစ်နာရီ ဖာတ်လမ်းတွေကို မမဝင်း လက်လွှတ် မခံနိုင်တာ ခင်ဖုန်း သိနေတာပဲ...။

မမဝင်းတို့ မရှိမှ ဝရန်တာ တစ်ယောက်တည်း ထွက်ထိုင်နေမိတယ်...။ ခင်ဖုန်းရယ်နေတဲ့ ပန်းချီကားကို ကိုဝင်းမွန်ကသာ ဆွဲခဲ့တာဆို ကိုဝင်းမွန်က ခင်ဖုန်းကို သိသလား...။ မသိသလို နေနေတာလား...။

ထိုင်နေရင်း အေးလာတာမို့ အိမ်ထဲဝင်မယ်ဆိုမှ... ကားတစ်စီး ဝင်လာတဲ့မီးရောင်ကို မြင်ရတယ်...။ ကားက ခင်ဖုန်းတို့ အိမ်လေးရှေ့ ရပ်လိုက်ပါပြီ...။ အမှောင်မို့ အနားရောက်မှ သူ့ကို တွေ့ရပါတယ်...။

" ကိုဝင်းမွန်... ဟို ဦးဝင်းမွန်..."

" ဆရာမ ခင်ဖုန်းဆင့် မနက်ဖြန်ပိတ်ရက် ဘယ်သွားစရာ ရှိလဲ..."

" မနက်ဖြန်... မရှိပါဘူး..."

" ကျွန်တော့်ညီ ဝမ်းကွဲ လင်မယားက ဟန်းနီးမွန်း ထွက်လာရင်း အိမ်ရောက်နေတယ်... သူတို့ကို တောင်ညီမြို့ ရေတံခွန်ဘက် ပို့ပေးမလားလို့... ရေတံခွန် အစပ်မှာ ကျွန်တော်တို့ ဌာနပိုင် သစ်ခွခြံလည်း ရှိတော့ ပျော်ပွဲစားသဆော သွားမှာပါ... ကြီးကြီးရော သားပါ ပါမှာလေ... ဆရာမ မာလာချိုပါ ခေါ်ခဲ့မယ် လိုက်ခဲ့ပါလို့ ကျွန်တော် ဖိတ်ခေါ်ပါရစေ..."



ဘယ်သူတွေ ပါမယ်ကို မမှတ်မိပေမယ့်... ...သားပါပါမယ် ဆိုတာနဲ့ ခင်ဖုန်း လိုက်သွားချင်ပါပြီ...။ ...ဖာလာလည်း လိုက်မယ်ဆို လိုက်ပါမယ်... ခင်ဖုန်းလည်း ...ဘက်တွေ မရောက်ဖူးသေးဘူးလို့ ပြောလိုက်ပါတယ်...။

" ခင်ဖုန်း စားစရာ ဘာယူခဲ့ရမလဲ..."

" ဘာမှ မယူခဲ့ပါနဲ့... အားလုံး စီစဉ်ပြီးပါပြီ... ...င်ဖုန်းဆင့် လိုက်ခဲ့မယ် ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီဗျာ... ...ကျွန်တော် စကားတွေလည်း ပြောချင်လို့ပါ... သွားဦးမယ်..."

ကိုဝင်းမွန်တင် စကားတွေ ပြောစရာ ရှိတာ ...ဟုတ်ပါဘူး...။ ခင်ဖုန်းဆင့်လည်း မေးစရာတွေ ရှိတယ်...။ ...န်းချီကားကို ဆွဲတာ ဘယ်သူလဲလို့လေ...။ သူပြန်သွားပြီ... ...င်ဖုန်းစိတ်ထဲ မနက်ဖြန် မင်းမင်းနဲ့ တွေ့ရမှာ သိပ်ပျော်နေမိ ...လိုပါလား...။ မနက်ဖြန် မမဝင်းလည်း ရွာကြီးပြန်မှာ...။ ...င်ဖုန်းလည်း အပြင်ထွက်မယ်... အိမ်ပိတ်ထားခဲ့ရမှာပေါ့...။

မမေ့နိုင်တဲ့ အိပ်မက်က စိတ်ထဲ ရှိနေဆဲ...။

ဝင်းမွန်နဲ့ နေမှာပါ... စိတ်မပူနဲ့တဲ့...။

မရဘူး... စိတ်ပူတယ်...

ဒါဆို ခင်ဖုန်းပါ လာနေတဲ့...။

မြို့သာကို ခင်ဖုန်းပြောင်းလာတာ မှန်သွားပြီ... ...င်းမင်းနဲ့ အနီးဆုံး အနေအထားကို ခင်ဖုန်းရောက် ...ခဲ့ပြီလေ...။

◆

www.burmeseclassic.com

www.burmeseclassic.com

ခင်ဖုန်းတို့ကို လာခေါ်တဲ့ ကားပေါ်မှာ... ကိုဝင်းမွန်က ကားမောင်းပြီး မာလာနဲ့ ခင်ဖုန်းပဲပါလာတာပါလား..။ ကျန်တဲ့ လူတွေကိုဆိုတော့ အိမ်မှာ ဝင်ခေါ်ရမှာ... ကျွန်တော်က ဆီထည့်ရင်း အရင်ဝင်လာတဲ့ ဂျစ်ကားနဲ့ လာမယ် မှတ်တာ...။ ဒုတ်ဆန်း ဝင်လာတော့ ဒီကားလို့တောင် မထင်ခဲ့ပါဘူး...။

" အိမ်ရောက်မှ နေရာပြောင်းကြတာပေါ့... ကားမောင်းတဲ့ မောင်ဆွေလည်း ရှိတယ်... ကြီးကြီးနဲ့ သားကို ရှေ့ခန်းမှာ ထိုင်ခိုင်းလိုက်မယ်... ကျွန်တော်တို့ နောက်ခန်းမှာ ထိုင်ကြတာပေါ့..."

ကိုဝင်းမွန်တို့ အိမ်လေးကို တစ်ခေါက်ရောက်ပြန်ပြီ...။ ဟိုးတောင်ပေါ်က ထုံးဖြူဖြူဘုရားလေးကို ခင်ဖုန်း လက်အုပ်ချီမိတော့ ကြည့်နေတဲ့ ကိုဝင်းမွန်ကြောင့် မျက်လုံးတွေ အမြန် လွှဲရတယ်...။

" ကြီးကြီးနဲ့သား ရှေ့မှာ ထိုင်လိုက်ပါ..."

ကိုဝင်းမွန်က ဒီလိုပြောပြီး ကြီးကြီးလက်ထဲက ကလေးကို ယူချီလိုက်တဲ့အခါမှာ...။

မင်းမင်းလို့ လွမ်းဆွတ်စွာ ကြည့်မိတယ်...။



" ဘာလဲ... ဖေဖေ့ဆီ လိုက်မှာလား... ဖွားဖွားနဲ့ ရှေ့မှာ ထိုင်ပါ သားရဲ့... လမ်းက ကြမ်းတယ်... မင်းကိုယ် လက်နာ နေမယ် "

ကိုဝင်းမွန် ပြောမရတော့...။ မင်းမင်း ငိုသံဟာ ခင်ဖုန်းကို နာကျင်စေသလိုပါလား။ ကိုဝင်းမွန် ချီထားရာကနေ ခင်ဖုန်းဆီ ရောက်လာတဲ့ အကြည့်တွေ...။

" ကြီးကြီးရှေ့မှာ ထိုင်လိုက်ပါတော့... သားကို နောက်ခန်းမှာပဲ ကျွန်တော် ခေါ်ထားလိုက်မယ်..."

ကားပေါ်ရောက်တော့ ခင်ဖုန်း အသံမပြုရဲစွာ မင်းမင်းကို ကြည့်နေမိတယ်...။ မျက်နှာချင်းဆိုင် နေရာမှ ရှိနေတာပါ...။ ကိုဝင်းမွန် ချီထားရာက ခင်ဖုန်းကို ကြည့်နေ သလိုပါပဲ...။ မာလာကတော့ ကိုဝင်းမွန်ညီရဲ့ မိန်းမဆိုတဲ့ ကောင်မလေးနဲ့ အဖွဲ့ကျနေပါတယ်။

" ခင်ဖုန်း.. မြို့သာကို လာတာ နောက်ကျသွားတယ်... အစော ပြောခဲ့ရကောင်းမှာ..."

ရင်ထဲ ရှိတဲ့အတိုင်း ရေရွတ်မိပါပြီ...။

ခင်ဖုန်းအသံကို ကြားတယ်ဆိုရင်ပဲ ကိုဝင်းမွန် ရင်ခွင်ထဲကနေ အတင်းရုန်းထွက် လာတယ်...။ ခင်ဖုန်း လက်ကမ်းမိပါပေါ့...။ လွမ်းလိုက်ရတာ...။ အဲလိုမျိုး ပခုံးပေါ်မှာ ...းအပ်ပြီး ဖက်ထားလာတဲ့ လက်ကလေးတွေ...။ အရမ်းလွမ်း ...ယ်..။ ဘာလို့များ ဝေးနေရဆဲ ဖြစ်ရလေသလည်း..။

" တောင်ညိုမှိုင်း ရေတံခွန်ကို မာလာတောင်

www.burmeseclassic.com



တစ်ခါလားရောက်တာ... အခုမှ ပိုစည်လာတာ... ကိုဝင်းမွန်တို့ သစ်ခွခြံကြောင့်လည်း ပိုစည်လာတယ် ထင်ပါရဲ့... သစ်ခွပင်တွေ မာလာလိုချင်တယ်... ဝယ်ရင် ရမလား "

" ဝယ်လို့ရပါတယ်... ပျိုးပင်တွေ ပျိုးထားတာ ရှိပါတယ်..."

မာလာကတော့ မင်းမင်းကို ခင်ဖုန်း ချိုထားတာ သိပေမယ့် မသိသလို နေပေးရှာပေမယ့်... ဝပဆိုတဲ့ ကောင်မလေးကတော့ မနေနိုင်ဘူး ထင်ပါရဲ့လေ...။

" အစ်ကို သားလေးက ပပတို့ခေါ်တာတောင် မလိုက်တာ... ဒီအစ်မဆီတော့ လိုက်သွားပဲ... ကြည့်ပါဦး ချစ်နေလိုက်တာများ... ကိုရဲ... ကိုရဲချိုလည်း မလိုက်ဘူးနော်"

" ဟုတ်တယ်... ကျွန်တော်တို့ လင်မယားချိုတာတောင် မလိုက်ဘူး..."

" ငါ့သားက လက်ရွေးတယ် ကိုရဲရဲ့... အပျိုကြီး အပျိုလေးတွေချိုမှ... ဒါတောင် လှမှလိုက်ချင်တယ် ထင်ပါရဲ့... မမစိုးတို့များ ချိုရင်လည်း ပါသွားရော..."

ကိုဝင်းမွန်က ဒီလိုပြောပြီး ရယ်နေပါတယ်...။

" ဒါဆို ဒီကလေးကို မာလာချိုတောင် မချိုရဲတော့ ပါဘူး... အပျိုကြီးတော့ ဟုတ်ပါရဲ့ ချိုလို မလိုက်ဘူးဆို မာလာ ရုပ်ဆိုးတာ လူသိနေမယ် "

မာလာက ရယ်စရာ ပြောနေပါတယ်...။ အမှန်ဆို ခင်ဖုန်း အပျိုကြီးမို့လည်း မဟုတ်သလို... ချောလို့ လှလို့လည်း



မဟုတ်ပါဘူး...။ ခင်ဖုန်းဆင့်ဆိုတာ မင်းမင်း သိပ်ချစ်တဲ့ လူမို့ဆိုတာ ခင်ဖုန်း အသိဆုံးပါလေ...။

" ဆရာမ ခင်ဖုန်းဆင့်ကို အားနာစရာ ဖြစ်နေပြီ..."

" ခင်ဖုန်းကို ခင်ဖုန်းလို့ပဲ ခေါ်ပါ... အားလည်း မနာပါနဲ့... သူ့ ခုလို ခေါ်လို့ လိုက်နေတာတောင် ခင်ဖုန်း ဝမ်းသာလှပါပြီ... တွေ့ရတုန်းလေး ချိုထားပါရစေ..."

တကယ်ပါ...

တွေ့ရခိုက် အချိန်လေး ရင်ခွင်ထဲမှာပဲ ချိုထား ပါရစေလား။ တောင်ခြေကနေ အတော်လေးကွေ့ ပတ်တက်ရပြီး လမ်းက ကြမ်းတော့ ကြမ်းပါတယ်...။

" ခင်ဖုန်း... သားအိပ်နေပြီ... ပြောင်းရွှေ့နေရင် နိုးသွားမှာပေါ့... ရပါတယ် မညောင်းပါဘူး... ခင်ဖုန်း ချိုထားပါရစေ..."

အိပ်နေပြီဆိုလို့ ရင်ခွင်ထဲမှာ ပွေ့ယူလိုက်တယ်...။ တကယ်ပါလား...။ မျက်လုံးတွေ မှေးစင်းလို့ အိပ်ပျော် နေပါပေါ့...။ မင်းမင်းနဲ့ တူတယ်...။ ဖြူဖွေးနေတဲ့ အသားအရေ ထူထဲသော မျက်ခုံးတွေ... ဟိုအရင်က မင်းမင်းနဲ့ အတော်ကြီး တူတာပါလား။

" သူ့အမေက အသားဖြူလားဟင် "

" မဖြူပါဘူး... သူ့အမေလည်း အသားညိုတယ် ကျွန်တော်လည်း အသားညိုတာပဲ... သားကတော့ မွေးတည်းက ခုလိုပဲ ဖြူဖွေးနေလိုက်တာ... ခင်ဖုန်းကို အားနာတယ် "

www.burmeseclassic.com

www.burmeseclassic.com



" အားမနာရပါဘူး… ခင်ဖုန်းကိုယ်တိုင်က ချီထားချင်လို့ပါ…"

သစ်ခွခြံက တည်းခိုအိမ်ဆောင်မှာ စခန်းချကြတယ်…။ သစ်လုံးအိမ်လေး ဖြစ်ပြီး တစ်ခါတစ်ရံ ဧည့်သည်တွေ တည်းခိုရုံ ဆောက်ထားတာပါ…။ ဝရန်တာတစ်လျှောက် သစ်ခွပင်တွေ စီစီရီရီနဲ့ လှလိုက်တာ…။

" ခုချိန် အပွင့်နည်းကြလို့ ပန်းပွင့်များတဲ့ အချိန်ဆို ခုထက်တောင် ပိုလှသေးတယ်…"

ကြီးကြီးက ကလေးကို ချီခေါ်သွားပါပြီ…။ ကြီးကြီးနှင့် နားနေကြတော့မယ်… မင်းတို့ သွားမှာဆို သွားကြတော့… ထမင်းစားချိန် အမီပြန်ခဲ့တဲ့လေ…။ ရေတံခွန်ထိ ဆယ်မိနစ်လောက် တောလမ်းလေးအတိုင်း လျှောက်ကြ ရမှာတဲ့…။

" ခင်ဖုန်းရေ… ဦးဝင်းမွန်နဲ့ စကားပြောလျှောက်ခဲ့တော့… မာလာ ပပတို့နဲ့ လိုက်သွားပြီ…"

မာလာကတော့ ပြောလည်း ပြောသွားလည်း သွားပါပေါ့လား…။

◆

**တော**လမ်းကလေးဘေး သစ်ပင်ကြီးတွေပေါ်မှာကို သစ်ခွပင်တွေ ရှိပြီး ပွင့်နေတာလည်း တွေ့ရပါတယ်…။ မာလာတို့ သုံးယောက်ကို ရှေ့ခပ်လှမ်းလှမ်းမှာ မြင်နေရပါသေးတယ်…။

" ဦးဝင်းမွန်ကို မေးစရာ ရှိတယ်…"

" ခင်ဖုန်းကို ခင်ဖုန်းလို့ ခေါ်သလို ကျွန်တော့်လည်း ကိုဝင်းမွန်ပဲ ခေါ်ပါလား… မေးလေ… မေးချင်တာ မေးပါ…"

" ခင်ဖုန်းကို ဘယ်အချိန်ထဲက သိတာလဲ… ခင်ဖုန်းပုံ ပန်းချီကားဟာ ကိုဝင်းမွန် ဆွဲထားတာဆိုတာ ခင်ဖုန်း တွေ့ပြီးပါပြီ…"

သစ်ပင်ကြီးတွေ ထူထဲ နေရာကြတော့ နေရောင်ပျောက်ပြီး အလင်းရောင် နည်းသလိုပါပဲလား။ မိုးရွာဦးမည်လား မသိ…။ မိုးကို မေ့နေပြီး ထီးယူမလာခဲ့မိ…။

" အမှန်ဝန်ခံရရင် ဒီပန်းချီကားကို ဆွဲဖို့ ရိုက်ထားတဲ့ ဓာတ်ပုံက ကျွန်တော့်ဆီမှာ ခုထိ ရှိပါတယ် "

" ဓာတ်ပုံ "

" ဟုတ်ပါတယ်… ဓာတ်ပုံထဲမှာတော့ ခင်ဖုန်း တစ်ယောက်တည်း မဟုတ်ပါဘူး… တခြားဆရာမ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားပြောရင်း ရယ်နေတာပါ… မင်းထွန်းနဲ့ ကျွန်တော်က အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်သလို ပန်းချီအတူဆွဲ ဘောလုံးအတူကန်နဲ့ တစ်ယောက်ရင်ထဲက အကြောင်း တစ်ယောက် သိပေါ့လေ… မင်းထွန်းက များသောအားဖြင့် ရှုခင်းပုံတွေပဲ အတွဲများပြီး ပုံတူဆွဲလေ့ မရှိဘူး… ဒါကြောင့် ခင်ဖုန်းပုံတူကို ဆွဲဖို့ ကျွန်တော်က အပ်ခဲ့တာပါ… သူ့နှလုံးသား ကို ပိုင်စိုးတဲ့ လူဆိုတာလည်း ဖွင့်ပြောခဲ့တယ်လေ… ဒါကြောင့် ခင်ဖုန်းဆင့်ဆိုတာကို ကျွန်တော် သိခဲ့ချိန် နှစ်ချီခဲ့ပါပြီ…"

မင်းမင်းက ခင်ဖုန်းကို သိပ်ချစ်ခဲ့တယ် ဆိုတာ ပိုလို့ ယုံကြည်ခဲ့ပါပြီ…။ ရေတံခွန်ကို မမြင်ခင်ထဲက ရေသံတွေကို ပီပီပြင်ပြင် ကြားနေရပါပေါ့…။ ခဏနေ အကွေ့အကွေ့ ဖြတ်ပြီးတာနှင့်…။

" ရေတံခွန်က အဆင့်ဆင့်ပါလား လုလိုက်တာ… မင်းမင်းက တစ်ခါမှ ရေတံခွန်အကြောင်း မပြောဖူးဘူး…"

" အရင်က ရေတံခွန်ဘက်ကို ခုလို လမ်းသိပ် မပေါက်ဘူး… အခု ကျွန်တော်တို့ ဌာနပိုင် သစ်ခွခြံ ရှိတော့မှ လမ်းကွေ့ ဖောက်ထားတာ… ဧည့်သည်တွေလည်း လည်လို့ ရလာတာ…"

ရေတံခွန်ရှေ့မှာတော့ မာလာက ပပတို့ မောင်ရဲတို့ လင်မယားနဲ့ အဖွဲ့ကျစွာ ဓာတ်ပုံရိုက်နေကြပါတယ်…။ သူတို့ စကားတွေပြောပြီး ရယ်နေလိုက်ကြတာ…။

" သူတို့ပျော်နေလိုက်တာ "



" ခင်ဖုန်းရော မပျော်ဘူးလား "

" အမှန်ဝန်ခံရရင် မင်းမင်း မရှိတဲ့အချိန်ကစ ခင်ဖုန်းမှာ ပျော်တယ်ဆိုတာ မရှိပါဘူး… ဘဝဆိုတာ ရှင်သန်ရဦးမှာမို့ လုပ်သင့်တာတွေထဲ နေနေရတာပါ…"

" သားကိုရော မင်းထွန်းလို့ ခင်ဖုန်း ယုံကြည်သလား"

" ယုံကြည်ပါတယ်…"

" ယုံကြည်တယ်… ဘာလို့လဲဟင်…"

" ခင်ဖုန်းကို အိပ်မက်ပေးခဲ့တယ်… မငိုပါနဲ့ စိတ်မပူပါနဲ့… ဝင်းမွန်နဲ့ သွားနေတော့မှာတဲ့… ခင်ဖုန်းရဲ့ ဝန်းကျင်မှာ ကိုဝင်းမွန်ဆိုတဲ့ လူတစ်ယောက်ကို လိုက်ရှာခဲ့ တာလည်း အချိန်နဲ့ အမျှပါပဲ…"

ကျောက်တုံးလေးပေါ်က ကြည့်ရင်း ရေတံခွန်က ရေပန်းရေမွှားတွေကို သဘောကျမိပါတယ်…။ ဖိနပ်ကို အသားလေချွတ်ပြီး ရေထဲခြေချကြည့်မိတော့ ရေက အေးစိမ့်နေတာပါလား။

" ရေလေးတွေက အေးနေတာပဲ "

" နေမကောင်းဖြစ်နေဦးမယ်…"

" လင်းမင်းလေးကို တွေ့ပြီးတော့ နေ့တိုင်း ခင်ဖုန်း သတိရနေမိတယ်… လာလည်ရမှာလည်း အားနာတယ်… အမှန်ဝန်ခံရရင်… ဒီနေ့လည်း ကလေးကို တွေ့ချင်လို့ ခင်ဖုန်း လိုက်လာတာပါ… မင်းမင်းကို ပြန်တွေ့ရပြီလို့လည်း ခံစားရပြီး…"

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော် စာနာပါတယ်... သားလေးမို့ ချစ်ရသလို မင်းထွန်းဆိုတဲ့ အသိကြောင့်လည်း ပိုချစ်နေသလို ဖြစ်ခဲ့ရတာကို..."

" ခင်ဖုန်းနဲ့ လင်းမင်းလေးကို တစ်ပတ်တစ်ခါ လောက်တော့ ပေးတွေ့ပါလားဟင်... ဒါတောင်မှ"

တစ်ပတ်တစ်ခါဆိုတာတောင်... မတွေ့ရရက်တွေ ခင်ဖုန်း အရမ်းလွမ်းဆွတ်ရလိမ့်မယ်...။ မတတ်သာတဲ့ အခြေအနေမို့ ဝေးနေရတာတော့ မတတ်နိုင်ဘူးပေါ့... စိတ်ဖြေရမှာပေါ့... နှစ်နှစ်လုံး အလွမ်းကြီး လွမ်းသမျှ အခု စိတ်ဖြေရာလေးတော့ ရခဲ့ပြီပဲ...။

" အစ်ကို... ထမင်းက ဘယ်မှာစားရမှာလဲ "

" မောင်ရဲကတော့လေ... တည်းတဲ့နေရာ ပြန်စားမှာပေါ့... ဆာရင် ပြန်ကြစို့..."

" ဒါဆို ပြန်နှင့်ပြီ "

မာလာတို့မျှား ဟိုနှစ်ယောက်က ဟန်းနီးမွန်း ထွက်လာပါလားလို့ မစာနာ...။ သူတို့နဲ့ပဲ တစ်တွဲတွဲ လိုက်သွားပါရော...။

" ခင်ဖုန်းတို့လည်း ပြန်ရအောင်..."

" ပြန်ကြတာပေါ့... သားလည်း နိုးနေပြီ ထင်တယ်..."

သူတို့သုံးယောက် ပြေးလွှားသွားတာ ကြည့်ရတာ ပျော်စရာပါလား...။

" ဟင်... မြန်မြန်လာ... မိုးတွေ တက်နေပြီ "

ခင်ဖုန်းကသာ မြန်မြန်လာပြောတာ... တကယ်တမ်း



မလျှောက်နိုင်တာက ခင်ဖုန်း ကိုယ်တိုင်ပါပဲ... သိပ်မလျှောက်ရသေး မိုးဖွဲတွေက ကျလာပြီ... မိုးများလာတဲ့အခါ...။

" ကောင်းလိုက်တာ... မိုးပေါက်လေးတွေက စိမ့်နေတာ"

" မကောင်းပါနဲ့ ခင်ဖုန်းရယ်... မိုးက စိမ့်ရှိတော့ အအေးမိတတ်တယ်... ရော့... ကျွန်တော့် ဂျာကင်ကို ဆောင်းလိုက်..."

" ကိုဝင်းမွန်ကရော "

" ကျွန်တော်က သစ်တောထဲ ပေပေတေတေ နေလာတာ ကြာပြီ... ဘာမှမဖြစ်ပါဘူး "

" ကိုဝင်းမွန် နေကောင်းအောင်နေပါ... လင်းမင်း အတွက် ကိုဝင်းမွန်က အရေးကြီးပါတယ် "

" ကျွန်တော်သေရင် သားကို ခင်ဖုန်း ပေးခဲ့ပါမယ်... စိတ်ပူလို့လား..."

" လျှောက်မပြောပါနဲ့... သေတယ်လို့ မပြောပါနဲ့...."

အဲဒီစကားတွေဟာ ခင်ဖုန်းစိတ်ကို ဖိစီးလွန်းတာ မသိလို့လား...။ ငိုချင်စိတ်ကြောင့် ခေါင်းငုံ့လျှောက်ခဲ့တယ်...။ မင်းမင်းအတွက် ကိုဝင်းမွန်ရှိမှ ဖြစ်မှာလေ...။ ခင်ဖုန်းကို လိုက်မကြည့်ပါနဲ့...။ ခင်ဖုန်းအတွက် မျက်ရည်က အဖော် ဖြစ်ခဲ့တာ ကြာပါပြီ...။

◆

www.burmeseclassic.com

www.burmeseclassic.com

" ကြာရင် ခင်ဖုန်း ရူးမလားပဲ... လင်းမင်းလေးက ခင်ဖုန်းလည်ပင်းကို သေချာဖက်ထားပြီး ခွာလို့မရအောင် ဖြစ်နေတာ အတင်းဆွဲခေါ်တိုင်း တအားငိုတယ်..., အဲဒီ ငိုသံက အသည်းကို ဆူးချွန်နဲ့ ဆွဲနေသလိုပဲ..."

ရေတံခွန်က အပြန်တစ်လျှောက်လုံး ခင်ဖုန်း ငိုခဲ့တာ...။ အိမ်ပြန်ပို့ကြတော့ ခင်ဖုန်း အိမ်လည်း ရောက်ရော ဘယ်လိုမှ ခေါ်မရ...။ ကြီးကြီးက အတင်းဆွဲခွာ... သူက အတင်းဖက်နဲ့ ပပပါ ဝိုင်းခေါ်တော့ ငိုရင်း ပါသွားရော...။ အဝတ်အစားတောင် မလဲနိုင်အောင် ငိုခဲ့ရတာ...။ မာလာက မတွေ့လိုက်ရတော့... ကျောင်းတက်တဲ့နေ့မှာ မာလာ့ကို ပြောပြမိပါတယ်...။

" ခင်ဖုန်းတို့ ရေစက်ကလည်း တစ်မျိုးပါပဲ.... မာလာ စာနာပါတယ်... ကလေးကလည်း တကယ်မှတ်မိသလို ချစ်နေတာလည်း မာလာမြင်နေရတာပဲလေ..."

" ဘာလုပ်ရမလဲ... တစ်ပတ်တစ်ရက်လောက် ပေးတွေ့ပါလို့ ကိုဝင်းမွန်ကို တောင်းပန်ထားပါတယ်... တနင်္ဂနွေပိတ်ရက်လေး တစ်ရက်လောက် ခင်ဖုန်းနဲ့ လာထားပါလားလို့ ပြောရမယ်..."



" တစ်ခုတော့ စဉ်းစားပါ ခင်ဖုန်း... ကိုဝင်းမွန်က လူလွတ်နော်... ပတ်ဝန်းကျင် ရှိတယ်... ကိုမင်းဝင်စားတဲ့ ကလေးမို့ မင်းကတော့ တအားချစ်နေတာ... တခြားလူအမြင် တွေက တစ်မျိုး... မမစိုးတို့လည်း ဒီကလေးကို ချစ်ကြမှာပါပဲ.. သူတို့ခမျာလည်း ကိုဝင်းမွန်နဲ့ သူတို့ကြား ပြောစရာလို ဖြစ်ကုန်မှာ ကြောက်ကြတယ် ထင်ပါရဲ့..."

" ပြောချင်ရာပြော... ခင်ဖုန်း သည်းခံပြီး မင်းမင်းနဲ့ တစ်ပတ်တစ်ရက် အတူ နေရရင် တော်ပါပြီ "

" မင်းက အပျိုလေးနော်... ဘဝရှေ့ရေး ရှိတယ် ခင်ဖုန်း... မင်း အိမ်ထောင်ပြုတဲ့အခါ နလို ပြောချင်ရာ ပြောဆိုတဲ့ စကားတွေက အနှောင့်အယှက် ဖြစ်လိမ့်မယ်..."

" ခင်ဖုန်းမှ အိမ်ထောင်မပြုတော့တာ... မင်းမင်းက လွဲပြီး ဘယ်သူ့မှ မချစ်ဘူး... ခင်ဖုန်း ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး..."

" အနာဂတ် ဘယ်သူသိနိုင်တာလိုက်လို့ ခင်ဖုန်းရယ်... မာလာစေတနာနဲ့ သတိပေးတာ..."

မာလာ့စေတနာ နားလည်ပါတယ်... ခင်ဖုန်းကတော့ မှားတယ် ပြောပြော... ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်သမျှ လင်းမင်းလေးကို တွေ့ချင်တာ တစ်ခုပဲ စိတ်မှာ ရှိပါတယ်...။

" စိတ်မဆိုးနဲ့... မာလာတွေးလို့ရတာ တစ်ခု ပြောရမလား... ပြောတော့ပါဘူး.. ခင်ဖုန်း စိတ်ဆိုးသွားပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



" စိတ်မဆိုးပါဘူး... ပြော "

" ကိုဝင်းမွန်နဲ့ ခင်ဖုန်း.. လက်ထပ်လိုက်ရင်ကော..."

" ဟင် "

ဘယ်လိုမှ မစဉ်းစားခဲ့ဘူးသလို... ဒီလိုလို့လည်း မစဉ်းစားခဲ့ဘူးတာပါ... အထူးအဆန်း စကားတစ်ခုကို ကြားရသလိုမို့ မာလာ့ကို ငေးကြည့်နေမိဆဲ...။

" တွေ့လား... မပြောတာ ကောင်းမှာ ခင်ဖုန်း စိတ်ဆိုးပြီ"

" စိတ်ဆိုးတာ မဟုတ်ပါဘူး.. အဲလိုမျိုး တွေးမှ မတွေ့ဘူးတာ..."

" အကောင်းဆုံးများ ဖြစ်မလား ပြောပြတာပါ... မကောင်းပါဘူးလေ... ခင်ဖုန်းက အပျိုလေ... ဟိုက ကလေး တစ်ယောက် အဖေ... မထိုက်တန်ပါဘူး..."

" လက်ထပ်တယ်ဆိုတာ အချစ်ရှိမှလို့ ခင်ဖုန်းက ခံစားဖူးလို့ပါ... လင်းမင်းလေးကြောင့် လက်ထပ်ဖို့ မဖြစ်နိုင်ဘူး... ကိုဝင်းမွန်ကလည်း ခင်ဖုန်းအပေါ်... အချစ်မရှိသလို ခင်ဖုန်းကလည်း အချစ်မရှိမှတော့... မဖြစ်နိုင်ဘူးလေ..."

" ကိုဝင်းမွန်က ချစ်တတ်လို့လား... လင်းမင်း အမေကိုတောင် မိဘချင်း သဘောတူကြတုန်းက ပထမ ငြင်းခဲ့တာ...နောက်မှ ကိုမင်းက လာချင်တယ်ဆိုလို့ ချက်ချင်း လက်ထပ်တာ... သူက ချစ်တတ်ပုံမရပါဘူး.. သူ့သားအတွက် ချစ်ပေးမယ့် ခင်ဖုန်းကို အချစ်မပါလည်း သူက လက်ထပ်ချင်



လက်ထပ်နိုင်ပါတယ်... ခင်ဖုန်းလို မိန်းမရရင် သူမှ မနစ်နာတာ

" ဟယ်... အဲလိုတော့လည်း မပြောပါနဲ့ မာလာရယ်... သူလည်း သူ့အကြောင်း သူ့ခံစားချက် ရှိမှာပေါ့... လင်းမင်းလေးကို ချစ်ရလို့ ပြောသမျှ သည်းခံရမှာပါ..."

" ကိုမင်းကို ခင်ဖုန်း တကယ်ပဲ သိပ်ချစ်ခဲ့တာပါလား..."

သိပ်ဟုတ်တာပေါ့...။ တကယ်ပဲ သိပ်ချစ်ခဲ့ပါတယ်...။ ခုချိန်ထိ အဲဒီ အချစ်တစ်ချစ်သာ ရင်ထဲရှိတာပါ...။ မာလာကတော့ သူလျှောက်ပြောမိတာ တောင်းပန်ပါတယ်တဲ့...။ စိတ်မဆိုးပါဘူး...။ ကိုဝင်းမွန်အပေါ်မှာလည်း မာလာတို့ တွေးသလို... ဘယ်လို ခံစားမှုမျိုးမှ မရှိပါဘူး...။

ခင်ဖုန်းက တစ်ယောက်တည်း နေမှာပါ...။

ဒီအတွက် လင်းမင်းလေးကို တစ်ခါတစ်ရံ ချစ်ခွင့်ရရင် တော်ပါပြီ...။ ပတ်ဝန်းကျင်တွေက ဘယ်လိုပြောပြော ခင်ဖုန်းက အိမ်ထောင်ပြုမယ့် လူမှ မဟုတ်ပဲလို့ တွေးထားပါတယ်...။

ခင်ဖုန်းတို့ နှစ်ယောက်က မခွဲမခွာ အတူနေကြရဖို့ ကံကိုပါမလာခဲ့ဘူး ထင်ပါရဲ့ မင်းမင်းရယ်...။

◆

www.burmeseclassic.com

www.burmeseclassic.com

" **ဟယ်...** အုန်းအုန်း "

ကျောင်းအပြန် အိမ်မှာရောက်နေတဲ့ အုန်းအုန်းကိုအမြင် အံ့သြရလွန်းသလို ဝမ်းသာလိုက်တာမှ...။ မတွေ့ရတာ ကြာနေပြီ...။ ဒါကြောင့် တစ်ယောက်တည်းလား...။ သားရောဆိုတော့ သူ့အဖေနဲ့ ရွာကြီးမှာ ကျန်နေခဲ့တယ်...။ သူတို့သားအဖက ရွာကြီးက ဆွေမျိုးတွေနဲ့ နှစ်ညအိပ် လောက်နေမယ်... ခင်ဖုန်းနဲ့ နှစ်ညလောက် အိပ်ပြီး ပြန်ခဲ့ပြောသတဲ့...။

" ဝမ်းသာလိုက်တာ အုန်းရယ်... "

" မမမြင့်နဲ့ မကျော့က ငါ့ကို မနာလိုကြဘူးလေ... ငါကပြောတာပေါ့ မနာလိုတဲ့ လူလိုက်ခဲ့... ငါကတော့ နင်စာရေးတဲ့ အထဲက လင်မင်းဝင်းလေးကို ရအောင် ကြည့်ပြီးမှ ပြန်မှာ... အဲလိုပြောလို့ သူတို့ ဆွေ့ဆွေ့ခုန်ကျန်ခဲ့ကြတာ... "

မင်းမင်း ဝင်စားတယ်ဆိုပြီး လင်းမင်းလေး အကြောင်း မမမြင့်တို့ဆီ စာရေးပြောခဲ့မိတာကိုး...။ သူတို့လည်း သိပ်တွေ့ချင်လို့ အဆင်ပြေရင် လာမယ် စာပြန်ခဲ့ကြတယ်လေ...။

" အခုသွားလည်ရင် ရမလား... "



ဟိုးအရင် ရက်တွေကလိုဆို အုန်းအုန်းကို ချက်ချင်း လိုက်ပို့မိမလားပဲ...။

အခုတော့ မာလာပြောခဲ့တဲ့ စကားတွေဟာ ခင်ဖုန်းရဲ့ ပြွတ်သားတဲ့ စိတ်တွေကိုတောင် အများကြီး လေးလံ နေစေတာပါလား။

" သူ့အိမ် ခဏခဏ သွားရတာ မကောင်းဘူး ထင်တယ်... ကိုဝင်းမွန်ဆီ ဖုန်းဆက်ပြီး ခေါ်လာပေးဖို့ လာကြည့်မယ် သူ့အိမ်မှာ ကြီးကြီးရှိတယ်... တစ်မျိုး မြင်မှာလား... "

" အင်း... ဒါလည်း ဟုတ်တာပဲ... ငါမပြန်ခင် တွေ့ရရင် တော်ပါပြီ... "

မမအုန်းနဲ့ အတူအိပ်မယ်ဆို အခန်းထဲလည်း ဝင်ရော င်ဖုန်း ခုတင်ဘေးက ပန်းချီကားကြီးကို မြင်ပါလေရော... င်ပြုံးနေတာ လှလိုက်တာတဲ့...။

" ကိုဝင်းမွန်ကို မင်းမင်းက ဆွဲခိုင်းတာတဲ့လေ... ကိုဝင်းမွန်က ခင်ဖုန်းတို့ရဲ့ အချစ်ကို သိခဲ့တာ ကြာပြီတဲ့.... "

" အဲဒီလူက အသက်ကြီးပြီလား "

" မင်းမင်း သူငယ်ချင်းပါဆို ခင်ဖုန်းတို့လောက်ပါပဲ... ကြီးလှ တစ်နှစ်ပေါ့... "

" သူငယ်ချင်းက လာနေချင်တယ်ဆိုတာနဲ့ မိန်းမ ကျက်ချင်း ယူသတဲ့... တော်လိုက်တာ... အမှန်က အဲဒီ ကိုဝင်းမွန်ကို နင်ကျေးဇူးအခါခါ တင်သင့်တယ်... သူ့ခများ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ပြန်လာဖို့ မုဆိုးဖိုကလေး တစ်ယောက် အဖေဘဝနေပေးရတာ..."

" ကျေးဇူးတင်ပါတယ်... သူက မင်းမင်းနဲ့ ခင်ဖုန်းအပေါ် နားလည်ပါတယ်... လင်းမင်းကို ခင်ဖုန်း တွေ့ပါရစေဆိုတာလည်း နားလည်ပေးပါတယ်..."

နှစ်ယောက်သား ပြောစရာ စကားတွေ အများကြီးနဲ့ မအိပ်နိုင်...။ မမြင့်တစ်ယောက် သူ့သားအငယ် ကောင်လေးကို ခုထိ စိတ်မချနိုင်တာတွေ....။ ဖိုးခွားလေးကလည်း မောင်သန်းအေး ဘဝကအကြောင်းတွေ တစ်ခါတလေ ပြောပြတတ် သေးတာတဲ့....။

" မစိုးနွယ်တို့ဆီရော နင်ရောက်သေးလား "

" မရောက်ပါဘူး... မမစိုးနဲ့က ကျောင်းမှာ တွေ့ပါတယ်... မမစိုးကလေ ခင်ဖုန်းအတွက်ဆို ဟင်းတွေ လာလာ ပေးတတ်တယ်... အုန်း ခင်ဖုန်း စိုက်တဲ့ စွယ်တော်ပင်လေးတွေရော... မမကျော့က ဂရုစိုက်ရဲ့လား "

" ရှိပါတယ်... ပိုတောင် ကြီးလာသလိုပဲ... နင်လည်းလေ... ခုထိ အဲ့ဒီ မင်းမင်း မမေ့နိုင်.. အချစ်က ပင်ပန်းစေပါတယ်ဟာ..."

" သိပေမယ့် ချစ်တယ်လေ..."

" လင်းမင်ကိုး ကျတော့ရော...."

" ကလေးလေးဆိုတော့ ချစ်ရက ဘစ်မျိုးပေါ့... ဒါပေမယ့် သူ့ကျတော့ ဖက်ထားပြီး ရင်ခွင်ထဲမှာ



အိပ်နေတာများ.. အချစ်က တစ်မျိုးပါပဲ..."

" ငါးရာနှစ်ဆယ့်ရှစ်နဲ့ ထောင့်ငါးရာက ကွာခြားမှု ရှိတာပဲဟာ... ငါတို့လည်းလေ မမြင့် မမကျော့နဲ့ သုံးယောက် ထိုင်စကားပြောမိရင်ကို နင်တို့အကြောင်းပဲ ရောက်ရောက် သွားတယ်ဟယ်..."

" ခင်ဖုန်းကတော့ လွမ်းပဲ လွမ်းနေရတာပါ... သိပ်သတိရပါတယ်..."

" ဟုတ်လို့လား... မင်းမင်းကို ရင်ခွင်ထဲ ထည့်ထား ရလေတော့ ငါတို့တောင် မေ့ရောပေါ့ "

မင်းမင်းကို ရင်ခွင်ထဲ ထည့်ထားရလေတော့တဲ့...။ ဟုတ်လိုက်တာ...။ တစ်နေ့ တစ်နေ့ လွမ်းနေရတာပါ...။ တစ်ပတ်တစ်ရက်ကလေးတောင် ကိုဝင်းမွန်ကို တောင်းပန် ထားရတာ...။

" တစ်ခါလောက် မြို့ကိုလာလည်ပါလား... ကလေးကိုပါ ခေါ်လာခဲ့ "

" အုန်းအုန်းရယ်... ခင်ဖုန်းက လာချင်ဦးတော့ လင်းမင်းလေးကို ခင်ဖုန်းပိုင်တာမှ မဟုတ်တာ..."

" အေးဟယ်... ဒီလိုသာ မင်းမင်းက လူပြန်ဝင်စား မယ်ဆို နင့်ကို အမြန်အိမ်ထောင်ချ ပေးလိုက်တယ်"

အုန်းအုန်း စကားကြောင့် ခင်ဖုန်း ရယ်မိပြီးတော့ အဲလို အခြေအနေဆိုရင်တောင် ခင်ဖုန်း ဘယ်သူ့ယူရမှာလဲလို့ ပြောမိပါပေါ့...။ တစ်ယောက်တည်း ချစ်ခဲ့တဲ့ လူက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုယူနိုင်ပါ့မလဲ...။

" တကယ်ပဲ မင်းမင်းက ခင်ဖုန်းဆီမှာ နေချင်တယ်လို့ ပြောရင်တောင် ယူရမယ့်လူမရှိဘူး... ကိုဝင်းမွန်ကို အံ့လည်း အံ့ဩပါတယ်... မင်းမင်းက မင်းနဲ့နေချင်တယ် ဝင်းမွန်လို့လည်း ပြောရော ခင်ခင်လင်းကို ချက်ချင်း လက်ထပ်လိုက်တာတဲ့..."

" သူက လက်ထပ်ရမယ့်လူ ရှိတာကိုး..."

အုန်းအုန်းနဲ့ မတွေ့ရ ကြာသမျှ စကားတွေ ပြောမနေနိုင်...။ အိပ်ပါတော့လား အုန်းအုန်းရယ်... အိပ်ရေး ပျက်နေမယ်လို့ ဘယ်လိုပြောပြော...။ တစ်ယောက်က သတိရတဲ့ စကားပြောလိုက်...။ တစ်ယောက်က ပြန်ပြော လိုက်နဲ့...။ အိပ်ကို မအိပ်နိုင်...။

သွယ်မာ လက်ထပ်သွားပြီဆိုတာလည်း ပါသလို... ကပ္ပိယကြီး ဦးလူလု ဆုံးသွားပြီဆိုတာလည်း ပါပါတယ်...။

" ဘဝသံသရာက ရှည်လျားသလောက် မရေရာ ပါဘူး..."

" ခင်ဖုန်း လေသံလေးကလည်းလေ... ဒီလိုပေါ့ဟာ... ငါကတော့ ကုသိုလ်များများလုပ် အကုသိုလ်ရှောင်ရင်း... နေလို့ရသမျှ ကောင်းအောင်နေတာပါပဲ..."

အပြင်က မိုးသံကို ကြားရပြီ...။ အိပ်တော့ဆိုပြီး မီးမှိတ်စကားမပြောကြေးလို့ အတင်းဖြတ်ရတာပါ...။

◆

" ကိုဝင်းမွန်ဆိုတဲ့ လူကိုလည်း ကျေးဇူးတင်ဖို့ ကောင်းနေပါပြီဟယ်... ငါတို့ အလိုလိုက်နေရတာပါလား..."

အုန်းအုန်းရောက်နေပြီး လင်းမင်းလေးကို တွေ့ချင်လို့ ပါဆိုတော့... ဘယ်နေ့ပြန်မလဲ... ပြန်မယ့်နေ့ ရွာကြီးကို ကားနဲ့ ပြန်ပို့ပေးတဲ့အခါ သားကိုပါ ခေါ်လာ ပေးမယ်တဲ့လေ...။ ဒါကြောင့် အုန်းအုန်း ပြန်မှာမို့ ခင်ဖုန်းတို့ စောင့်နေကြရတာ...။ မမဝင်းစတစ်ယောက် မရှိတာပဲ ကျေးဇူးတင်စရာ...။ မဟုတ်ရင် အရှမ်းစပ်စုမယ်...။

" ကားဝင်လာပြီထင်တယ် ခင်ဖုန်း..."

ရေတံခွန်သွားတဲ့နေ့က ဒုတ်ဆန်းကို မြင်ရပါတယ်...။ ရှေ့ခန်းမှာ ကိုဝင်းမွန် ကိုယ်တိုင် မောင်းလာတာပါလား...။ ကြည့်စမ်း... သူက တစ်ယောက်တည်း ဘေးမှာ ထိုင်လိုက် လာတယ်...။

" ခင်ဖုန်းတို့ ရှေ့မှာပဲ ထိုင်လိုက်လေ "

" ကိုဝင်းမွန်... အုန်းအုန်းက ဆရာမ ဒေါ်အုန်းသန်း ပါ... အုန်း... ကိုဝင်းမွန်လေ..."

" ခင်ဖုန်းပြောပြလို့ သိနေနှင့်ပါပြီ... အမယ်...

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းချိတော့ အသာတကြည့် လိုက်တယ်... လာပါ... ငါလည်း ချိပါရစေ..."

အုန်းအုန်းကချိတော့ ရယ်ပြပြီး မလိုက်ပါပဲ ခင်ဖုန်းကို ပြန်ဖက်ထားလိုက်တယ်...။

" မျက်နှာလိုက်တာဟယ်... ငါ့ခါတော့ မလိုက်ဘူး..."

" အုန်းကို ရယ်ပြပါတယ်..."

" ဟုတ်ပါတယ်... ဟုတ်ပါတယ်..."

ကားမောင်းနေတဲ့ ကိုဝင်းမွန်အားမှာ လင်းမင်းလေးကို ချီပြီး လိုင်လိုက်ရတာ စိတ်ကျဉ်းကျပ်သလိုတော့ ဖြစ်ပါတယ်...။ အရင်က ဘယ်လိုမှ မနေပေမယ့် မာလာ့စကားတွေက လူကို စိတ်ကျဉ်းကျပ်မှု ဖြစ်စေတာပါလား...။

" ဖြစ်နိုင်ရင် မြို့အထိ လိုက်ပို့ပေးချင်တာပါ..."

" ရပါတယ်... အချိန်ရရင်သာ... မြို့ကို လာလည်ပါဦး... ကျန်တဲ့ဆရာမ နှစ်ယောက်ကလည်း အရမ်းတွေ့ချင်နေတာ... ခင်ဖုန်း ကိုဝင်းမွန်တို့ သားအဖကို မြို့ခေါ်လာခဲ့ပါမယ်... ကျွန်မတို့ မြို့ကိုရောက်ဖူးလားဟင် "

" ရောက်ဖူးပါတယ်..."

" ရောက်ဖူးတယ်လား... ဘယ်တုန်းကလဲ... မင်းမင်း ရှိတုန်းကလား "

" မဟုတ်ပါဘူး... သူဆုံးပြီးမှပါ... ဆရာမတို့ ကျောင်းထိ ရောက်ခဲ့သေးတာပါ... ခင်ဖုန်းဒီည ကိုအောင်တို့ အိမ်မှာ အိပ်မှာလား... မနက်ဖြန် နေ့ခင်းလောက်မှ



ပြန်ရင်ရပါတယ်နော် "

" ရပါတယ်... ခင်ဖုန်းက တနင်္လာနေ့ ကျောင်းမီရင် ပြီးတာပါပဲ..."

လင်းမင်းလေးက ခင်ဖုန်း ရင်ခွင်ထဲ အိပ်နေပါပြီ...။ ကလေးတစ်ယောက် ဘဝ ရောက်နေပြီး စကားကလည်း ပီပီပြင်ပြင် မပြောတတ်သေးတော့ သူ့ရင်ထဲ ဘာတွေရှိနေမယ်မသိနိုင်...။ ခင်ဖုန်းကတော့ သူသာ မှတ်မိမယ်ဆို ပြောချင်တာတွေမှ အများကြီး...။

" မမကျော့တို့ကို လာခဲ့ဖို့ ပြောဦးနော် "

" နင်က အပျိုပဲ နင်လာပေါ့ဟဲ့... ငါတို့က အားလုံး အိမ်ထောင်သည်တွေ... ကလေးတွေနဲ့ ယောကျ်ားနဲ့က လာရလွယ်ပါ့မလား... နင်လာခဲ့ "

" ခင်ဖုန်းလား... အင်း... လာချင်ပါတယ်... ကျောင်းပိတ်ရက်ရှည်ရရင်... လာခဲ့မယ် စနေ တနင်္ဂနွေကျရင်တော့ တနင်္ဂနွေမှာ လင်းမင်းနဲ့ အတူနေရဦးမယ်လေ "

" သိပါတယ်... သိပါတယ်... ဟိုဘဝမှာတည်းက ငါတို့ထက် မင်းမင်းကို ပိုချစ်တာ... ငါတို့သိပါတယ်..."

" ဒါပေါ့... တစ်သက်လုံး တစ်ယောက်တည်း ချစ်ရတာ... မင်းမင်းက ခင်ဖုန်း ဘဝပါ..."

" မင်းထွန်းက ကံကောင်းလိုက်တာ "

" ဟင်... ကံမကောင်းပါဘူး... ကံကောင်းရင် ခင်ဖုန်းတို့အခု အတူရှိနေရမှာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



" အခု အတူရှိနေတာပဲ... ရင်ခွင်ထဲ အိပ်နေတာထက်ပဲ အတူရှိရဦးမလား "

ဟုတ်သားပဲ...။

ရင်ခွင်ထဲ အိပ်နေလိုက်တာ...။ အုန်းအုန်းကတော့ အိပ်နေတဲ့ လင်းမင်းရဲ့ ပါးဖောင်းဖောင်းလေးကို ကိုင်နေရင်းက မျက်ခုံးစွန်းမှာ ရှိတဲ့ ဒဏ်ရာအနာရွတ်ကြီးကို လက်ကလေးနဲ့ ပွတ်ကြည့်နေပါတယ်။

" ဒီဒဏ်ရာက ခုထိ ပြန်ပါလာတယ်... ငါ စိတ်မကောင်းလိုက်တာ "

" ဆရာမ အုန်းတို့က မင်းထွန်းဆုံးတော့ လာသေးတယ်ဆို "

" ဟုတ်ပါတယ်... ငိုလိုက်ရတာလေ... "

ရွာကြီးရောက်တော့ အုန်းအုန်းတို့တည်းတဲ့ အိမ်လိုက်ပို့ပေးပါတယ်။ အုန်းနဲ့ နှုတ်ဆက်ကြပြီး ပြန်မယ်ဆိုတော့ ကိုဝင်းမွန်အလစ်မှာ ပြောလာပါတယ်...။

" ကိုဝင်းမွန်ကြည့်ရတာ တည်ကြည်ရိုးသားပုံရပါတယ်... လင်းမင်းနဲ့ တစ်သက်လုံး နေချင်ရင်တော့... ဒီလူ့ကို နင်လက်ထပ်နိုင်မှ ဖြစ်မယ်... " တဲ့...။

" လာပြန်ပြီလား တစ်ယောက်... သက်ပြင်းတွေသာ အခါခါရှိုက်မိပါပေါ့လေ...။

◆

အပြန်လမ်းမှာလည်း လင်းမင်းလေးက ရင်ခွင်ထဲ အိပ်နေတာပါပဲ...။ ပွေ့ထားရင်း ဘယ်လောက်ထိ ချစ်ရတယ်ဆိုတာ ပြောမပြတတ်ပါဘူး။ အပြန်လမ်းမှာတော့ မိုးရွာပါတယ်...။ မိုးက ရွာကြီးမှ ထွက်တည်းက ရွာနေတာ...။ လမ်းမှာ ပိုတောင် သည်းလာသေး...။ ကိုဝင်းမွန်ကလည်း ကားဂရုစိုက် မောင်းနေလို့ ထင်ပါရဲ့... စကားသိပ် မပြောပါဘူး။

" ခင်ဖုန်း... ကားကို လမ်းဘေး ခဏရပ်ထားမယ် ဖြစ်ပါတယ် မဟုတ်လား... မိုးမချုပ်ပါဘူး... မိုးသိပ်များနေလို့ပါ "

" ရပါတယ်... ကားမောင်းရတာ အန္တရာယ်ရှိရင် ရပ်ထားပါ... "

ကားကို လမ်းဘေး သစ်ပင်ရိပ် ရပ်လိုက်တယ်လေ...။ မိုးက ရွာလိုက်တာ...။ ခပ်လှမ်းလှမ်းတောင် မမြင်ရအောင် ဖြူဖွေးနေတာတပါလား...။

" သားကို အောက်ချထားပါလား ခင်ဖုန်း... တစ်ချိန်လုံး ချီထားရတယ်... ဒါမှမဟုတ် ခဏ ကျွန်တော် ချီမယ် "

" ရပါတယ်... ခင်ဖုန်း ချီချင်လို့ပါ... "

" ဆရာမအုန်းကို ကျွန်တော် ပြောခဲ့တာ မှတ်မိလား... မင်းထွန်းဆုံးပြီး ခင်ဖုန်းတို့ မြို့လာတယ်ဆိုတာလေ "

www.burmeseclassic.com

www.burmeseclassic.com



" မှတ်မိပါတယ်..."

" ခဏလောက် စကားပြောချင်တယ်... ကျွန်တော်နဲ့ မင်းထွန်း သိပ်ချစ်ကြလို့ အမြဲ ရင်ဖွင့်နေကြတွေပါ... နှစ်ယောက်လုံး ချစ်သူမရှိပဲ နေလာခဲ့ကြတာ... မင်းထွန်းက ငါ့ကို ဒီခတ်ပုံလေး ပန်းချီဆွဲပေးဆိုပြီးတော့ လာပြခဲ့တဲ့ ခင်ဖုန်းပုံကို ပန်းချီဆွဲရင်း.. မင်းထွန်းအပေါ် ကျွန်တော် သစ္စာပျက်နေမိတယ်... အဲဒါကတော့ ပန်းချီကားထဲက ခင်ဖုန်းအပေါ် ကျွန်တော် ရင်ခုန်ခဲ့မိတယ်လေ..."

" ရှင်..."

မင်းထွန်းရဲ့ နှလုံးသားထဲက ချစ်သူကိုမှ ဘာလို့ ရင်ခုန်ခံစားရမှာလဲလို့ ဖွတ်ဖြေဖျောက်လိုက်ပါတယ်တဲ့...။ ဒါပေမယ့် ပန်းချီကားကိုသာ ပြန်ပေးလိုက်ပြီး ခတ်ပုံကိုတော့ အချိန်မရွေး ကြည့်ချင်လို့ ယူထားလိုက်တာပါတဲ့လား။

" မင်းထွန်းဆုံးတော့ ခင်ဖုန်းများ လာမလား သတိရပါတယ်... နောက်လ နည်းနည်းကြာမှ မင်းနဲ့ လာနေချင်တယ် ဝင်းမွန်ဆိုတော့ ကျွန်တော် အိမ်ထောင်ပြု သင့်ပြီလို့ သိလိုက်တယ်... အဲဒီအချိန်မှာ သတိအရဆုံးလူက ခင်ဖုန်းပါ... ရင်ထဲရှိတဲ့အတိုင်း ပြောရရင် ခင်ဖုန်းကို လက်ထပ်ချင်တယ်... ခင်ဖုန်းနဲ့ လက်ထပ်ပြီးရင် ကျွန်တော်တို့ နှစ်ယောက်ဘဝထဲ မင်းထွန်းကို ခေါ်လိုက်ရုံပဲလို့ စိတ်ကူးယဉ်ခဲ့ပါတယ်..."

စိတ်ကူးထဲကအတိုင်း ခင်ဖုန်းနဲ့ လက်ထပ်ချင်တဲ့



စိတ်ကြောင့် မြို့ကိုရောက်လာခဲ့တာပါတဲ့လား။ ခင်ဖုန်းကို အပြင်မှာ မြင်ရတာဟာ... ခတ်ပုံထဲ ပန်းချီထဲမှာထက် ပိုခံစားရပြီး စွယ်တော်ပင်တွေ ပျိုးရင်း ငိုနေတာ မြင်ရတော့ ရင်ခွင်ထဲမှာ ချော့ထားချင်စိတ်တွေ ဖြစ်ရသတဲ့...။

" ကျွန်တော် ဘယ်လိုပြောရမလဲ... ကျွန်တော်က ဝင်းမွန်ပါ။ ကျွန်တော်နဲ့ ခင်ဗျား လက်ထပ်ကြပြီး မင်းထွန်း ဝင်စားလာမယ့် ကလေး မွေးကြရအောင်ဆို ခင်ဖုန်း လက်ခံမလား... ရိုက်မလွှတ်ရင် ကံကောင်းပဲလေ... အဲဒီအချိန် အရမ်းခံစားနေရတဲ့ ခင်ဖုန်းက... လက်ထပ်နိုင်မှာတဲ့လား... ကြေကွဲလက်လျှော့ပြီး ပြန်လာခဲ့ရတယ်..."

မြို့သာပြန်ရောက်ပြီး အိပ်မက်က နှစ်ခါ သုံးခါ ဖြစ်လာခဲ့တယ်... ငါလာနေချင်တယ် ဝင်းမွန်ဆိုတဲ့ မျက်နှာငယ်လေးနဲ့ အနားလာလာ ထိုင်နေလို့ ခင်ခင်လင်းကို ချက်ချင်းပဲ လက်ထပ်ယူလိုက်သတဲ့...။

" လင်းက ဇနီးကောင်းတစ်ယောက်ပါ... အေးချမ်းပါတယ်... အချစ်မပါပေမယ့် စိတ်ချမ်းသာခဲ့တဲ့ အိမ်ထောင်ရေးပါ... သားကိုမွေးရင်း ဆုံးသွားတော့ ကျွန်တော် စိတ်ထိခိုက်ရပါတယ်... သားနဲ့ ဘဝခရီးတစ်လျှောက် အေးချမ်းစွာ နေသွားမယ်လို့ပဲ စိတ်ထားခဲ့တယ်... ဒါပေမယ့် ခင်ဖုန်းက မမျှော်လင့်ပဲ ရောက်လာခဲ့တယ်လေ..."

ကားကြုံလိုက်ချင်လို့ ကိုအောင် ညီမကို ခေါ်သွားပေးပါဆိုတော့ ဘာမှမသိပဲ ခေါင်းညိတ်ခဲ့တာတဲ့...။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းဆင့်ကို အမြင် အံ့သြတုန်လှုပ်ရင်း နှလုံးသားက ပြန်လည် ကြည်နူးခဲ့ ရသတဲ့လား…။

"ခင်ဖုန်းကို ကျွန်တော် ချစ်တယ်… လက်ထပ်ချင်တယ်… သားကို အကြောင်းပြုပြီး လင်းမင်းနဲ့ နေချင်ရင် လက်ထပ်ပါလို့ ပြောတာမျိုးလည်း မဟုတ်ပါဘူး… ခင်ဖုန်းမှာ ငြင်းခွင့်ရှိပါတယ်… ငြင်းခဲ့ရင်လည်း သားကို ခင်ဖုန်းနဲ့ ခုလို တွေ့နေကျ တွေ့ပေးမှာပါ… ဒါပေမယ့် ခင်ဖုန်းရယ် ကျွန်တော်ရယ်… သားရယ် အတူနေချင်ခဲ့တဲ့ စိတ်ကူးယဉ်တွေက သားကို မမွေးခင်တည်းက ရှိနေခဲ့တာပါ…"

"ခင်ဖုန်းက မင်းမင်းကိုပဲ ချစ်တယ်… မင်းမင်းနဲ့ ဝေးတည်းက ဘယ်တော့မှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ…"

"ခင်ဖုန်းအချစ်ကို မရနိုင်ပေမယ့်… ဘဝခရီး ဖော်ကောင်း တစ်ယောက်အဖြစ် စဉ်းစားပေးနိုင်မယ်ဆို… ငြင်းလို့လည်းရပါတယ်… အားနာစရာ မရှိပါဘူး… မိုးနည်းနည်းစဲပြီး ကားမောင်းလိုက်ဦးမယ်"

သူကတော့ ကားကို ဂရုစိုက်မောင်းနေပါပြီ…။ ခင်ဖုန်းကိုသာ အတွေးတွေ များပြားစွာ ပေးတာပါလား။ မျက်နှာကို လှမ်းလှမ်း မကြည့်ပါနဲ့…။

"စိတ်ဆိုးနေတာလား… မပြောသင့်တဲ့ စကားပြောမိပြီ ထင်တယ်…"

"စိတ်မဆိုးပါဘူး… လက်ခံတာနဲ့ ငြင်းပယ်တာ



နှစ်ခုပဲ ရှိမှာပဲလေ… ခင်ဖုန်း စဉ်းစားပါမယ်…"

"စဉ်းစားပေးမယ်ဆိုရင်ကို ဝမ်းသာ ကျေးဇူးတင်ရပါပြီ… ကျွန်တော်ကို ဌာအဝင်လမ်းဘေးမှာ စွယ်တော်ပင် ရှိတယ်… အဲဒါ ကျွန်တော်ကလည်း မင်းထွန်းပြောသလို ခင်ဖုန်းကို ချစ်တဲ့ အချစ်ကိုသင်္ကေတအဖြစ် စိုက်ထားခဲ့တာပါ…"

အဲဒီ စွယ်တော်ပင်လေးတွေကို ခင်ဖုန်းတွေ့သားပဲ…။ တချို့အပင်တွေဆို ပန်းရောင်အပွင့်လေးတွေတောင် ပွင့်နေပါပြီ။ တွေ့မိတိုင်း မြို့မှာ စိုက်ခဲ့တဲ့ အပင်လေးတွေ အမှတ်ရမိစမြဲ…။

"အချစ်ကို ငြင်းပယ်လို့ ရပါတယ်… ငြင်းပယ်ပြီးရင် မခေါ်မပြောတော့ မလုပ်ပါနဲ့လား… မိတ်ဆွေစစ် အဖြစ်တော့ နေပါရစေ… အမုန်းပါရရင် ကျွန်တော် သိပ်စိတ်ထိခိုက် ရမှာပါ"

"ခင်ဖုန်းတို့ ကလေးတွေမှ မဟုတ်တာ… ငြင်းပယ်ခဲ့ ရင်တောင်မှ လင်းမင်း မျက်နှာနဲ့ တစ်သက်လုံး ခင်ခင်မင်မင် နေပါမယ်"

"ဟုတ်ပါပြီ… ကြားရတာ စိတ်အေးပါပြီ"

ကိုဝင်းမွန်က ပြောပါသေးတယ်… ခင်ဖုန်းရဲ့ ဝန်းကျင်မှာ ကိုဝင်းမွန်ဆိုတဲ့ လူတစ်ယောက်ကို လိုက်ရှာခဲ့တာလည်း အချိန်နဲ့ အမှုပါပဲဆိုတဲ့ စကားလေးကိုလည်း သူသိပ်ခံစား ရပါတယ်တဲ့…။ တွေ့ချိန်တန်မှ တွေ့ကြရတာပါ…။ လူနှစ်ယောက်ဆုံဖို့ အချိန်ဆိုတာ သူ့ဘာသာ သတ်မှတ်ထားပြီးသားပဲလေ…။

◆

www.burmeseclassic.com

www.burmeseclassic.com

ခင်ဖုန်း ရွာကြီးမှာ အိပ်တဲ့ ညကပဲ မမစိုးတို့ အမေဆုံးသွားတယ်... နေ့ချင်းပဲ အသုဘချလိုက်ပြီဆိုတော့... ခင်ဖုန်း လိုက်မပို့လိုက်ရပါဘူး... ဒါကြောင့် အိမ်ကို သတင်းမေး သွားမှပါဆို ထွက်လာခဲ့တာ...။ အခုဆို မြို့သာရဲ့ လမ်းတွေကို ခင်ဖုန်း ကျွမ်းကျင်နေပြီမို့ အစ်ကိုဆီက စက်ဘီးကို တောင်းယူ ထားလိုက်တယ်လေ...။

" မာလာ မလိုက်တော့ဘူး... ရောက်ပြီးပြီ ခင်ဖုန်း တစ်ယောက်တည်း ဖြစ်ရဲ့လား... မဖြစ်ရင် လိုက်ခဲ့မယ် "

" ဖြစ်ပါတယ်... နေခဲ့တော့နော် "

မာလာ့ကို ဝင်ခေါ်ပေမယ့် လိုက်မလာတော့ တစ်ယောက်တည်း စက်ဘီးနင်းလာခဲ့တာ။ မိုးမရွာပေမယ့် မိုးလေတွေ ရှိတယ်...။ မင်းမင်း ရှိတုန်းက စိတ်ကူးထဲမှာသာ ရှိတဲ့ မြို့သာကို ခုတော့လည်း အကျွမ်းဝင် နေခဲ့ပါပြီ...။

အဲဒီ ဝရန်တာ အကျယ်ကြီး မြင်ရင် မင်းမင်းက ရပ်နေရင်း ခင်ဖုန်းကို လှမ်းခဲ့ဘူးသလားပဲ သိချင်နေမိတာ...။

" မမညို... မမစိုးရော ရှိလား..."

" ဪ... ခင်ဖုန်းဆင့်... လာ... လာ... ဒါက အလတ်မလေ... မမမိုးဆိုတာ..."



ဒီတစ်ခါပဲ မြင်ဖူးပါတယ်... မမမိုးက မင်းမင်းနဲ့ ပိုတူတာပါလား။ ရယ်လိုက်ရင်ကို မင်းမင်း အပြုံး မြင်ရသလိုပါပဲ။

" ခင်ဖုန်း ရွာကြီးရောက်နေလို့ မမစိုး..."

" မာလာ ပြောပြပါတယ်... အမေက မီးစာကုန် ဆီခမ်းနေပါပြီ... ကြာလည်း ကြာခဲ့ပြီပဲ... အမေ့အရင်ဆုံးတဲ့ မင်းမင်းတောင် လူပြန်ဖြစ်နေမှာတော့..."

မမစိုးတို့ အဖေကိုလည်း ခုတစ်ခါမှ တွေ့ရတာ... အလှူနေ့က ဘုန်းကြီးကျောင်း သွားနေလို့ မတွေ့ခဲ့ရတာ...။ အိမ်ကြီးက ကြီးပြီး တိတ်ဆိတ် ခြောက်ကပ်လွန်း သလိုပါ...။

" မမိုးက အမေ့ရက်လည်ပြီးရင် ပြန်မှာ... အိမ်မှာ ပိုတောင် တိတ်သွားဦးမယ်..."

ဟုတ်မှာပေါ့လေ...။ လူကြီးတွေပဲ ရှိနေတာကိုး...။ အိမ်က ကြီးလွန်းတာလည်း ပါပါတယ်။ ခင်ဖုန်း ပြန်မယ် ဆိုတော့ မမစိုးက ခြံဝထိ လိုက်ပို့ပေးပါတယ်...။

" မမစိုး..."

" ဟင်..."

" ကိုဝင်းမွန်က မင်းမင်း ရှိတုန်းကဆို ဒီအိမ်မှာ ဝင်ထွက် စားသောက်နေတာဆို..."

" ဟုတ်တယ်... မောင်လေးက ဝင်းမွန်ကို အရမ်း ချစ်တာ... ဝင်းမွန်ကလည်း အဖေပဲ ရှိပြီး အမေ မရှိဘူးလေ... ဒီတော့ အိမ်မှာပဲ နေတာများတယ်... အိမ်ကလည်း ကျယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွန်ရှိနေလို့ ဘာအပန်းကြီးမှာလဲ... ဘာလို့လဲ ခင်ဖုန်း..."

" ကိုဝင်းမွန်က စိတ်ဓာတ် ဘယ်လိုနေလဲ..."

" ဝင်းမွန်... ဝင်းမွန်က စိတ်ဓာတ်ကောင်းပါတယ်... ရိုးသားပါတယ်... ဘာလို့လဲ ခင်ဖုန်း..."

" မမစိုးကတော့ ခင်ဖုန်း အစ်မရှိပါပဲ... ကိုဝင်းမွန်က ခင်ဖုန်းကို လက်ထပ်ခွင့် တောင်းထားလို့ပါ... ခင်ဖုန်းကလည်း မင်းမင်းနဲ့ အတူနေချင်တဲ့ ခံစားမှုကြောင့် စဉ်းစားနေပါတယ်... အသက်အရွယ် အခြေအနေအရ အချစ်ဆိုတာက ပထမ မဟုတ်တော့ဘူးလေ... ခင်ပွန်းကောင်း တစ်ယောက် ဖြစ်နိုင် မဖြစ်နိုင်ကပဲ ပထမပဲ... အရေးကြီးဆုံးက လင်းမင်းလေးကို ခင်ဖုန်း မခွဲနိုင်ဘူး..."

မမစိုးကတော့ ခင်ဖုန်းကို ကြည့်နေပါတယ်။ ပြီးတော့ ခင်ဖုန်းက သံယောဇဉ် ကြီးလိုက်တာ...။ မမစိုးတို့လည်း လင်းမင်းလေးကို ချစ်ကြပါတယ်... ဒါပေမယ့် ဆုံစည်းဖို့က ဘဝချင်း ခြားပြီးသလို... ဘယ်လိုမှ ပြန်အတူနေဖို့ မဖြစ်နိုင်ကြတော့ဘူးလေတဲ့...။

" မောင်လေး ဝင်စားတယ်လို့ ယုံကြည်ရပြန်တော့ သူ့ဘဝလေးဟာ... ဖခင်ကောင်းရဲ့ အရိပ်မှာ ပြည့်ပြည့်စုံစုံ နေရတာကိုပဲ ကျေနပ်လိုက်ပါတယ်... ကျောင်းတက်တဲ့ အရွယ် မမစိုးတို့ရဲ့ အနီးရောက်လာရင်တော့ အကူညီနိုင်ဆုံး ကူညီရမှာပေါ့... ခင်ဖုန်းက သိပ်ချစ်တတ်တော့လည်း..."

စဉ်းစားရတာတွေက များလာပါတယ်...။ ချစ်တယ်



မချစ်ဘူး ဆိုတာကို ခင်ဖုန်းဘက်ကနေ သိပ်တော့ မတွေးပါဘူး...။ ခင်ပွန်းကောင်း ဖြစ်နိုင် မဖြစ်နိုင်နဲ့... လင်းမင်းကို ခွဲနေတာနဲ့ အတူနေတာ... ဒါတွေပဲ စဉ်းစားနေမိပါတယ်...။

"မမစိုး... လိုက်မပို့ပါနဲ့တော့... ခင်ဖုန်းသွား တော့မယ်"

" မမစိုးကတော့ မောင်လေးဟာ ခင်ဖုန်းနဲ့ဆိုရင်... မိခင်ကောင်း တစ်ယောက်ကို ရမယ်ဆိုတာ ယုံကြည်ပါတယ်... မိဘရဲ့ အရိပ်ကောင်းမှာ နေရရင် မောင်လေး ပျော်မှာပေါ့လေ... သံယောဇဉ်ဆိုတာ အဲလို အစွဲအလန်းတွေ ကြောင့်လည်း ဘဝတွေ ဘဝတွေ ဆက်ဖြစ်နေတယ် မဟုတ်လား..."

စက်ဘီး စီးလာရင်း... မိုးဖွဲတွေ ကျလာပါတယ်...။ ထီးဖွင့် ဆောင်းရပြန်တော့... စက်ဘီးနင်းရတာက မကောင်း...။ ဒါကြောင့် ထီးပိတ်ပြီး စက်ဘီးနင်းလာခဲ့တာ...။ မိုးပေါက်တွေက အေးစိမ့်နေတာပါပဲ...။

တောင်ညီမှိုင်းဘက်ကိုဆို မြင်တောင် မမြင်ရတော့ ပါဘူး။

မိဘရဲ့ အရိပ်ကောင်းမှာ နေရရင်တဲ့...။ ခဏလေး နေရတဲ့ ဘဝမှာ လင်းမင်းအတွက် အရိပ်ကောင်းလေး တစ်ခု ဖြစ်နိုင်မှာတဲ့လား။ အချစ်ကိုလည်း တွက်ဆစရာမှ မလိုတော့တာ...။ အချစ်က မင်းမင်းတစ်ယောက်တည်း အတွက်ပဲ...။

◆

www.burmeseclassic.com

www.burmeseclassic.com

" ဒါ... ဒါဆို လင်းမင်းလေးက ဆေးရုံမှာပေါ့ ဟုတ်လား..."

ပူပန်သောကက ချက်ချင်း ခေါင်းပေါ် ရောက်လာသလိုပါ...။ မာလာနဲ့ ကြီးကြီးတို့ ကျောင်းအလာလမ်းမှာ တွေ့လို့ ပြောလိုက်သတဲ့... စိတ်ကနေ မရဲစွာ ခွင့်တင်လိုက်ပါတယ်...။ ပြီးတော့ ဆေးရုံကို လိုက်လာခဲ့မိပါပေါ့...။ မာလာ့ခင်မျာလည်း ခင်ဖုန်းကို အလိုလိုက်ပြီး လိုက်လာပေးပါတယ်။

" စိတ်မပူပါနဲ့ ခင်ဖုန်း... အဖျားတက်နေလို့ပါ... ပြီးတော့ အခုချိန် သွေးလွန်တုပ်ကွေး ရာသီလည်း ဖြစ်လို့... စိတ်ပူပြီး ဆေးရုံတင်လိုက်တာပါ... ပိုဂရုစိုက်ချင်လို့ပါ... ဘာမှ မဖြစ်ပါဘူး..."

ကိုဝင်းမွန်က လင်းမင်းနဲ့ အတူ ရှိနေတာပါလား...။ ကြီးကြီးက တစ်ညလုံး စောင့်ပေးပြီးလို့ ပြန်သွားတာတဲ့...။ ခဏနေတော့ မာလာက ကျောင်းပြန်ရဦးမယ်ဆို ပြန်တာပေါ့...။

" ခင်ဖုန်းကရော..."

" ဒီနေ့ ခွင့်ယူထားတယ်..."



" တစ်နေကုန် ကျွန်တော် စောင့်နေမှာပါ... ခင်ဖုန်း ပင်ပန်းလိုက်တာ..."

လင်းမင်းက ခင်ဖုန်းကို မြင်ရင် ထုံးစံအတိုင်း ပခုံးပေါ် ပါးအပ် အိပ်နေတော့တာ...။ အပူငွေ့တွေ များနေတဲ့ ကိုယ်ခန္ဓာလေးကို ကျစ်ကျစ်ပါအောင် ဖက်ထားရင်းက... ခုလိုမျိုး ခင်ဖုန်းတို့ အတူနေရမယ့် မနက်ဖြန်တွေကို... ဘယ်လိုမှ ရနိုင်မှာလဲ။

" ကိုဝင်းမွန် "

" ဟင်..."

" အချစ်မရှိရင်ကော... ဒါပေမယ့်... ဇနီးကောင်း တစ်ယောက် ဖြစ်ရမယ်ဆိုရင်ကော..."

" ဝမ်းသာလိုက်တာ ခင်ဖုန်းရယ်... စိတ်ချပါ... ကျွန်တော်ဟာ ခင်ဖုန်းကို အချစ်တွေလည်း အများကြီး ပေးနိုင်သလို... ခင်ဖုန်းကောင်း တစ်ယောက်အဖြစ်လည်း ခင်ဖုန်းရှေ့က ရပ်တည်ပေးပါမယ်..."

ခင်ဖုန်းဆင့်ဆိုတာ ကိုဝင်းမွန်ရဲ့ ဇနီးအဖြစ် ရှိနေမယ်ဆို လင်းမင်းအတွက် အကောင်းမွန်ဆုံး ရင်ခွင်ဖြစ်ရမှာပါ...။ ခုပဲ ကြည့်လေ... လင်းမင်းကို ခုချိန် အတူရှိနေနိုင်ဖို့က အခြေအနေတစ်ခု လိုအပ်နေတာပဲ...။

" သားနေကောင်းပြီးရင် လက်ထပ်ကြမလား..."

" အစ်ကို့ကို ဖွင့်ပြောရဦးမှာ "

" ကိုအောင်က ကျွန်တော်နဲ့ သဘောတူပါ့မလား..."

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဖုန်းရဲ့ အိမ်ထောင်ရေးကို ခင်ဖုန်းဖာသာ ရွေးချယ်နိုင်ခွင့် ရှိပါတယ်... စိတ်မပူပါနဲ့..."

" ဘယ်နှယ် စိတ်မပူရမှာလဲ... ခင်ဖုန်းနဲ့ မဝေးချင်မှတော့ စိတ်ပူရတာပေါ့..."

" ကိုဝင်းမွန်ဘက်ကရော... ခင်ဖုန်းနဲ့ လက်ထပ်ရင် ဖြစ်ရဲ့လား "

" ကျွန်တော့် အဖေပဲရှိတာပေါ့... အဖေက ဘာပြောမှာလဲ... ခင်ဖုန်းဟာ ဇနီးကောင်းတစ်ယောက် ဖြစ်မယ်ဆိုတာ နားလည်ပါတယ်..."

လင်းမင်း အိပ်နေတုန်း ခင်ဖုန်း အိမ်ပြန်နားပါတဲ့...။ ခဏနေ ကြီးကြီးလည်း ပြန်လာမှာ... ကြီးကြီးကို ခင်ဖုန်းနဲ့ လက်ထပ်ကြတော့မှာ ဆိုတာ ဖွင့်ပြောပြ ထားပါမယ်...။ ဒါဆိုရင် ကျွန်တော်တို့တွေရဲ့ ရင်းနှီးမှုကို နားလည်သွားမှာပေါ့တဲ့...။

" လင်းမင်းက တကယ် စိတ်မပူရတာလား..."

" တကယ်ပါ ဒေါက်တာချစ်စိုးက သူငယ်ချင်းလည်း ဖြစ်တော့... ကျွန်တော်က စိတ်ပူစရာ မရှိလည်း ဆေးရုံမှာ တစ်ရက်နှစ်ရက် လာနေမယ် ပြောထားလို့ပါ... အိမ်မှာကတော့... ကြီးကြီးကလည်း အသက်ကြီးတော့ ကျွန်တော်ပဲ စောင့်မှာပါ... ခင်ဖုန်းပြန်တော့ ပင်ပန်းတယ်..."

ပြောသာ ပြောနေတာပါ... စကားထိုင် ပြောနေရင်းနဲ့ လင်းမင်းနိုးလာတော့ ခင်ဖုန်း မပြန်နိုင်တော့ပါဘူး...။ ကိုဝင်းမွန်နဲ့



လက်ထပ်လိုက်တာ အမှန်ဆုံးလို့... ယုံကြည်လိုက်မိပါပြီ။

အစ်ကိုအောင်ကတော့ ခင်ဖုန်းစိတ်ခတ်ကို နားလည်တဲ့ အစ်ကိုမို့လို့ ခံစားရသမျှ အားလုံးကို နားလည်ပေးနိုင်မယ် ဆိုတာလည်း သိပါတယ်...။

◆

www.burmeseclassic.com

www.burmeseclassic.com

" ဒါဆို လင်းမင်းက နေကောင်းသွားပြီလား... တော်သေးတာပေါ့ ခင်ဖုန်း သိပ်စိတ်ပူမယ်ဆိုတာ မာလာ သိပါတယ်... ဒါပေမယ့် ခင်ဖုန်းရယ် ကလေးဆိုတာတွေက... ဒီလိုပဲ ဖျားလိုက် ချော်လဲလိုက်ကနေ ကြီးပြင်းလာရတာပဲ မဟုတ်လား..."

မာလာက ခင်ဖုန်း ကျောင်းပြန်တက်တော့ မေးပါတယ်...။ ဒီရောက်မှ ခင်မင်ရပေမယ့် အုန်းအုန်းတို့လိုပဲ နားလည်ပေးနိုင်တဲ့ သူငယ်ချင်းဆိုတော့လည်း ဖွင့်ပြောပြ လိုက်ပါတယ်...။ အစ်ကိုအောင့်ကို ခွင့်တောင်းကြည့်ပြီးရင် ခင်ဖုန်းနဲ့ ကိုဝင်းမွန် လက်ထပ်တော့မယ်လို့ပါ...။

" ကိုဝင်းမွန်နဲ့ လက်ထပ်မယ် ဟုတ်လား... အမှန်က မတိုက်တွန်းရက်လို့ပါ... အဲဒါက အကောင်းဆုံးဖြစ်မယ် ခင်ဖုန်း... လင်းမင်းကို မင်း နေ့နေ့ညည ပိုင်ဆိုင်နိုင်ပြီ..."

" ဟုတ်တယ်... လင်းမင်းကြောင့်က နံပါတ်တစ်ပါပဲ... ခင်ဖုန်းအတွက် ကိုဝင်းမွန်က ဘဝခရီးအဖော်ကောင်း တစ်ယောက်ဖြစ်ရင် ပြီးတာပါပဲလေ..."

" ကိုဝင်းမွန်က စိတ်သဘောကောင်းတာ နာမည်ကြီး



ပါတယ်... သူ့တပည့်တစ်ယောက်ရဲ့ အစ်မက မသီဆွေ လေဟာယ်... ငါးတန်းသင်တဲ့ မသီဆွေ... မသီဆွေကဖြင့် ကိုဝင်းမွန် လူပျိုတုန်းကတည်းက ချိုးမွမ်းလာတာပါ... သူ့ညီမ ဝမ်းကွဲလေးနဲ့တောင် သဘောတူခဲ့တာ..."

" ခင်ဖုန်းတို့ ခင်မင်ခဲ့ကြချိန်မှာလည်း... ကိုဝင်းမွန်က သိပ်မဆိုးလှဘူးလို့ ထင်ပါတယ်..."

ခင်ဖုန်း လက်ထပ်တော့မယ်ဆို မမမြင့်တို့ အုပ်စု သိလို့ကတော့ အံ့ဩမဆုံး ဖြစ်မည် ထင်ပါရဲ့...။ မင်းမင်း မရှိတော့လို့ တစ်ယောက်တည်း နေမယ် အမြဲကြွေးကြော်ခဲ့တဲ့ ခင်ဖုန်း မဟုတ်လား...။

" ဘဝဆိုတာ... ထူးဆန်း အံ့ဩဖွယ်ရာတွေ အများကြီးနဲ့ ပြည့်နေတာပါ မာလာ... ဘယ်လိုမှ မထင်ထား ခဲ့တာတွေလည်း ဖြစ်ရတယ်..."

အခုဆို ခင်ဖုန်း စက်ဘီးနဲ့ပြန်ရင် မာလာ့ကို နောက်က တင်ခေါ်လာခဲ့တာပါ။ မြို့ပတ်လမ်းဖက်က နင်းရင် မာလာ့အိမ်ကို အမြန်ရောက်နိုင်တာမို့ ဒီလမ်းကပဲ နင်းရလေ့ ရှိပါတယ်...။

" မင်းမင်းတို့ အိမ်ရှေ့ရောက်တိုင်း အဲဒီအိမ်ကြီးမှာ သူတစ်ချိန်က ပျော်ရွှင်စွာ နေခဲ့တာပါလားလို့ ခံစားကြည့်နူး ရတယ်..."

" ကိုမင်းကို သတိရနေကြဆဲပါပဲ... ကျောင်းအညီး အဝေး ခန်းထဲမှာကို ကိုမင်း ဆုယူတုန်းက ပုံတွေ ရှိနေသေး

www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ..."

" တစ်ခါတလေတော့ မဖြစ်နိုင်မှန်း သိပေမယ့်... ဒီအိမ်ကြီးကို မင်းမင်းနဲ့ လက်ထပ်ပြီး လိုက်လာရရင်... ခင်ဖုန်း စိတ်ဘယ်လိုများ ခံစားပျော်ရွှင်လိုက်ရမလား..."

" မှန်းမရတဲ့ အနာဂတ်အတွက် မစ္စပ္ပာန်ကို အကောင်းဆုံး ဖြစ်အောင်တော့ လုပ်ရမှာပဲ မဟုတ်လား..."

မာလာတို့ ခြံရှေ့ကျရင် မာလာက နေရစ်ခဲ့ရော...။ ခင်ဖုန်း တစ်ယောက်တည်းပဲ စက်ဘီးကို ဆက်နင်းလာခဲ့ရတာ...။ မိုးရွာလာပါလား။ မိုးရွာရင်တော့ ထီးကတစ်ဘက်နဲ့ စက်ဘီး စီးရတာ မလွယ်...။ မိုးသည်းလာတော့ စက်ဘီးပေါ်က ခဏ ဆင်းလိုက်တယ်...။ ထီးဆောင်းပြီး စက်ဘီးကို တွန်းသွား ထက်စား ထီးမဆောင်းပဲ စက်ဘီး နင်းသွားတာ ကောင်းဦးမယ် ထင်တယ်လို့ စဉ်းစားနေဆဲ...။

" ခင်ဖုန်း... ဘာလုပ်နေလဲ... စက်ဘီး ပျက်သလား"

အနားကိုရောက်လာပြီး ဂျစ်ကားပေါ်က ကိုဝင်းမွန် ဆင်းလာပါတယ်။

" မပျက်ပါဘူး မိုးများလို့..."

" ဒါဆိုရင် မောင်ဆွေရေ... မင်းသွားနှင့်တော့ "

" ကိုဝင်းမွန် ပြန်ရခက်နေမှာပေါ့... မဟုတ်တာ..."

" ရတယ်... ကိုယ်စက်ဘီး နင်းမယ်... ခင်ဖုန်းက နောက်ကထိုင်ပြီး ထီးဆောင်း ဟုတ်လား..."

" ပင်ပန်းအောင် "



" ဘယ်က ပင်ပန်းရမှာလဲ... ပျော်တောင် ပျော်သေးတာ... ခင်ဖုန်းနဲ့ ခုလိုမျိုး နေရတာ မိုးရွာရွာ နေပူပူ..."

" စိတ်ကူးယဉ်မနေနဲ့... ဖျားမှ ဟုတ်နေမယ် "

" မဖျားပါဘူး... ခင်ဖုန်းသာ မိုးမိရင် ဖျားမယ်... အရင်က သားတစ်ယောက်ကို ပူရတာ... အခု ချစ်သူပါ ပူရပြီ..."

ထီးဘယ်လို ဆောင်းဆောင်း မိုးသည်းတော့ မလုံချင်...။ ဒါကိုပင် ကိုဝင်းမွန်က သဘောကျစွာ ရယ်နေသေးတော့ တာပါလား...။ မြို့ပတ်လမ်းဆိုတဲ့အတိုင်း ကားရှင်းလူရှင်းနဲ့ စက်ဘီးနင်းရတာတော့ ကောင်းပါတယ်...။

" ကိုဝင်းမွန်... မိုးတွေ ရွဲကုန်ပြီ "

" ခင်ဖုန်းကို ပိုဆောင်း... ကိုယ်က ပြောပါကော တောထဲတောင်ထဲ သွားနေတာပါဆို "

" မထူးပါဘူး... ခင်ဖုန်းလည်း ရွဲနေပါပြီ... လင်းမင်းလေး နေကောင်းပါတယ်နော် "

" ကောင်းမှကောင်း... မနက်က ထမင်းတွေ အများကြီး စားလို့ ကြီးကြီးက ပြန်ဖျားမှာ စိုးတာနဲ့ ညနေ ဆန်ပြုတ်ကျွေးမလို့တဲ့... နေကောင်းပါတယ်... လွမ်းနေပြီလား"

" အမှန်ပေါ့... ဒီနေ့ ကျောင်းမှာ သတိရနေတယ်..."

" ဒါဆို အမြန်ဆုံး အတူနေကြရအောင်..."

" အစ်ကို သင်တန်းရှိလို့ လကုန်မှ ရွာကြီး ပြန်ရောက်မှာတဲ့... အစ်ကိုရောက်တာနဲ့ ပြောမယ်လေ...

www.burmeseclassic.com

www.burmeseclassic.com



ရှေတစ်မတ် ရွာကြီးသွားပြောမယ်...”

“ သဘောမကျပါဘူးဆို ဆွေးပြီ ”

“ မပြောပါဘူး ထင်ပါတယ်... ခင်ဖုန်း သဘောပါ... အပွင့်လင်းဆုံးပဲ ပြောလိုက်မှာပေါ့... လင်းမင်းနဲ့ မခွဲနိုင်ဘူးလို့လေ...”

“ လင်းမင်းနဲ့ မခွဲနိုင်ဘူးတဲ့လား... ကိုဝင်းမွန်နဲ့ မခွဲနိုင်ဘူးလို့ ကြားရရင်တော့ ပိုတောင် ကြည်နူးရမယ်... အခုတောင်မှ လင်းမင်းနဲ့ မခွဲနိုင်ဘူး ဆိုတော့လည်း ကြည်နူးရပါတယ်...”

“ အတူတူပေါ့... လင်းမင်းကို မခွဲနိုင်လို့လည်း ကိုဝင်းမွန်နဲ့ အတူနေမှာ မဟုတ်ဘူးလား...”

“ ဟုတ်ပါပြီဗျာ...”

အိမ်ပြန်ရောက်ထိ လိုက်ပို့ပေးပြီးတော့ နှစ်ယောက်လုံး လည်း မိုးတွေ ရွဲနေပါပြီ...။ ခင်ဖုန်းထီးကို ယူသွားတော့လို့ ပေးလိုက်တယ်... သူပြန်သွားတာကို ရပ်ကြည့်မိဆဲ...။

ဝင်းမွန်နဲ့ နေတော့မယ်ဆိုတဲ့နောက်... အနီးဆုံးနေရာမှာ ဝင်းမွန်ဆိုတဲ့ နာမည်နဲ့ တူသမျှ အကုန်လိုက်ရှာခဲ့ရတာ မဟုတ်လား...။ ခင်ဖုန်းမှားတယ်လို့ ပြောလည်းပြော...။ လင်းမင်းနဲ့ အတူနေချင်တယ်လေ...။ ပြန်ဆုံဖို့ဆိုတာ လွယ်ကူတာ လိုက်လို့...။

◆

မမဝင်း ရွာကြီးက ရောက်အလာမှာတော့... ကိုသောင်းလွင်ဦးနဲ့ သူ့ညီမ ဇာဇာပါ ပါလာပါတယ်...။ စိတ်ပျက်လိုက်တာ...။ မမဝင်းက ဘယ်လိုပဲ သဘောတူ စေဦးတော့ ခင်ဖုန်းမှ လက်မခံနိုင်တာပဲ...။ မမဝင်းတို့က မောင်နှမဝမ်းကွဲတွေမို့ ရင်းနှီးလို့ အတူနေချင်ကြပေမယ့် ခင်ဖုန်းအတွက် စိမ်းလွန်းပါတယ်...။

“ မမဝင်း ရောက်လာတာနဲ့ အတော်ပါပဲ... ခင်ဖုန်း အလှူတစ်ခုမှာ သွားကူချက်ပေးရမှာ... ဆရာမ ဒေါ်စိုးနွယ် အလှူ...”

“ မစိုးနွယ် အလှူ... ခင်ဖုန်းလည်းလေ... အဲဒီလူတွေနဲ့ကို မကင်းကွာနိုင်ဘူး...”

“ တစ်ကျောင်းတည်း ဆရာမတွေမို့ပါ... မာလာတို့ပါ လာမှာ... ဒါကြောင့်ပါ...”

“ မောင်ဦးတို့ ဇာဇာတို့က သုံးလေးရက်နေကြမှာ... တောင်ညိုမြို့က ခြံတစ်ခြံသွားရောင်းထားတာ... ခုမှ ယူမယ့်လူတွေလို့ လာတာ... ခင်ဖုန်းရော ပိတ်ရက်ကို တောင်ညိုမြို့ လိုက်သွားပါလား...”

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဖုန်း မအားပါဘူး "

စကားကို ဒီလို ပိတ်ပြောလိုက်တာတောင် မမဝင်းက မျက်နှာ မကြည့်ခင်ချင်...။ အချစ်ဆိုတာ ဒီလို လွယ်လွယ်ချစ်လို့ ရမလား... ကိုသောင်းလွင်ဦးတို့ သူတို့ဘာသာ ဘယ်လောက် ပြည့်စုံပါစေ...။ ခင်ဖုန်းက ခေါင်းညိတ်ရမှာလား...။ စိတ်ညစ် ရှုပ်ထွေးစွာ စက်ဘီးတစ်စီးနဲ့ ထွက်လာခဲ့တယ်...။ မမစိုးတို့အိမ် အလှူလို့သာ ပြောရတာ... ဟုတ်မှ မဟုတ်ပဲ... မမစိုးတို့ အိမ်တော့ သွားလည်လို့ ရပါတယ်...။ ညအိပ်လို့ ဘယ်ဖြစ်မလဲ။ ပြောရမှာ အားနာစရာ...။

မာလာနှင့် သွားအိပ်ရင်ကော...။

မာလာက အဖေရှိသလို အစ်ကို လင်မယားလည်း ရှိတော့ ဖြစ်ပါ့မလား...။

နောက်ဆုံးတော့ မမစိုးဆီပဲ သွားလည်ဦးမယ်လို့ မြို့ပတ်လမ်းအတိုင်း စက်ဘီးစီးလာခဲ့တာ...။ ရှေ့မှာ လှည်း တစ်စီးက တအိအိ သွားနေလိုက်တာမှ နှေးနှေး ကွေးကွေး...။ လှည်းကို ကျော်မယ်လို့ ဘဲလ်သံပေးလိုက်တယ်...။

လှည်းက ဘေးကို နည်းနည်း ရှောင်ပေးတာမို့... စက်ဘီးကို ကျော်တက်လိုက်တဲ့အချိန်မှာ...။

လှည်းပေါ်ကနေ ရုတ်တရက် အရာဝတ္ထုတစ်ခုက ရိပ်ခနဲ ခင်ဖုန်းရှေ့ ခုန်ချလာပြီး ပခုံးကို တအား ကုတ်ဖက်ထားတဲ့အခါ ထိတ်လန့် တုန်လှုပ်ခြင်းကြောင့် လက်ကိုင် မထိန်းနိုင်တော့...။



" ဟဲ့... မျောက် ဟဲ့... မျောက်... သံလုံးနှင့်မျောက် ခုန်ချပြီ "

စက်ဘီးလဲလိုက်တာရော... ပခုံးကို ကုတ်ထားတဲ့ အကောင်ကို ကြောက်ရွံ့တာနဲ့ရော ခင်ဖုန်း နာကျင်စွာ သတိလစ်သွားခဲ့ပါတယ်။ ဘေးနားမှာ ဆူညံဆူညံအသံတွေ ကြားလိုက်... အမှောင်ထုက ရောက်လာလိုက်...။ ဘေးနားက ဘာသံတွေလဲ...။

နာကျင်လိုက်တာလို့ ညည်းနေမိတာလား...။

" ခင်ဖုန်း... ခင်ဖုန်း "

ခေါ်နေသံကို ကြားနေရတယ်...။ ဘယ်သူခေါ်တာ လဲဟင်...။ သိသလို ဖြစ်လိုက် မသိသလို ဖြစ်လိုက်နဲ့ပါလား...။ မှောင်သွားလိုက် အသံတွေကို ပြန်ကြားလိုက်နဲ့...။

" ခင်ဖုန်းရယ်... "

လက်ကို ဆုပ်ကိုင်ထားတာလား...။ အသိစိတ်ကတော့ ရှိနေတာပါလား...။ နာကျင်ပင်ပန်းမှုလည်း ရှိတယ်... ထိတ်လန့်နေသလို...။

" စိတ်မပူပါနဲ့... ရုတ်တရက် လန့်သွားတာရယ်... လက်က ဒဏ်ရာရယ်ကြောင့်ပါ... ခဏနေ သတိပြန် ရလာမှာပါ... "

ပီပြင်တဲ့ အသံကို ကြားရပါတယ်...။ ဘယ်သူ ပြောနေတာလဲ...။ ဘာဖြစ်သွားတာပါလိမ့်...။ မျက်ဝန်းတွေကို မရရအောင် ဖွင့်ကြည့်မယ်လို့ အားတင်းခဲ့တယ်...။

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်တွေကလည်း အနှောင့်အယှက်တစ်ခု လိုပါပဲလား...။

◆

"ခင်ဖုန်းရယ်... ကိုယ်လန့်လိုက်တာ... တစ်ခုခုများ ဖြစ်ရင်တော့ ကိုယ်ရင်ကွဲပါပြီ... နောက် စက်ဘီးလုံးဝ မစီးနဲ့တော့... ကားနဲ့ လာကြိုပေးမယ်..."

သတိရရချင်း အနားမှာ ရှိနေတာ ကိုဝင်းမွန်ပါလား...။ ခင်ဖုန်း ဘာတွေ ဖြစ်ပါလိမ့်ဆိုတော့... လှည်းပေါ်က မျောက်က ခင်ဖုန်းပေါ် ခုန်ချလာတယ်တဲ့လေ...။ အဲဒါ ရုတ်တရက် လန့်ပြီး စက်ဘီး လဲသွားတာတဲ့...။

"လက်က ဘယ်လို ထိသွားတယ် မသိပါဘူး... လက်မှာ ငါးချက်ချုပ်ရတယ်... ကိုချစ်စိုးက လူလွှတ်ပြီး ခေါ်လို့ ကိုယ်လိုက်လာတာ... စိတ်ပူလိုက်ရတာ..."

"လှည်းကို ရှောင်ပြီး လူပေါ် ဘာကြီးပြုတ်ကျလာမှန်း မသိတော့ အရမ်းလန့်သွားတယ်... ပခုံးကို အတင်းကုတ်တာ... ဒါကြောင့် လန့်ပြီး လဲကျသွားတာပါ... ခင်ဖုန်း နေကောင်းနေပါပြီ... လက်ကလည်း နည်းနည်းနာတယ်..."

အပြင်မှာ နေမှောင်နေပါရောလား...။

မမဝင်းကတော့ မမစိုးတို့အိမ်မှာလို့ ထင်ပြီး စိတ်မပူလောက်ပါဘူး...။

www.burmeseclassic.com

www.burmeseclassic.com



" ဒီညဆေးရုံမှာ အိပ်ရမှာလား "

" အကောင်းဆုံးကတော့ ဒီတစ်ညလောက် ဆေးရုံမှာ နေလိုက်ပါ… ကိုယ်စောင့်ပေးမယ် ကိုချစ်စိုးကလည်း ခင်ဖုန်းဟာ ကိုယ့်ဇနီးလောင်းဆိုတာ… သိပါတယ်… ပြောထားပြီးသားပါ…"

" ကိုဝင်းမွန် မစောင့်ပါနဲ့… ခင်ဖုန်းက နေကောင်းနေပါပြီ… ပင်ပန်းပါတယ်… အိမ်မှာ လင်းမင်းလေးလည်း ရှိတာ…"

" သားက ကြီးကြီး ရှိတာပဲ… ရပါတယ်… ခင်ဖုန်းတစ်ယောက်တည်း စိတ်မချပါဘူး…"

ကိုဝင်းမွန်က ပြောလို့မရပါဘူး…။

မမဝင်းဆီ သွားပြီးတော့ ခင်ဖုန်း ဆေးရုံမှာ တစ်ညအိပ်မှာ… သွားပြောပေးမယ်ဆိုလို့ မပြောပါနဲ့ တားရတယ်…။

" ဘာလို့လဲ စိတ်ပူနေမှာ "

ကိုဝင်းမွန်က သိတတ်စွာ သွားပြောပေးနေမှာ စိုးလို့ အမှန်ကို ဖွင့်ပြောပြလိုက်တယ်…။ အိမ်မှာ ဧည့်သည်တွေ ရှိလို့ မနေချင်လို့ မမစိုးဆီ သွားအိပ်ရင်း ဖြစ်တာမို့ မမဝင်း သွားမပြောပါနဲ့လို့လေ…။

" ဧည့်သည်တွေ လာနေလို့လား… ခင်ဖုန်း ယောက်မနဲ့ အဆင်မပြေတာလား…"

" ဒီလိုပါပဲ "

" ကိုယ့်ကို ယုံကြည်တယ်ဆို… အမှန်ကို ပြောပြပါ… မစိုးတို့အိမ် ဘာလို့ သွားအိပ်မှာလဲ… အရင်က အိပ်ဖူးတာလည်း မဟုတ်ပဲနဲ့ "

" မာလာတို့ အိမ်ကျတော့ အစ်ကိုလင်မယားလည်း ရှိနေတယ်လေ…"

" ကိုယ့်ဆီလာခဲ့ပေါ့…"

" ဖြစ်မှ မဖြစ်နိုင်သေးတာ…"

" ဖြစ်နိုင်အောင် အမြန်ဆုံး လက်ထပ်ကြမယ်… နောက် သုံးလေးရက်ဆို… ခင်ဖုန်း အစ်ကို ပြန်လာပြီ… ဖွင့်ပြောလိုက်တော့ ဟုတ်လား "

" ဟုတ်ကဲ့ပါ…"

ကိုဝင်းမွန်က အိမ်ခဏပြန်ပြီး ကြီးကြီးကို သွားပြောမယ်ဆို ထွက်သွားပြီး ပြန်လာတော့ စားစရာ တွေကအစ စီစဉ်လာတာပါ…။ ခင်ဖုန်း ထမင်းစားခဲ့ ပြီးသားဆိုတော့… ကော်ဖီတွေ မုန့်တွေစီစဉ်လာပါတယ်…။

" လင်းမင်း အိပ်နေလား "

" ဘယ်အိပ်ဦးမလဲ… စောသေးတယ်လေ… ခေါ်လာချင်ပေမယ့် ပြန်ပို့ရမှာမို့ "

" ကလေးကို ဆေးရုံခေါ်မလာတာပဲ ကောင်းပါတယ်… လွမ်းတော့ လွမ်းနေပြီ "

" မနက်ဖြန် ရုံးတက်လက်မှတ်ထိုးကြတာပေါ့…"

" အစ်ကိုရှိနေလို့ပါ… မိဘမရှိပေမယ့် အစ်ကို့အပေါ် ချစ်ခင် လေးစားရမှာမို့ပါ… အစ်ကိုက နှင့်သဘောပဲဆိုရင်…

www.burmeseclassic.com



ချက်ချင်း လက်ထပ်ကြမယ်…”

“ ကြိုတင်ပျော်ရွှင်နေရင် အမြန်ဆုံး လက်ထပ်ကြရအောင်…”

“ ကိုဝင်းမွန်… ပင်ပန်းနေပြီ ”

“ တစ်ညတလေ မအိပ်ရတာ… ပြီးတော့ ချစ်တဲ့သူအနားနေရတာ… အဲဒါ ပင်ပန်းမယ် ထင်လား… ဘာမှမပင်ပန်းပါဘူး… ခင်ဖုန်းဟာ ဆေးသောက်ပြီး နားနားနေနေ အိပ်တော့… ကိုယ်အနားမှာ ထိုင်ပြီး ခင်ဖုန်း အိပ်နေတဲ့ မျက်နှာလေး ကြည့်ပါရစေ…”

“ လက်ထပ်တော့မယ်ဆို အုန်းအုန်းတို့ကို ဖိတ်ချင်တယ်… ဒါပေမယ့် သူတို့လာနိုင်ကြပါ့မလား… မမြင့်နဲ့ မကျော့က ကလေးတွေနဲ့လေ…”

“ ဒါဆို ဒီလိုလုပ်ကြမယ်… ကိုအောင် သဘောတူတာနဲ့ ကိုယ်တို့ လက်ထပ်မယ်… ခင်ဖုန်း ပြောသလို မင်္ဂလာဆွမ်း ကျွေးမယ်ဆို… ခင်ဖုန်း ပြောသလို မင်္ဂလာဆွမ်းကျွေးမယ်ဆို… ဖိတ်စာတော့ ရိုက်လိုက်တာပေါ့… အုန်းအုန်းတို့ဆီ ဖိတ်စာပို့ရင်း ကိုယ်တို့ သုံးယောက် သွားလည်ကြမယ်… ဒါမှ မမြင့်တို့ မကျော့တို့လည်း သားကိုတွေ့ဖူးမှာ…”

“ ကျေးဇူးတင်ပါတယ် ကိုဝင်းမွန် ”

ခင်ဖုန်း ဖြစ်ချင်တာတွေ ဂရုစိုက်ပေးလို့ တကယ် ကျေးဇူးတင်တာပါ… အဲလိုမျိုး ဖိတ်စာသွားပို့ရင် မမြင့်တို့ ဘယ်လောက် ပျော်ရွှင်လိုက်ကြလေမလဲ…။



ခင်ဖုန်းရွေးတဲ့ လမ်းကလေးကို မှန်ကန်တယ်လို့ စိတ်မှာ အေးချမ်းကြည်နူးရတာပါလား…။

◆

www.burmeseclassic.com

www.burmeseclassic.com

**အစ်**ကိုအောင် ပြန်ရောက်လာပြီမို့ ခင်ဖုန်း ရွာကြီးကို သွားပါတယ်။ ကိုဝင်းမွန်က လိုက်မပို့နိုင်တာ တောင်ညိုမြို့ဘက် အလုပ်ကိစ္စနဲ့ သွားနေလို့ပါ...။ အပြန်လာကြိုနိုင်ရင်တော့ လာကြိုမယ်တဲ့လေ...။ ရွာကြီးရောက်တော့ တစ်ညပဲ အိပ်ပြီး ပြန်မှာမို့ ညနေဘက် ထမင်းစားသောက်ပြီး မောင်နှမနှစ်ယောက် စကားပြောကြရတယ်...။

" ကိုဝင်းမွန်က ခင်ပွန်းကောင်းတစ်ယောက် ဖြစ်ထိုက်တာမို့ ခင်ဖုန်း လက်ထပ်တော့မယ်..."

ခင်ဖုန်း အိမ်ထောင်ပြုလိမ့်မယ် ထင်မထားတော့ အစ်ကိုအောင် အရမ်းအံ့သြသွားတာပေါ့...။ နောက်တော့ ကိုဝင်းမွန် အကြောင်းလည်း ရောက်ရော... မမဝင်းက ပြောလာပါလေရော...။

" မဖြစ်နိုင်တာ... ကိုယ်ကအပျိုလေး.. ကလေးတစ်ယောက် အဖေ မှဆိုးဖိုနဲ့များ... မဖြစ်ဘူး ခင်ဖုန်း မဖြစ်ဘူး.. မောင်ဦးလေးက လူပျို... ငွေကြေးလည်း ရှိတယ်... အဲဒီလူက မန်နေဂျာဆိုတဲ့ ဂုဏ်လေးပဲ ရှိတာ... မငြိမ်ဘူး မစဉ်းစားပါနဲ့... မမဝင်းတို့ သဘောမတူဘူးနော်... ကိုအောင် သဘောမတူ



ဘူးနော် "

မမဝင်းကတော့ သူ့မောင် ကိုသောင်းလွင်ဦးနဲ့ သိပ်သဘောကျနေလေတော့ ခါးခါးသီးသီးကို ပြောတာ...။ ပြီးတော့မှ အစ်ကို့ကိုပါ အကူအညီတောင်းပြီး... အတင်း သဘောမတူပါဘူး ဖြစ်တော့တာ...။

အစ်ကိုကတော့ မမဝင်းလောက် ဝရုန်းသုန်းကား မလုပ်ပါဘူး။ ဒါပေမယ့် ချင့်ချင့်ချိန်ချိန်တော့ တွေးနေပုံပါပဲ။

" ကလေးတစ်ယောက် အဖေလို့ဆိုတဲ့ အားနည်းချက်နဲ့ သဘောမကျ မဖြစ်ပါနဲ့ အစ်ကို... ခင်ဖုန်း အမိကက ကလေးကို ချစ်လို့ ကိုဝင်းမွန်ကလည်း ယောကျ်ားဆန်ပြီး ရိုးသားဖြူစင်လို့ လက်ခံလိုက်တာပါ... အမှန်ကန်ဆုံး ပြောရရင် ခင်ဖုန်း ဘဝအတွက် လင်းမင်းရှိဖို့ လိုလို့ပါ..."

အမိက အကြောင်းကို ဖွင့်ပြောပြလိုက်ပါတယ်...။ မမဝင်း ပြောပုံအရဆို... ကလေးတစ်ယောက် အဖေဆိုတာပဲ ထပ်တလဲ ပြောနေတာကိုး။ အဲဒီ ကလေးကသာ အမိကဆိုတာ မသိကြဘူး...။

" ခင်ဖုန်း ဘဝတစ်သက် အိမ်ထောင်မပြုတော့ပါဘူးလို့ ဆုံးဖြတ်ခဲ့တာ မင်းမင်း ဆုံးသွားလို့ပါ..."

မင်းမင်းနဲ့ ချစ်ခဲ့တာရယ်... မင်းမင်း ဆုံးသွားတာရယ်... အိပ်မက်ထဲမှာ မင်းမင်း ရောက်လာတာတွေရယ်လို့ ဖွင့်ပြောပြလိုက်ပါတယ်။

" အစ်ကို... သဘောတူပါ... ခင်ဖုန်း လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှာ... အစ်ကိုကတော့ မိဘနေရာမှာမို့ ခင်ဖုန်း ပြောပြခွင့် တောင်းနေတာပါ... ခင်ဖုန်းစိတ်အလိုအရဆို လင်းမင်းနဲ့ တစ်ရက်ကလေး ခွဲမနေချင်တာ "

" အံ့ပါရဲ့ဟယ်... အရင်ဘဝက၊ အရင်ဘဝ... အခုဘဝက အခုဘဝပါ... ဒီလောက် ကလေးပေါက်စနလေးဟာ အရင်ဘဝက ချစ်သူဖြစ်ခဲ့တော့ရော ဘာလုပ်မလဲ... အဲဒီကလေးကြောင့် သူ့အဖေကို မကြိုက်ပဲ ယူစရာလား "

" မမဝင်း... ကိုဝင်းမွန်က ခင်ပွန်းကောင်း တစ်ယောက် ဖြစ်နိုင်ပါတယ်... ခင်ဖုန်း ပြောပြီးပြီပဲ... လင်းမင်းရှိမှ ဖြစ်မယ်လို့..."

အစ်ကိုအောင်ကတော့ နားထောင်ပြီး ဆူဆူပူပူ ဖြစ်နေတဲ့ မိန်းမလိုလည်း မဟုတ်...။ ဖြစ်သင့် မဖြစ်သင့်ချိန်ဆနေပုံပါ...။ ခင်ဖုန်းရင်ထဲတော့ ပြောနေမိပါပြီ။ အစ်ကို သဘောမကျလည်း ခင်ဖုန်း လက်ထပ်မှာပါလို့လေ...။

" လူတွေဆိုတာ ကိုယ်ရွေးချယ်တဲ့လမ်း ကိုယ်လျှောက်ကြရတာ... ဒီလမ်းကို ခင်ဖုန်းရွေးပြီး အစ်ကိုကဘေးလူအနေနဲ့ ကြည့်နေရုံပဲ... ပျော်စရာ ကြေကွဲစရာ ကြုံသမျှ ခင်ဖုန်းကပဲ ခံစားရမှာလေ... ခင်ဖုန်း ရွေးတဲ့လမ်းကို ယုံကြည်တယ်... ပျော်ရွှင်မယ် အေးချမ်းမယ်လို့ ယုံရင် သဘောပါ "

" မဟုတ်တာ ကိုအောင် "

" ဝင်း.. မင်းဝင်မပါနဲ့လေ... သူရွေးတဲ့လမ်း မင်းလျှောက်ပေးရမှာ မဟုတ်ဘူး..."



" ဒါပေမယ့် ဘေးကတော့ မောရတာပဲ ".

" ဘာဖြစ်ဖြစ် သူ့လမ်းသူ သူ့ယုံကြည်ချက်နဲ့ လျှောက်ပါစေ... ခင်ဖုန်း စိတ်ချမ်းသာရင် သဘောပဲ... ဘယ်လိုလက်ထပ်မှာလဲ"

ကျေးဇူးတင်ပါတယ် အစ်ကို...။

ခင်ဖုန်း ရွေးတဲ့လမ်း ဟုတ်ပါတယ်...။ ခင်ဖုန်း လျှောက်ရတာ စိတ်ချမ်းသာမယ် ယုံကြည်ပါတယ်...။ လင်းမင်း ရှိနေတဲ့ နေရာမှာ ခင်ဖုန်း ဘဝရှိနေမှာ... ဘယ်လိုဖြစ်ဖြစ် ပျော်ရွှင်ရပါလိမ့်မယ်...။

" အစ်ကို သဘောတူပြီဆို မနက်ဖြန် စီစဉ်ပြီး တနင်္လာနေ့ ရုံးတက်လက်မှတ်ထိုးပါမယ်... နှစ်ပတ်လောက် နာပြီးဖြစ်ဖြစ် ဆယ်ရက်လောက် ဖြစ်ဖြစ် ဘုန်းဘုန်းနဲ့ တိုင်ပင်ပြီး ဆွမ်းကျွေးမှာပါ... ဖိတ်စာရိုက်ပြီး အစ်ကို့ကို လာပို့ရင်း ခင်ဖုန်းတို့ လာကန်တော့ပါမယ် "

" အေး... ယုံကြည်ရင် လျှောက်ပေတော့..."

စိတ်အေးချမ်း သာယာသွားသလို ခံစားရပါတယ်...။ လက်ထပ်ပြီးတာနဲ့ ကိုဝင်းမွန်အိမ်မှာ လိုက်နေမှာမို့... ခြံထဲက အိမ်ကို အရင်ကလိုပဲ ဒေါ်ကြီးဖြိုးတို့က ကြည့်ပေးပါလိမ့်မယ်တဲ့လေ...။

" ဖိတ်စာပို့ရင်း မြို့ကို ခင်ဖုန်း သွားမလို့ အစ်ကို... ဟိုက ခြံကလည်း မမကျော့တို့ ကြည့်ပေးမယ် ဆိုပေမယ့် သွားကြည့်ချင်သေးတယ်... မမမြင့်တို့ အုပ်စုကိုလည်း

www.burmeseclassic.com



ဖိတ်စာပေးရင်း နှုတ်ဆက်ချင်လို့ပါ... ကိုဝင်းမွန်က လိုက်ပို့မှာပါ... ရုံးတက်လက်မှတ် ထိုးပြီးပြီဆိုတော့ သူတို့သားအဖနဲ့ ခင်ဖုန်း လိုက်သွားလို့လည်း ဖြစ်ပြီလေ "

" ကောင်းသားပဲ... ခြံလည်း ပြန်ကြည့်ဦး... မိတ်ဆွေတွေလည်း နှုတ်ဆက်ပေါ့... ဘကြီးဘုန်းကြီးကိုလည်း လှူစရာလေး လှူရတာပေါ့ကွာ..."

" အဲဒီ့ကျရင် ရွာကြီးတစ်ခေါက် ဝင်လာခဲ့မယ် အစ်ကို..."

" မင်္ဂလာဆွမ်းကျွေးနေ့မှ အစ်ကိုတို့ လင်မယားလာခဲ့မယ်..."

အစ်ကို ကိုယ်တိုင်က ခုလောက်ပြောနေပြီဆိုတော့ မမဝင်းက မကျေနပ်ဦးတော့ မပြောတော့ဘူးပေါ့လေ...။ ခင်ဖုန်းကတော့ ဆုံးဖြတ်ချက် ပိုင်ပိုင်ချခဲ့ပြီးပြီပဲ မဟုတ်လား...။

◆

ဒီနေ့ ကိုဝင်းမွန်နဲ့ ခင်ဖုန်း ရုံးမှာ လက်မှတ်ထိုး လက်ထပ်ခဲ့ပါပြီ။ ခင်ဖုန်း ခွင့်ယူထားတဲ့ ဒီသုံးရက်မှာ ကြီးကြီးက ရွာကြီးမှာ ရှိတဲ့ သမီးဆီ ခဏပြန်ချင်လို့ဆိုတော့ ဒီအိမ်ကလေးမှာ... လင်းမင်းအတွက် ခင်ဖုန်း ရှိနေမှ ရတော့မှာလေ...။

" ပုံနှိပ်တိုက်က ကိုဝေလွင်က တပည့်လေး အစ်ကိုပဲဟာ... ဖိတ်စာက ချက်ချင်း ရပြီပဲ... ခင်ဖုန်းတို့ မြို့ကို ဘယ်နေ့သွားချင်လဲ... တစ်ညအိပ်လောက်ပဲ နေကြမှာဆို... ကိုယ်ဒီက အလုပ်တွေ အတွက် စီစဉ်ထားခဲ့ရမှာ..."

" ကိုဝင်းမွန် အဆင်ပြေတဲ့နေ့ပေါ့... ဖိတ်စာရပြီဆို သွားလို့ရပြီပဲဟာ..."

ကိုဝင်းမွန် နေတဲ့အိမ်ကလေးဆီ ခင်ဖုန်း ပြောင်းဖို့ ပြင်ဆင်ရတာ ဘာများရှိလို့လဲ...။ အဝတ်အစား အသုံးအဆောင် အနည်းငယ်ယူပြီး ပြောင်းရွှေ့သွားရုံပါ...။ ခင်ဖုန်းအတွက်တော့ လင်မင်းကို စိတ်ကြိုက် ချီထားခွင့်ရတာဟာ ပျော်ရွှင်စရာ အကောင်းဆုံး အချိန်တွေပါပဲ...။

လင်းမင်းကလည်း ချီလိုက်ရင်ကို ဖက်ထားတော့တာ...။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖုန်းကလည်း ချစ်ခင်လွန်းစွာ ပါးမို့မို့လေးကို နမ်းရှိုက်မိပြ…။

" သိပ်ချစ်တာပဲလား "

" ဟင် "

" မင်းထွန်းကို အဲဒီလောက်ထိ ချစ်တယ်… ခင်ဖုန်းရဲ့ အချစ်ကလည်း ထူးဆန်းနက်ရှိုင်းပါတယ်… မင်းထွန်းကလည်း သေတဲ့ အချိန်ထိ ခင်ဖုန်းကို သတိရသွားလို့သာ… အိပ်မက်တွေထဲ အရောက်လာခဲ့တာ နေမှာ… အရင်ကတော့ မင်းထွန်း နေချင်တယ် ဆိုတာနဲ့ အိမ်ထောင်ပြုခဲ့ရတာ… တစ်ခါတစ်ရံ လင်းနဲ့ စကားပြော အဆင်မပြေတဲ့အခါတွေ… မင်းထွန်းကြောင့် မိန်းမယူရတယ်လို့ အပြစ်ပြောမိသေးတာ… ခုတော့ ကျေးဇူးရှင်မှ အစစ်ပါပဲ…"

ကိုဝင်းမွန်နဲ့လည်း မင်းမင်းအကြောင်း ပြောရတာ… စိတ်ခံစားမှုတွေ ဖြေသိမ့်ရာ ရပါတယ်…။ ခင်ဖုန်းရွေးတဲ့လမ်းက စိတ်ချမ်းသာရမှာပါ…။ အစ်ကိုနဲ့ မမဝင်းတို့ကို ပြောပြတဲ့ အကြောင်းတွေလည်း ကိုဝင်းမွန်နဲ့ ပြောမိကြတာပေါ့။

" စိတ်ချပါ ခင်ဖုန်းရယ်… ခင်ဖုန်းရွေးတဲ့လမ်းဟာ အကောင်းဆုံး အပျော်ဆုံး စိတ်အချမ်းသာဆုံး ဖြစ်စေရပါမယ်… ကိုယ့်ကို ယုံကြည်ပေးတဲ့အတွက် ခင်ဖုန်း ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး…"

" ယုံကြည်လို့ လက်ထပ်ခဲ့တာပေါ့… ကိုဝင်းမွန် "

ဝရန်တာလေးက ကြည့်ရင် တောင်းတန်းကြီးဟာ ဟိုးအဝေးမှာ အပြာရင့်ရောင် ညိုမှိုင်းနေလို့များ အဲဒီဘက်တွေကို



တောင်ညိုမှိုင်းလို့များ ခေါ်လေသလား…။

" စေတီဖြူဖြူလေးက အဝေးကြည့်လေ ပိုဖြူလာလေလိုပါပဲ… ကြည့်ရတာ လွမ်းစရာလေး…"

" ဘယ်သူ့ကိုလွမ်းလဲ "

" အရင်ကတော့ မင်းမင်းကို လွမ်းတယ်… နောက်ကျတော့ လင်းမင်းလေးနဲ့ မတွေ့ရရင် လွမ်းတယ်…"

" ဝင်းမွန်ဆိုတဲ့ နာမည်တစ်ခွန်းတောင် မပါပါလား"

" လွမ်းရမလား… အတူရှိနေတာကို…"

" အလုပ်နဲ့ သုံးလေးရက် ညအိပ်ထွက်ရရင်ကော…"

" အဲဒီကျမှ လွမ်းပေးမယ် "

" အပြောကောင်းလိုက်တာ…"

မိုးမရှိတော့သလောက် ဆိုပေမယ့်… ဒီမှာက တစ်ခါတစ်ခါ မိုးဟာ မမျှော်လင့်ပဲ ရောက်ချင် ရောက်လာတတ်ပါတယ်။ ခုပဲကြည့် နေရောင်ရှိနေရာက ချက်ချင်း မိုးအုံ့လာပြန်ပါရော…။

" အရှေက မြက်ခင်းလေးက လှလိုက်တာ… သဘာဝ အတိုင်းပေမယ့် သိပ်လည်း ရိုင်းမလာဘူး…"

" အားရင် ဝန်ထမ်းတွေ ဘောလုံးကန်တာကိုး…"

" ကျောင်းတုန်းက ခင်ဖုန်းအတန်းရှေ့ ဘောလုံးကွင်းမှာ ကစားခဲ့တာဆို…"

" ဒါပေါ့… မင်းထွန်းက ပိုတော်တာပါ… ကိုယ်က ဘောလုံးကစားတာထက် ပန်းချီပိုဆွဲချင်တာ… တစ်ခါတုန်းက

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တောင်ညိမြိုင်းဘက် ပန်းချီထွက်ဆွဲသေးတယ်... မြွေတက်နင်းမိတာ... အဆိပ်မရှိမို့ မသေတာ... ငယ်တုန်းက ရပျော်ရွှင်မှုတွေကတော့ တွေးရင် ပျော်နေမိတုန်းပါပဲ..."

နှစ်ယောက်တည်း ထိုင်စကားပြောနေမိတာ... နောက်ဆို ခင်ဖုန်းက ဒီအိမ်ရဲ့ အိမ်ရှင်မလေ...။ ဒီအိမ်လေး သာယာချမ်းမြေ့ ပျော်ရွှင်ရလေအောင် ကိုဝင်းမွန်က တထမ်းထမ်းရင် ခင်ဖုန်း တစ်ရွက်ရွက်ရတော့မှာ...။

" မြို့သွားရင်... အုန်းတို့ အုပ်စု ဘယ်လောက် အုံ့ဩမလဲ... မမမြင့်တို့များ ဖိုးခွား ခေါ်ပြီး လာချင်နေတယ်လို့ စာတောင်ရေးသေးတာ..."

" ရုတ်တရက် ဖိတ်စာလာပို့ရင်း ကိုယ်တို့သားအဖကို တွေ့ရင် ပိုအံ့ဩဦးမှာ..."

ရင်ခွင်ထဲ အိပ်ပျော်နေတဲ့ လင်းမင်းကို ကြည့်ရင်းက... ဘယ်တော့မှ မခွဲခွာတော့ဘူးလို့ တွေးနေမိပါပြီ...။ အရိပ်ကောင်းမှာ နေရတာမို့ လင်းမင်းဘဝလေး ပျော်ရွှင်ပြည့်စုံ စေရပါမယ်...။

◆

မြို့ကိုရောက်တော့ ကိုဝင်းမွန်တို့ ဌာနက အဆောင်လေးမှာတည်း လိုက်ပါတယ်...။ ခြံမှာက မမကျော့တို့ မိသားစု နေနေတာ မဟုတ်လား။ ဘယ်အိမ်အရင် သွားမလဲတဲ့...။ တစ်ညအိပ်ရုံပဲ ဆိုတော့ မြို့ကို နေလည်ရောက် ထမင်းစားသောက် အမောဖြေပြီးတာနဲ့ ပထမဆုံး ဘုန်းဘုန်းကျောင်း သွားပြီး လှူစရာ ပါလာတာ လှူရတယ်...။ ပြီးမှ အနီးဆုံးက မမမြင့်အိမ်လေ...။

" ပိတ်ရက်ဆိုတော့ အိမ်မှာ ရှိကြမှာပါ..."

မမမြင့်တို့ အိမ်လေးကို အမြင်မှာ မင်းမင်းနဲ့ အတူလာ ဖူးတော့ မမေ့ပါဘူး။ ဖိုးခွားလေး မွေးလို့ သတင်းမေးရင်းလေ...။

မမမြင့်... မမမြင့်လို့ အော်ခေါ်တော့... ပြေးထွက် လာတာ ဖိုးခွားလေးပါလား...။

" မေမေရှိလား... သား..."

" ဟုတ်ကဲ့..."

အိမ်ပေါ်ရောက်တော့ မမမြင့်ကလည်း တွေ့ရော... ဟယ် ခင်ဖုန်း ဟယ် ခင်ဖုန်းနဲ့ တအံ့တဩကြီးပေါ့...။

" မမမြင့်... ဒီမှာ လင်းမင်းလေ..."

www.burmeseclassic.com

www.burmeseclassic.com



ချိထားတဲ့ လင်းမင်းလေးကို ပြလိုက်တော့… ဟယ်… မောင်မင်းလေး ရုပ်အတိုင်းပါလား။ လာပါဦး… မမမြင့်ဆီ လာပါဦးဆို ချီပါလေရော… မာလာတို့ ပပတို့ ချီခေါ်ရင်တောင် လိုက်ခဲ့တာ မဟုတ်တဲ့ လင်းမင်းလေးဟာ မမမြင့် လက်ထဲ ပါသွားပါလေရော…။ မမမြင့်က တရှုံ့ရှုံ့နမ်းရင်း ငါလွမ်းလိုက်ရတာဟယ် ဆိုတဲ့ အချိန်… အားလုံးက မတိုင်ဖြစ်ကြသေး။

" ထိုင်ဦးမှပေါ့…"

" မမမြင့်… ခင်ဖုန်း လက်ထပ်ပြီးပြီ… မင်္ဂလာဆွမ်းကျွေး ဖိတ်စာလာပို့တာ… ကိုဝင်းမွန်က လင်းမင်း အဖေလေ "

" ကိုဝင်းမွန်… ဝင်းမွန်ဆိုတဲ့ နာမည်တစ်ခုကို ခင်ဖုန်း လိုက်ရှာတုန်းက မမြင့်တို့လည်း ရှာလိုက်ရတာ… ဟိုဘက်မြို့က ဆရာဝန် ကိုဝင်းမွန်ရှိတယ်ဆို သွားကြည့်ကြတော့ အသက်ခြောက်ဆယ်လောက် ရှိနေပြီ…"

ဟိုတုန်းက ကိုဝင်းမွန် နာမည်တစ်ခုနဲ့ အလုပ်ရှုပ်ခံခဲ့ကြတာတွေ ပြန်ပြောမိကြတယ်…။

" ထမင်းစားရမယ် "

" မစားဘူး မမမြင့်… ကိုဝင်းမွန် သူငယ်ချင်းက ကျွေးမှာ… ဒီတစ်ညမဲ အိပ်ပြီး ပြန်မှာလေ… သန်ဘက်ခါ ဆွမ်းကျွေးဖိတ်စာလာပို့တာ… အစ်ကိုကြီးရော "

" ထုံးစံအတိုင်း ခရီးထွက်ရတယ်… အကြီး နှစ်ကောင်ကလည်း အဖိုးအဖွားဆီ ပို့ထားတော့ ငါနဲ့ ဖိုးခွားပဲ



ရှိတာ… ဒီည ဒီမှာ လာအိပ်ဟဲ့… ကျော့ကျော့နဲ့ အုန်းအုန်းရော တွေ့ပြီးပြီလား "

" မရောက်သေးဘူး… အုန်းအုန်းကျောင်းက အပြန် မမမြင့် အိမ်က အနီးဆုံးမို့…"

မမမြင့် လက်ထဲက လင်းမင်းဟာ ခင်ဖုန်းကိုပဲ ပြန်လက်ကမ်း တာပါပဲ…။ ကိုဝင်းမွန်က တော်ပြီ ခင်ဖုန်းချီတာ များပြီဆို အတင်းလုချီတော့ အော်ငိုတယ်လေ…။ အဲဒီ ငိုသံလေးမှု မခံစားနိုင်တဲ့သူပါ…။ လင်းမင်းက ခင်ဖုန်း ပြန်ခေါ်မှ အငိုတိတ်တယ်…

" ကျွန်တော် မိန်းမယူတာ တော်တယ် မဟုတ်လား မြင့်… ကလေးကို ကျွန်တော် ထိန်းစရာကို မလိုတော့တာ"

" ဟုတ်ပါရဲ့… ခင်ဖုန်း စွဲလည်း စွဲလောက်တယ်…"

မမကျော့အိမ်သွားမယ်ဆို မမမြင့်ကပါ လိုက်ပေးမယ်တဲ့… ပြီးရင် အုန်းအုန်း အိမ်သွားကြမယ်…။ တစ်နေရာပြီး တစ်နေရာသွားလိုက်မယ်လေ…။ မမမြင့်ကတော့ တစ်ည အိပ်လေး နည်းလိုက်တာ… နှစ်ညလောက် အိပ်ပါလားတဲ့…။

" အခုမှ အိမ်လေးကို မိသားစု သုံးယောက်အတွက် ပြင်ချင်ဆင်ချင် သေးလို့ပါ မြင့်… နောက်လာလည်ဦးမှာပေါ့… ကျွန်တော့် အလုပ်က တစ်ခါတလေ ဒီဘက်လာရ တတ်ပါတယ်… ခင်ဖုန်းတို့ သားအမိပါ ခေါ်လာပေးပါမယ်…"

မမကျော့တို့အိမ်ဆိုတာ ခင်ဖုန်းတို့ ခြံပဲလေ…။ ကြီးမားသန်စွမ်းပြီး စိမ်းစိုနေတဲ့ ရွယ်တော်ပင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်မိပါပြီ။ ကိုဝင်းမွန်က မမမြင့်ကို ဒီပန်းပင်လေးတွေ စိုက်ရင်း ခင်ဖုန်း ငိုတုန်းက သူစမြင်ဖူးတာပါဆို ပြောပြနေပါတယ်။

" မမကျော့ "

" ဟယ်..."

မမကျော့တို့မျာ အံ့သြပြီး ဝမ်းသာတာ ငိုရတယ်လို့...။ ဘယ်လိုဖြစ်ရတာလဲ... ခင်ဖုန်း လာလည်တာ ငိုစရာလားလို့ ပြောတော့... ငါအသက်ကြီးလာလို့ ထင်တယ်... ဝမ်းနည်းတတ်နေတယ်ဟယ်တဲ့...။

" ဖြူဖွေးလေး... အန်တီအုန်း သွားခေါ်ချေ..."

အုန်းအုန်း အိမ်မသွားတော့ပါပဲ... မမကျော့ သမီးဖြူဖွေးကို အခေါ်လွှတ်လိုက်ပါပြီ။ မမကျော့က လင်းမင်းကို ချီတော့လည်း လိုက်သွားပါတယ်...။

" ခင်ဖုန်း... သားတော်မောင်က သူ့မိတ်ဆွေတွေနောက်တော့ လိုက်သွားလား... ကျွန်တော့် ဆွေမျိုးတွေခေါ်ရင်တောင် မလိုက်ဘူး... ခင်ဖုန်း သူငယ်ချင်း ဆရာမမာလာခေါ်တော့လည်း မလိုက်ဘူး..."

" မမမြင့် ခေါ်တော့လည်း လိုက်တယ်... အုန်းအုန်းနဲ့ တွေ့တော့လည်း လိုက်မှာပါပဲ..."

အိမ်ကလေး ပြန်မြင်ရတော့လည်း... ဒီအိမ်လေးမှာ ယ်ဘဝနေခဲ့ရတာလေးတွေ ပြန်အမှတ်ရပါတယ်။

" မမမြင့်တို့က မင်းမင်းဆုံးပြီလို့ ပြောမယ့်နေ့ကလေ



ခင်ဖုန်း ဒီလှေကားပေါ်က ချော်ကျတယ်..."

" ဟုတ်လား..."

" အုန်းအုန်းကတော့ ဖြူဖွေးလေးနဲ့ ပြန်လိုက်လာပါတယ်။ လင်းမင်းကို မမကျော့ ချီထားတာလည်း မြင်ရော... ကြည့်စမ်း မြို့သာမှာ ငါနဲ့တွေ့တုန်းက ငါချီတော့ မလိုက်ဘူးတဲ့လေ...။ အခု ချီပါရစေဆိုတော့ လိုက်သွားတယ်...။

ဖိတ်စာလည်း မြင်ရော...။

" ငါပြောသားပဲ " တဲ့...။

" ဆရာမအုန်းက ဘာပြောတာလဲ " လို့ ကိုဝင်းမွန်က ပြောတယ်လေ...။ ဘယ်သိမလဲဆိုတော့...။

" ကျွန်မက ဘာပြောခဲ့လဲဆိုတော့ လင်းမင်းကို တစ်သက်လုံး ချစ်ချင်ရင် ကိုဝင်းမွန်ကို တစ်သက်လုံး ချစ်လိုက်ပြောခဲ့တာပေါ့ "

" ဟုတ်လား... ဆရာမအုန်းတို့က ကျွန်တော့်ဘက်ကပြောပေးထားတာကိုး... ကျေးဇူးအများကြီးတင်ပါတယ်ဗျာ... ဆရာမအုန်းတို့ သူငယ်ချင်းက... အမှန်လည်းပဲ လင်းမင်းနဲ့ အတူနေချင်လို့ ကျွန်တော့်ကို လက်ခံလိုက်တာပါ... ကျွန်တော့်ကို မချစ်ဘူး ပြောပြီးပါပြီ "

" လက်ထပ်ပြီးတော့ ချစ်လာမှာပါ... ခင်ဖုန်းက ချစ်တတ်လွန်းတဲ့ သူပါ... ကိုဝင်းမွန်ရဲ့..."

မမကျော့တို့ အိမ်မှာပဲ အားလုံးစု စကားပြောနေမိကြတာ...။ သူတို့တွေကိုလည်း လာစေချင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မိသားစု ကိစ္စတွေ ရှိနေလို့ မလာနိုင်လည်း ခွင့်လွှတ်ကျေနပ်ပါတယ်… အခုတွေ့ရတာ ဝမ်းသာလှပါပြီလို့ ခင်ဖုန်းပြောမိတယ်။

" ငါတို့ သုံးယောက်လုံး မလာနိုင်တောင် အဆင်ပြေတဲ့သူ လာမယ်… ဟုတ်ပြီလား ခင်ဖုန်း… ဝမ်းသာတယ်ဟာ… နင့်ဘဝလေး ခုလို အေးချမ်းပျော်ရွှင်တဲ့ ခင်ပွန်းနဲ့ သားလေးကိုလည်း သိပ်ချစ်နဲ့…"

လင်းမင်းက ခင်ဖုန်းဆီပဲ ချက်ချင်းလို ပြန်လိုက်လာပြန်တာပါ…။ မမမြင့်ကတော့ အခုထိ ချစ်မဝပါလားလို့ ပြောတယ်လေ…။ ခင်ဖုန်းကတော့ လင်းမင်း ချစ်မဝတာပဲ ကြည်နူးကျေနပ်နေတဲ့သူပါ…။

သွယ်မာတောင် သမီးလေးရနေပြီ…။ ဘယ်သူက ဘာဖြစ်တယ် ဘယ်သူက ဘာဖြစ်တယ်နဲ့ အစုံအလင်တော့ ပြောပြတာပေါ့လေ…။ တွေ့ရတုန်း ချစ်ချစ်ခင်ခင် နေကြ… ရှင်ကွဲ ကွဲလိုက်… သေကွဲကွဲလိုက်နဲ့ ချစ်ကြတာ အကောင်ဆုံးပဲလို့ မမမြင့်ကတော့ လေသံအေးလေးနဲ့ ပြောပါတယ်။

ခင်ဖုန်းတို့ မင်္ဂလာဆွမ်းကျွေးတဲ့ နေ့မှာတော့… မမမြင့်နဲ့ အုန်းအုန်းတို့ပဲ သားတစ်ယောက်စီ လက်ဆွဲရောက်လာခဲ့ပါတယ်…။ မမကျော့ကတော့ သူ့ယောကျ်ားဖျားနေတာရယ်… ဖြူဖွေးလိမ့်ကျလို့ ခြေထောက်ကျိုးတာရယ်နဲ့ ကျန်နေရစ်ခဲ့ပါတယ်…။

" ညိုညိုရယ် မတွေ့ရတာ ကြာပြီဟယ် "

မမမြင့်နဲ့ မင်းမင်း အစ်မကြီး ညိုညိုတို့က သူငယ်ချင်းတွေဆိုတော့ စကားတွေ ပြောမကုန်ကြ…။ မမညို အတင်းခေါ်တာမို့…။ မမမြင့်နဲ့ အုန်းအုန်းက မင်းမင်းတို့အိမ်တစ်ညလိုက် တည်းကြမယ်တဲ့လေ…။

မမစိုးကတော့ လိုက်ဧည့်ခံပေးပါတယ်…

ကိုဝင်းမွန် မိတ်ဆွေတွေကလည်း ဒီမြို့နဲ့ ရွာကြီးကပဲ…။ ခင်ဖုန်း မိတ်ဆွေဆိုတာလည်း ကျောင်းကပဲဆိုတော့… မမစိုးမြို့ခံပဲလေ…။ အကုန်ခင်နေတာ…။

" ခင်ဖုန်းက လက်ထပ်ပြီး အလုပ်ဆက်လုပ်မှာမဟုတ်လား "

" လုပ်မှာပေါ့ မာလာရယ်… အိမ်မှာ ကြီးကြီးနေပေးမှာပဲဟာ… လင်းမင်းအတွက် အရင်အတိုင်း ကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ... ရွာကြီးမှာနေတဲ့ ကြီးကြီးရဲ့ သမီး လင်မယားက အခု မြို့သာလာနေချင်တယ်ဆိုလို့ အစ်ကိုက... ခင်ဖုန်းနေတဲ့ အိမ်ကလေးမှာ နေပါလို့ ထားပေးလိုက်တယ်... ကြီးကြီးက ခင်ဖုန်း ကျောင်းသွားကာနီး လာပြီး ကျောင်းအပြန်လာမှ သမီးအိမ် ပြန်မှာပေါ့"

" ကောင်းတာပေါ့ကွယ်..."

ကိုဝင်းမွန်ကတော့ ခင်ဖုန်း သိပ်လှတာပဲလို့ လူတွေ အလစ် ပြောနေတာ... အမှန်ဆို အဲဒီ သိပ်လှတာတွေလည်း ခင်ဖုန်း အလှမပြင်ပဲ နေခဲ့တာ ကြာပြီလေ...။ လင်းမင်းကတော့ ခင်ဖုန်းဖို့ အနားမလာနဲ့ လက်ကမ်းတော့တာ...။ မမစိုးကတော့ ခင်ဖုန်းကလေးပဲ သွားချီနေတာကို ကြည့်ပြီး... သဘောကျ သတဲ့...။

ခင်ဖုန်းဆီကနေ ဘယ်သူ့ခေါ်မှ မလိုက်ချင်တဲ့ လင်းမင်းဟာ မမညိုခေါ်ရင်တောင် လိုက်သွားတတ်ပါတယ်...။

" ခင်ဖုန်းဆင့်တို့ ဇာတ်လမ်းကလည်းလေ... ကြားရတာ ဝတ္ထုလေးတစ်ပုဒ်လိုပါပဲ..."

" ဝတ္ထုဆိုတာလည်း လူတွေရဲ့ အကြောင်းပဲ မဟုတ်လား... လူတွေရဲ့ အကြောင်းကလည်း ဝတ္ထုဆိုတော့ ဒီလိုပဲပေါ့...'

မိတ်ဆွေတွေ အတော်များများ ပြန်တော့မှ အရင်ဆုံးလူတွေပဲ ကျန်ခဲ့တော့တာ...။ အစ်ကိုအောင်နဲ့ မမဝင်းက ရွာကြီးကားကြုံ ရှိလို့ဆို ချက်ချင်း ပြန်လိုက်သွားပါပြီ...။



" ခင်ဖုန်း..."

" ရှင် "

" ဟန်းနီးမွန်းက သစ်ခွခြံထဲ သွားနေမှာဆို..."

" သုံးလေးရက်တည်းပါ မာလာရယ်..."

" ပျော်စရာကြီးပေါ့... သစ်လုံးအိမ်လေးမှာ သစ်ခွပန်းတွေက ပွင့်... ရေတံခွန်လေးနားမှာ ထိုင်..."

မာလာ့စကားကြောင့် အပျိုကြီး အပျိုလေး အုပ်စုတွေက ကြိတ်ရယ်ကြတာပေါ့...။ ဆရာမတွေ အားလုံးလည်း ပြန်ကုန်ကြပြီးတော့ မမမြင့်တို့ပဲ ရှိတော့တာ...။ မမမြင့်တို့ကလည်း မမစိုးတို့အိမ် လိုက်သွားတော့မှာပါ...။

" အိမ်ခဏပြန် အဝတ်အိတ်တွေ ယူပြီးမှ တောင်ညိုမှိုင်းခြံထဲ သွားကြမယ်လေ... မမမြင့်တို့ အုန်းတို့လည်း လိုက်ခဲ့ဖို့ ကောင်းတာ "

" ဟဲ့... ဘယ်နှယ် သူများတွေ... နှစ်ကိုယ်တည်း ချစ်ရမယ့် အချိန် "

" ဘယ်က နှစ်ကိုယ်တည်း ချစ်ရမယ့်အချိန်ရမှာလဲ မမမြင့်ရယ်... လင်းမင်းကိုပါ ခေါ်သွားမှာပါ "

" ကလေးနဲ့ ကြီးကြီးကို ထားခဲ့ပါလား "

" ဟင့်အင်း... မထားနိုင်ပါဘူး... ခင်ဖုန်းက မခွဲနိုင်တာ ခေါ်သွားမှာပါ... ကြီးကြီးနဲ့ ကလေးပါ ခေါ်သွားမှာ... ဒါကြောင့် မမမြင့်တို့လည်း ရောက်ဖူးအောင် လိုက်ခဲ့ "

" မလိုက်နိုင်တော့ဘူးဟယ်... မနက်ဖြန်မနက်

www.burmeseclassic.com

www.burmeseclassic.com



အစောကြီးကားနဲ့ ပြန်ကြမှာ... နောက် လာလည်ဦးမှာပေါ့ ခင်ဖုန်းရယ်"

နောက်လို့သာ ပြောကြတာပါ...။ တကယ်တော့ တွေ့ကြဆုံကြဖို့ဆိုတာ လွယ်တာလိုက်လို့။ မိသားစုတွေဟာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ တစ်နေ့တစ်နေ့ ရှန်းကန် လှုပ်ရှားနေကြရတာလေ...။ ကိုဝင်းမွန်က မမမြင့်တို့ကို မမစိုးအိမ်အထိ လိုက်ပို့ပေးပါတယ်...။ လင်းမင်းကတော့ အဲဒီအိမ်ရောက်တော့ မမညိုကို ဖက်ထားတာ ခေါ်မရပြန်...။

" ခုမှ အစ်မတွေကို လာချစ်ပြနေတယ်... ချစ်သူကို တွေ့နေရတာများ..."

သံယောဇဉ်ဆိုဘာလည်း ခက်သားလား...။

မင်းမင်းတို့ အဖေကလည်း လင်းမင်းလာတယ်ဆိုတာနဲ့ အခန်းထဲက ထွက်လာပြီ ချီသေးတာ...။ မမညို ကိုယ်ဝေါကနေ အဖေ့နောက် လိုက်သွားတာလည်း အံ့သြစရာပါပဲ...။ ယပ်တောင်လေး တစ်ချောင်း ယူပေးတော့ အဖေ့ကို လင်းမင်းက... ယပ်ခပ်ပေးနေတာ ယပ်တောင်တောင် မနိုင်တ နိုင်နဲ့ပါလား။

ဟိုးတချိန် မင်းမင်းရှိစဉ်က အဖေ့ကိုဆို အမြဲ ယပ်ခပ်ပေးနေတတ်သတဲ့လေ...။

သူတို့ မိသားစုတွေကတော့ လင်းမင်း စကားတွေ ကောင်းကောင်းပြောမယ့် အချိန်ထိ စောင့်နေမိကြသတဲ့လား...။

◆

" ဒီသစ်ခွပွင့်လေးက လှလိုက်တာ... နီနီလေး.. ဒါကျတော့ ခရမ်းနီရောင်လေး... အရမ်းလှတာပါပဲ..."

ဒီတစ်ခေါက် သစ်ခွပွင့်တွေ ဗိုပွင့်နေသလိုပါလား။ စိုးလည်း အတော် ပြတ်နေတာကိုး။ ကြီးကြီးနဲ့ လင်းမင်းကို ထားခဲ့ပြီး နှစ်ယောက်သား လမ်းလျှောက်ကြည့်ကြတယ်လေ...။

" ဘဝဆိုတာ မထင်မှတ်တာတွေလည်း ဖြစ်တတ်တယ်ဆိုတာ ကိုယ်သိပါပြီ... ခုချိန်ထိ ကိုယ်ကြုံခဲ့ရသမျှတွေဟာ အတော်များများက မထင်မှတ်ခဲ့ပါဘူး.. အချစ်မရှိပဲ အိမ်ထောင်မပြုဘူးလို့ မင်းထွန်းနဲ့ နှစ်ယောက် ပြောဖူးတယ်... လင်းကို မချစ်ပါပဲလည်း လက်ထပ်ခဲ့ဖူးပြီ... အခုတစ်ခါ ခင်ဖုန်းကိုကျတော့ ချစ်လို့ လက်ထပ်ခဲ့တာ... တစ်ယောက်တစ်မျိုး... မထင်ခဲ့တာတွေ..."

" ခင်ဖုန်းလည်း ဒီလိုပါပဲ... မင်းမင်းကို ချစ်တယ်... မင်းမင်းကိုပဲ လက်ထပ်ရမယ် ထင်ခဲ့တာ... ဘဝတစ်ခုလုံးဟာ မင်းမင်းအတွက်လို့ ခံစားခဲ့ချိန် ကိုဝင်းမွန်ဆိုတာ ကမ္ဘာလောကကြီးမှာ ရှိပါလားလို့တောင် မသိဘူး..."

ရေတံခွန်နားမှာ ထိုင်နေမိကြပြန်တယ်...။ အရင်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



မာလာတို့ ပပတို့နဲ့ လာခဲ့ရတာလည်း အမှတ်ရတာပေါ့...။ ဟိုးသစ်ပင်ကြီးပေါ်မှာ သစ်ခွ ရိုင်းပင်တစ်ပင် ရှိနေတယ် ထင်ရဲ့...။ ရွှေဝါရောင် သစ်ခွတစ်ခိုင်ကို မြင်ရတယ်...။

အများကြီး မြင့်တဲ့ နေရာမှာပါလား...။

" လင်းမင်းက မမစိုးတို့ အိမ်က လူတွေကိုလည်း ချစ်တယ်နော်... အဖေကို ယပ်ခပ်ပေးနေရတာလေး မြင်ရတာ စိတ်လည်း မကောင်းဘူး..."

" သံသရာအရှည်ကြီးမှာ... ဆွေမျိုးတော်စပ်ခဲ့ကြဖူး သူတွေချည်းလို့ ပြောကြတာကိုး... အခု ဘဝ ခင်ဖုန်းနဲ့ ကိုယ့် ဇနီးမောင်နှံဆိုပေမယ့် နောက်ဘဝကျတော့ ဘာတော်မလဲ ပြောမှ မပြောနိုင်တာ... ဇနီးမောင်နှံဆိုတာ ကုသိုလ် ကောင်းမှုတွေ အတူတူ ပြုမှ အတူယှဉ်တွဲ ကောင်းရာ နေရာရောက်ကြတာတဲ့..."

" မင်းမင်းနဲ့လည်း ချစ်တဲ့သူဘဝကနေ အခုတော့ သားလေးလို့ ခေါ်ရ ချစ်ရတဲ့ အနေအထား ရောက်သွားခဲ့ တာပဲလေ...။ ကိုဝင်းမွန်ကို မမမြင့်သားလေး ဖိုးချွားအကြောင်း ပြောပြရတာပေါ့။ မမမြင့်ကတော့ သူ့သားလေးက မောင်သန်းအေး ဘဝက အကြောင်းတွေ မပြောစေချင်ဘူး...။

" ကလေးကရော ပြောသလား..."

" ပြောတာပေါ့... ကစားတတ်တဲ့ အရွယ်မှာ သူ့အစ်ကိုနဲ့ ကားမောင်းတမ်း ကစားတယ်လေ... သူက စပယ်ယာ လုပ်တော့တာ... ဆွဲ ဆရာရေ ဆွဲလို့ အော်တာ...



မမမြင့်ဆိုတာ သူ့သားနှစ်ယောက်လုံးကို ကစားစရာ ရှာသလားတဲ့ ကစားစရာ ရှားသလားဟဲ့နဲ့... ရိုက်တော့တာ..."

ခင်ဖုန်း ပြောပြတော့ ကိုဝင်းမွန် သဘောကျပြီး ရယ်တော့တာ...။ အုန်းအုန်းကတော့ ဖိုးချွားကို ခပ်လှမ်းလှမ်းကနေ ဟဲ့ မောင်သန်းအေးလို့ လှမ်းခနဲလို့ ခေါ်ကြည့်ရင် ဗျာလို့ ပြန်ထူးတာလေး သဘောကျပြီး ခဏ ခဏ ခေါ်ကြည့်တတ် ပါတယ်...။

" ကိုယ်က ဘယ်ဘဝက လာတယ်လို့ ခင်ဖုန်း ထင်လဲ"

" ဟင်... ကိုဝင်းမွန်ကရော... အဲလိုမျိုး လူဝင်စားဖြစ်ပြီး ကိုယ်ဘဝကိုယ် ပြန်သိပြန်ပြောနိုင်တာမျိုးလား..."

" ကိုယ်က ပြန်သတိမရပါဘူး... ပြန်လည်း မပြောဖြစ်ပါဘူး... ဒါပေမယ့် အမေက ပြောပြောပြဖူးလို့ မှတ်မိနေတာ... အမေတို့ အဖိုးဝင်စားတာတဲ့... ကိုယ့်ကို အမေက ကိုယ်ဝန်ရှိတော့... အဖိုးက မိုးတွေထဲ ထီးလေးနဲ့ လာတယ်... နင်နဲ့ ငါလာနေမယ်တဲ့... အဲလိုပြောတာပဲ သိတာပါ... ဝင်းမွန်ရေ မင်းနဲ့ ငါလာနေမယ်ဆို မင်းထွန်းလာလာ ပြောတော့ အမေ ပြောတာ သတိရတာပေါ့... ဒါနဲ့ မိန်းမယူဖို့ စဉ်းစားတာ"

" အဲဒီအချိန်က ကိုဝင်းမွန်ကသာ အဲလိုသေချာ ရှင်းပြခဲ့ရင်... ခင်ဖုန်းလေ လက်ထပ်ချင်လည်း လက်ထပ်မိမယ်နဲ့ တူပါရဲ့..."

" တကယ်လား... ဟာဗျာ... အဲဒီတုန်းက မမေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



မိလေခြင်း...”

“ ကျွန်တော် ဝင်းမွန်ပါလို့ ပြောလိုက်ရင်ကို ခင်ဖုန်းယုံမိမယ် ထင်တယ်...”

“ မသိမှ မသိတာ... ဖူးစာဆိုတာလည်း အံ့သြစရာပါပဲ ခုချိန်မှ တွေ့ရမယ်ဆို ခုချိန်မှ တွေ့ရတော့တာပါလား...”

မိုးညို့လာသလိုမို့ ပြန်ကြရအောင်ဆို နှစ်ယောက်အတူ ပြန်လျှောက်လာခဲ့ကြပါတယ်။ သာယာပြီး စူးရှတဲ့ ငှက်အော်သံလေးကြောင့် လိုက်ရှာကြည့်တဲ့အခါ သစ်ခွခိုင်ပွင့်နေတဲ့ သစ်ပင်ကြီးပေါ်လာပါလား။

“ ဟိုမှာတွေ့လား... ခင်ဖုန်း ဟိုမှာ... သစ်ကိုင်းပေါ်မှာလေ... ငှက်ကလေးက အဖြူရောင်လေး... တစ်ကောင်တည်း မဟုတ်ဘူး နှစ်ကောင် နှစ်ကောင်...”

ငှက်ဖြူလေး နှစ်ကောင်ကို သစ်ကိုင်းပေါ်မှာ တွေ့ရတဲ့အခါ မင်းမင်း ပို့ပေးခဲ့ဖူးသော ငှက်ကလေး နှစ်ကောင်ကို အမှတ်ရသွားပါတယ်။ အတိတ်ဆိုတာကတော့ မေ့ဖျောက်လို့ ရခဲ့သော ခံစားမှုတွေ ရှိနေဦးမှာပါ...။

အိမ်ကလေးကို မြင်ရချိန် မိုးမှုန်လေးတွေ ကျလာတယ်။ နှစ်ယောက်သား ပြိုင်တူလို့ လက်ချင်းချိတ်လို့ အိမ်ကလေးဆီ ပြေးခဲ့ကြမိပေါ့...။ ဝရန်တာ အမိုးအောက်အရောက်မှ ပိုများလာသော မိုးပေါက်တွေကို ကြည့်ပြီး တော်သေးရဲ့လို့ ပြောမိတယ်...။

◆

အရင်ကတော့ ခင်ဖုန်းတစ်ယောက်တည်း စားဖို့ အလွယ်ပဲ ချက်စားနေခဲ့တာ...။ အခုကတော့ အိမ်မှာ ကြီးကြီး ကိုဝင်းမွန်နဲ့ ခင်ဖုန်း အပြင် လင်းမင်းစားဖို့ပါ စီစဉ်ရတာဆိုတော့ အဆင်ပြေပြေ ဟင်းပွဲလေးတွေ ဖြစ်ဖို့ ခင်ဖုန်း တွေးတောရပြီလေ...။ ဈေးတန်းကို တစ်ပတ်ပတ်ပြီးတာတောင် ဘာချက်ရမယ် တွေးမရ...။

မတတ်နိုင်...။ လွယ်လွယ်နဲ့ အများစားမယ့် ကြက်သားပဲ ဝယ်လိုက်မှပါ...။ ကျောင်းပိတ်ရက်ဆိုတော့ ခင်ဖုန်းက ဈေးသွားရင်... လင်းမင်းကို ကိုဝင်းမွန်က ကြည့်ပေးထားတာပေါ့လေ...။

“ ဆရာမ...”

ဈေးထဲမှာ တပည့်လေးတွေနဲ့ကလည်း အမြဲလို တွေ့နေတတ်ပါတယ်။ ဒီဈေးလေးက စောစောစည်ပြီး နေမြင့်ရင် ဈေးကွဲသွားပါလေရော... မနက်ပိုင်းတော့ တောင်ညိုမြို့ဘက်က ရွာတွေကလည်း လာရောင်းတဲ့ ဈေးသည်တွေပဲ ရှိတော့ စည်းကားပါတယ်...။

“ အမလေး...”

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဖျတ်ခနဲ လာဆွဲလို့ ကြည့်လိုက်တဲ့ အခါမှာတော့ လူမဟုတ်ပါပဲ မျောက်တစ်ကောင် ဖြစ်နေတာမို့... လန့်ပြီး တုန်သွားတာပါပဲလေ...။ လက်ကို အတင်းဆွဲ ဖြုတ်တော့လည်း မရ...။ ဒါကြောင့် အနားကြည့်မိတော့ ကိုယ်မသိတဲ့ သူစိမ်းတွေ...။

" ဟာ... ဒီမျောက် လုပ်ပြန်ပြီ... ဆရာမ တောင်းပန်ပါတယ်... ဆရာမကို တွေ့ရင်ကို ဘယ်လိုဖြစ်နေတယ် မသိပါဘူး..."

သူတို့က ဒီလိုပြောပေမယ့် ခင်ဖုန်းကတော့ မသိပါဘူး။ မျက်နှာစိမ်းတွေလို ကြည့်နေမိပါတယ်။ အဲဒီအခါမှ ဘာပြော လာသလဲဆိုတော့...။ ဆရာမက မမှတ်မိလို့ပါ...။ ကျွန်တော်တို့ လှည်းဘေး စက်ဘီးနဲ့ ဖြတ်တုန်းကလည်း ဒီမျောက်ပဲ ဆရာမပေါ် ခုန်ချလိုက်တာပါ...။

ဆရာမက သတိလစ်နေလို့ ကျွန်တော်တို့ကို မသိလိုက်တာပါတဲ့...။

" ဟင်... ဒီမျောက်ကလေးပဲလား... မလုပ်ပါနဲ့ရှင်... မရိုက်ပါနဲ့ မရိုက်ပါနဲ့ "

ခင်ဖုန်း လက်ကို ဆွဲထားတာ ဖြည်လို့လည်း မရရော ပိုင်ရှင်လူကြီးက မျောက်ကို ဒုတ်ချောင်းနဲ့ ရိုက်ပါလေရော...။ မျောက်ကလေးက နာကျင်လွန်းလို့ ထင်ပါရဲ့... ဆွဲခေါ်တဲ့ နောက်ကို ပါသွားပါတော့တယ်...။

" တခြားလူတွေကို ဒီလိုမဟုတ်ပါဘူး.. ဆရာမရယ်



ဆရာမကျမှပါ... ဟော... သား... မင်းသေချာဆွဲထားလေ "

မျောက်ကလေးက သားကလေးရဲ့ လက်က ပြန်လွတ် ရင်းပဲ ပြေးလာပြီ... ခင်ဖုန်း လက်ကို ဆွဲပြန် တော့တာ...။ လက်ကို ဆွဲပြီးတော့ ခင်ဖုန်းလက်ကို ရှေ့က နောက်... လှုပ်ရမ်းပြီးနေတော့တာ...။

" ဟင် မောင်ထွန်းသာ "

လွတ်ခနဲ သတိတရ ဖြစ်သွားတော့တာပါလား။ ခုလိုမျိုး ခင်ဖုန်း လက်ကို ဆွဲယမ်းပြီး ရှေ့တိုးနောက်ငင် လှုပ်ရှား တတ်သော မောင်ထွန်းသာရဲ့ အပြုအမူ...။ သတိရသွားပြီးတော့ မျောက်ကလေးကို ကြည့်နေမိပါပြီ။

" ဒီမျောက်ကလေးကို ဘယ်က ရလာတာလဲ..."

" တောင်ညိုမြို့နယ်မှာ ကျွန်တော်တို့ရွာ ရှိတယ်... အဲဒီက ဖမ်းလာတာပါ..."

" ခင်ဖုန်း မျောက်ကလေး တန်ဖိုး ပေးပါ့မယ်... ဘေးမဲ့ ပြန်လွှတ်ပေးပါလားဟင်..."

" ဆရာမ လိုချင်တာလား..."

" အိမ်မှာ သားလေးရှိလို့ မမွေးချင်ပါဘူး... ဒါပေမယ့် သနားလို့ တောထဲပြန်ချင် ပြန်ပါစေ... လွှတ်ချင်လို့ပါ... တန်ဖိုးပေးပါ့မယ်..."

ခင်ဖုန်း ဒီလိုပြောလိုက်တော့ သူတို့လည်း ဘာလုပ်ရမှန်း မသိ...။

မင်းမင်းလည်း ဒီလို သနားမိလို့ မျောက်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



မြင်ရင် ဝယ်လာတာ ထင်ပါရဲ့လေ...။ မျောက်ပိုင်ရှင်တွေက ခင်ဖုန်း ပြောလိုက်တော့ ငွေအနည်းငယ် လက်ခံပြီးတော့ လွှတ်ပေးလိုက်မယ် ပြောပါတယ်...။

" ဆရာမပဲ လွှတ်ပေးလိုက်ပါလား..."

အဲလို ပြောပြီး မျောက်ကလေးမှာ ချည်ထားတဲ့ ကြိုးကို ဖြုတ်ပေးတော့တာ...။ ပြီးတော့ မောင်းထုတ်ပေးလိုက်တယ်...။ ဈေးတန်းထဲ ပြေးထွက်သွားပြီး ဘေးနားက သစ်ပင်ပေါ် ပြေးတက်သွားပြီ။

ဘာပဲဖြစ်ဖြစ် မျောက်ကလေး လွှတ်လပ်သွားပြီပဲ...။ လှည်းပေါ်ကနေလည်း ခင်ဖုန်းပေါ် ခုန်ချလာတာ...။ မဟုတ်နိုင်ပါဘူး မောင်းထွန်းသာ ဘယ်လိုမှ မဖြစ်နိုင်...။ ဒီလိုပြောပြီး ဈေးဝယ်ပြီး အိမ်ဘက် ပြန်လျှောက်ခဲ့ပါတယ်...။

ဈေးနဲ့အိမ် ဘာဝေးတာလိုက်လို့... လျှောက်လာခဲ့ရင်းမှ... နောက်ဖက်ကို စိတ်မလုံသလို လှည့်ကြည့်လိုက်တဲ့အခါ... ဟင်... မျောက်ကလေးက လိုက်လာနေတာပါလား...။

" ဟယ်... လိုက်မလာနဲ့လေ သွား... သွား "

ခြေထောက်စောင့်ပြီး အတင်းပြန်မောင်း ပစ်လိုက်တယ် မောင်းလိုက်ရင် တော်တော်လှမ်းလှမ်းထိ ပြေးသွားလိုက်... ခင်ဖုန်း ပြန်လှည့်လျှောက်ရင် ပြန်ပါလာလိုက်...။

ဩော်... ဒုက္ခပဲ ဘယ်လိုဖြစ်နေပါလိမ့်...။ အိမ်ရှေ့နားမှာ ရောက်နေပြီ...။ ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေတယ်...။

" သား လင်းမင်းလေး... မေမေက လာမှာပေါ့



သားရဲ့... ဟော့ကောင်... ဟာ. ဒီကောင်လေးဟာလေ..."

ကြည့်ရတာတော့ ကိုဝင်းမွန်တို့ သားအဖက ခင်ဖုန်း ဈေးအပြန် အိမ်ရှေ့မှာ ထွက်ကြို နေတတ်တာကိုး။ လင်းမင်းလေးက ဒယိမ်းဒယိုင်သာ ဆိုတယ် ခင်ဖုန်းကို မြင်တော့ ပြေးလာပါပြီ...။ ကိုဝင်းမွန်ကတော့ သူ့သားလဲမှာ စိုးရိမ်တာမို့... နောက်က လိုက်လာတယ်...။

" ဟယ်... ဟယ်... မျောက်ကလေး မျောက်ကလေး..."

မျောက်ကလေးဟာ ဖျတ်ခနဲဆို ခင်ဖုန်းဘေးက ဖြတ်ထွက်ပြီးတော့ လင်းမင်းဆီ ပြေးပါလေရော...။ လင်းမင်းကလည်း ပြေးလာနေပြီ...။ စိုးရိမ်စိတ်ကြောင့် ခင်ဖုန်း အပြေးလျှောက်ရပါပေါ့...။

" ဟင် "

ခြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ခင်ဖုန်း နေရာမှာတင် ရပ်သွားမိပါပေါ့...။ မျောက်ကလေးဟာ လင်းမင်းကို သေချာ ကျနကို ဖက်တော့တာ...။ လင်းမင်းကလည်း မအော်မငို မရုန်းတဲ့အပြင် မျောက်ကလေးကို ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားပါတယ်...။

မမျှော်လင့်ထားပါသော ဒီမြင်ကွင်းကို ကြည့်ရင်း... ဘာတွေလဲလို့ကို မထင်ရက်တော့စွာ... မျက်ရည်တွေက ပါးပြင်ပေါ် အလိုလို ကျလာပါတယ်...။

မျောက်ကလေးနဲ့ လင်းမင်းဟာ တစ်ယောက်နဲ့ တစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ပြီး မွှေ့ရမ်းနေတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



လင်းမင်း ရယ်နေတာကို မြင်ရပြီး...။

ခင်ဖုန်း မျက်လုံးတွေက ဟိုးအဝေး တောင်တန်းကြီးဆီက ဘုရားဖြူဖြူလေးဆီ ရောက်သွားပြီးတဲ့အခါမှာတော့... မျက်လုံးတွေစုံ မှိတ်လိုက်မိရင်းမှ... တီးတိုးသာ ရေရွတ်လိုက်မိပါတော့တယ်...။

" သံသရာတစ်ကွေ့ကိုတော့ ကြောက်လှပါပြီ ဘုရား..."

ရှည်လျားသော လမ်း..

ကွေ့ကောက်သောလမ်း... မထင်မှတ်သော လမ်း..။

အချိုးအဆစ်များသော လမ်း... တစ်နေ့ ခင်ဖုန်းလည်း လျှောက်ကို လျှောက်ရဦးမည့်...

ခရီးကြမ်းကြမ်း လမ်းရှည်ရှည်...။

သုနန္ဒဝိုင်းသက်ဝေ

BURMESE CLASSIC .com

www.burmeseclassic.com